ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မမြဲသောသဘောတို့ကိုသိ**

စွန့်ပစ်အပ်သော ဤခန္ဓာကိုယ်သည် အဘယ်မှာလျှင် နှစ်သက်မွေ့လျော်ဖွယ်ရှိအံ့နည်း။ ဤခန္ဓာကိုယ်ကို စွဲ၍ ရာဂတို့ဖြစ်ခြင်းသည် မလျောက်ပတ်လေစွတကား။ (ခန္ဓာကိုယ်သည် မမြဲသောသဘော၊ အနှစ်မရှိသောသဘောတို့ကိုသိအောင် စဉ်ဆက်မပြတ် ကျင့်ကြံအားထုတ်ရာ၏။) ဇရာဝဂ်(ဓမ္မပဒ-၁၄၉)

၁၃၇၉ ခုနှစ် တန်ခူးလဆန်း ၂ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 29 March 2017 (၈၈၈၀)

# NCA အောင်မြင်ခြင်းသည် ငြိမ်းချမ်းရေးဖြစ်စေရန် အောင်မြင်ခြင်းဖြစ်ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် အတူတကွ သန္နိဋ္ဌာန်ချလိုက်ခြင်းဖြစ်



## * အမုန်တကယ်ဆန္ဒရှိလျှင် ငြိမ်းချမ်းရေးကြိုးပမ်းမှု မအောင်မြင်စရာအကြောင်းမရှိ
## * မိမိတို့အနေဖြင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်မည့် အခြေခံမှုများကို ချမှတ်ပေးရမည်

နေပြည်တော် မတ် ၂၈

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ သွားရောက်ပြီး မြစ်ကြီးနားမြို့ရှိ ကချင်လူထုအဖွဲ့အစည်းခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအကျိုးဆောင်အဖွဲ့တို့နှင့် သီးခြားစီတွေ့ဆုံပြီး ခတ်ချိုတိုက်ပွဲရှောင်စခန်း၊ KBC မိုင်းနားတိုက်ပွဲရှောင်စခန်း၊ လန်ဆယ်ရေဘေးကယ်ဆယ်ရေးစခန်းနှင့် ပြည်လုံးချမ်းသာပရဟိတဂေဟာတို့ကို သွားရောက်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြစ်ကြီးနားမြို့ Palm Spring Hotel ၌ ကချင်လူထုအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။ ဓာတ်ပုံ - (မြန်/ဆက်)




**ပြည်သူ့အတွက် ပထမတစ်နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို(၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် မိသားစုဝင်များ တပ်မတော်ဆေးရုံများအတွက် အလှူငွေ ပေးအပ်လှူဒါန်း

**နေပြည်တော် မတ် ၂၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် မိသားစုဝင်များက ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်ဆေးရုံများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီး၌ ကျင်းပသည်။ **(ယာပုံ)**




အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုလှူဒါန်းမှုသည် တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်ဆေးကုသမှု ခံယူနေကြသော တပ်မတော်သားများနှင့် မိသားစုဝင်များ၊ တပ်မတော်ကို အမှီပြု၍ ဆေးဝါးကုသမှုခံယူနေကြသူများအတွက် လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ ယခုလှူဒါန်းသည့် ငွေများအား ဗီယက်နမ်နိုင်ငံ Viettel Global Investment JSC ကုမ္ပဏီမှ Mytel Brand Name ရွေးချယ်ပေးမှုအတွက် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ Mytel သည် မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ Star High Co.,Ltd.၊ Viettel Global Investment JSCနှင့် ပုဂ္ဂလိကအများပိုင်ကုမ္ပဏီဖြစ်သည့် Myanmar National Telecom Holding Public Limited တို့ပေါင်းစည်းထားသော Myanmar National Tele Communication Co.,Ltd. အနေဖြင့် မြန်မာနိုင်ငံ၏ စတုတ္ထအော်ပရေတာအဖြစ် GSM Networkကို တရားဝင်လုပ်ကိုင်ခွင့်ရရှိသည့် Brand Name ဖြစ်ကြောင်း၊ ထိုသို့ Mytel Brand Name ကို ရွေးချယ်ပေးခဲ့မှုအတွက် Viettel Global Investment JSC ကုမ္ပဏီမှ ဂုဏ်ပြုချီးမြှင့်ပေးအပ်သော ငွေမှ အခွန်ဆောင်ပြီး ကျန်ငွေအားလုံးကို မိမိတို့မိသားစုက ယခုကဲ့သို့ ပြန်လည်လှူဒါန်းခြင်းဖြစ်ကြောင်း၊ လှူဒါန်းငွေများကိုလည်း ကင်ဆာရောဂါ၊ နှလုံးရောဂါနှင့် မျက်စိရောဂါကုသမှုများအတွက် ဦးစားပေးသုံးစွဲစေလိုကြောင်း၊ ယင်းရောဂါဝေဒနာရှင်များအတွက် အတိုင်းအတာတစ်ခုအထိ အသက်ကယ်ဆယ်နိုင်မှု၊ လူမှုစီးပွားအထောက်အကူပြုမှု ရရှိနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် မိသားစုဝင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် စိုးဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ လူဦးရေသည် ၂၀၅၀ ခုနှစ်တွင် ၆၅ သန်းခန့် ဖြစ်လာမည်

**နေပြည်တော် မတ် ၂၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနသည် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များကို အခြေခံ၍ လူဦးရေခန့်မှန်းခြင်း သုတေသနစာတမ်းကို မတ် ၂၄ ရက်က ထုတ်ပြန်ကြေညာသည်။

အဆိုပါစာတမ်းတွင် ပြည်ထောင်စု၊ မြို့ပြနှင့် ကျေးလက်အဆင့် လူဦးရေကို ၂၀၁၅ ခုနှစ်မှ ၂၀၅၀ ခုနှစ်အထိလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်ကို ၂၀၁၅ ခုနှစ်မှ ၂၀၃၁ ခုနှစ်အထိလည်းကောင်း ခန့်မှန်းတွက်ချက်ထားသည်။ မြန်မာနိုင်ငံ၏လူဦးရေကို လူဦးရေတိုးနှုန်းအနိမ့်၊ အလယ်အလတ်နှင့်အမြင့်စသည့် အဆင့်(၃)ဖြင့် ခန့်မှန်းတွက်ချက်ထားပြီး အလယ်အလတ်အဆင့် ခန့်မှန်းတွက်ချက်မှုအရ မြန်မာနိုင်ငံ၏လူဦးရေသည် ၂၀၅၀ ခုနှစ်တွင် ၆၅ ဒသမ သုည သန်းခန့်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ၂၀၁၅ ခုနှစ်မှ ၂၀၃၁ ခုနှစ်အတွက် လူဦးရေကို တိုးနှုန်းအလယ်အလတ်အဆင့်ဖြင့် ခန့်မှန်းတွက်ချက်ရာတွင် ၂၀၃၁ ခုနှစ်၌ ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေ ၁၀ ဒသမ ၅ သန်းခန့်နှင့် မန္တလေးတိုင်းဒေသကြီးတွင် လူဦးရေ ၇ ဒသမ ၂ သန်းခန့် ရှိလာမည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ နေပြည်တော်နှင့် ရှမ်းပြည်နယ်တို့သည် လူဦးရေတိုးပွားမှု မြင့်မားသောဒေသများဖြစ်လာပြီး ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့သည် လူဦးရေတိုးပွားမှု အနည်းဆုံးဒေသများဖြစ်လာနိုင်ကြောင်းနှင့် ကျန်တိုင်းဒေသကြီး/ပြည်နယ်များတွင် လူဦးရေတိုးပွားမှု ပုံမှန်သာရှိမည်ဖြစ်ကြောင်း ခန့်မှန်းရရှိသည်။

ဤစာတမ်းကိုလေ့လာခြင်းအားဖြင့် အနာဂတ်တွင် မြန်မာနိုင်ငံ၌ ဖြစ်ပေါ်လာမည့် လူဦးရေအရွယ်အစား၊ ဖွဲ့စည်းပုံနှင့်ကျား/ မ အချိုး စသည်တို့ကို သိရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်အဆင့် မူဝါဒများချမှတ်ခြင်း၊ သယံဇာတနှင့်အရင်းအမြစ်များကို စီမံခန့်ခွဲခြင်း၊ သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ အခြားဝန်ဆောင်မှု လုပ်ငန်းများနှင့် သုတေသနဆိုင်ရာ လုပ်ငန်းများတွင် အထောက်အကူဖြစ်စေနိုင်မည်ဖြစ်သည်။ ယခုထုတ်ပြန်သည့် သုတေသနစာတမ်းအပါအဝင် သန်းခေါင်စာရင်းဆိုင်ရာ ထုတ်ပြန်မှုများနှင့် ပတ်သက်၍ ပြည်သူ့အင်အားဦးစီးဌာန ဝက်ဘ်ဆိုက် www.dop.gov.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ မောင်တောဒေသသို့ သတင်းရယူရန် ထွက်ခွာ

**ရန်ကုန် မတ် ၂၈**

ပြည်တွင်း၊ ပြည်ပမီဒီယာများပါဝင်သည့် သတင်းအဖွဲ့သည် ရခိုင်ပြည်နယ် မောင်တောဒေသသို့ သတင်းရယူရန်အတွက် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် စစ်တွေမြို့သို့ ထွက်ခွာသွားသည်။



ရခိုင်ပြည်နယ် မောင်တောဒေသတွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုပြုလုပ်ရန် ထပ်မံကြံစည်မှုနှင့်ပတ်သက်ပြီး ဖော်ထုတ်တားဆီးခဲ့မှု၊ အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ပွားခဲ့မှုကြောင့် နေရပ်မှ ထွက်ခွာတိမ်းရှောင်သွားသူများ ပြန်လည်ဝင်ရောက်လာမှု၊ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းနှင့် ပြန်လည်နေရာချထားရေးဆောင်ရွက်နေမှု၊ ငါးဖမ်းလုပ်ငန်း ၊ နယ်စပ်လူဝင်/လူထွက်နှင့် တစ်ဖက်နိုင်ငံသို့ ကုန်ပစ္စည်းများ ပို့ဆောင်ရောင်းချမှု စသည့် မြေပြင်အခြေအနေတို့ကို ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးဆောင်သော ပြည်တွင်း၊ ပြည်ပ သတင်းအဖွဲ့တို့ မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်အထိ လွတ်လပ်စွာ သတင်းရယူကြမည်ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပမီဒီယာသတင်းအဖွဲ့တွင် တီဗွီအဆာဟိ၊ ဘီဘီစီ၊ ဗွီအိုအေ၊ အီးပီအေ၊ နိပ္ပွန်တီဗွီ၊ ဖူဂျီတီဗွီ၊ စင်ထရယ်နယူးဗျူရို၊ ဖရန်တီးယား မြန်မာ၊ ဧရာဝတီ၊ မြဝတီ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြန်မာအင်တာနေရှင်နယ်တီဗွီ၊ မြန်မာ့သတင်းစဉ်၊ မြန်မာ့အလင်းနှင့် ကြေးမုံတို့မှ သတင်းမီဒီယာ ၁၈ ဦးဖြင့် စုဖွဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အထွေထွေမန်နေဂျာ ဦးရဲနိုင် ဦးဆောင်၍ သွားရောက်သတင်းရယူကြမည်ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိလည်း ရခိုင်ပြည်နယ် မောင်တောဒေသသို့ ပထမအကြိမ် သွားရောက် သတင်းရယူခဲ့ကြသည်။ **(သတင်းစဉ်)**

# ပန်းလောင်းမြစ်ကူးတံတား ဖွင့်ပွဲကျင်းပ

**ကျောက်ဆည် မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ပနန်-ပန်ခွာ ကျေးရွာချင်းဆက် ပန်းလောင်းမြစ်ကူးတံတားဖွင့်ပွဲကို မတ် ၂၇ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်က တံတားတည်ဆောက်ခဲ့မှု အခြေအနေအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူ ဦးသောင်းထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက ပန်းလောင်းမြစ်ကူး ကွန်ကရစ်တံတားဆောင်ရွက်ပြီးစီးမှု မှတ်တမ်းအား ဒေသခံတစ်ဦးထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာစိုးသန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်နှင့် ဦးရဲမင်းထွန်းတို့က မြစ်ကူးတံတားကို ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာတိုင်ကို ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က စက်ခလုပ်နှိပ် ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက တံတားသစ်အားဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါတံတားသည် ယခင်က ပေ ၁၄၀ အရှည်ရှိသော သစ်သားတံတားတစ်စင်းဖြစ်ပြီး နှစ်ကာလကြာပြီး အန္တရာယ်ရှိနိုင်သည့်အတွက် ယခုအစိုးသစ်လက်ထက်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ အလျားပေ ၁၆၀၊ အကျယ် ၁၄ ပေ၊ အမြင့်ပေ ၂၀၊ သံကူကွန်ကရစ် Bole Pile များနှင့် မြေထိန်းနံရံချဉ်းကပ်လမ်း ပါဝင်ပြီး စုစုပေါင်း ကုန်ကျငွေကျပ် ၁၈၃ ဒသမ ၀၂၉ သန်းဖြင့် ပြန်လည်တည်ဆောက်ထားသော ကွန်ကရစ်ခင်း တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

**သက်မောင် (ကျောက်ဆည်)**



# နျူကလီးယားလက်နက် တားဆီးထိန်းချုပ်ရေးဆွေးနွေးပွဲ အင်အားကြီးနိုင်ငံများ မတက်ရောက်

**နယူးယောက် မတ် ၂၈**
နျူကလီးယားလက်နက်များ တရားဝင်တားဆီးထိန်းချုပ်ရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ဆွေးနွေးပွဲကို ကုလသမဂ္ဂတွင် တနင်္လာနေ့က ကျင်းပရာ နျူကလီးယား လက်နက်ပိုင်ဆိုင်ထားသည့် အင်အားကြီးနိုင်ငံကြီးများ တက်ရောက်ခြင်းမရှိခဲ့ပေ။

ငါးရက်ကြာကျင်းပမည့် ပထမအကျော့ဆွေးနွေးပွဲကို နိုင်ငံပေါင်း ၁၀၀ ကျော် ပါဝင်တက်ရောက်ခဲ့သည်။ ဖွင့်ပွဲနေ့တွင် တက်ရောက်လာသည့် ကိုယ်စားလှယ်များနှင့် အဏုမြူဗုံးဒဏ်ခံစားခဲ့ရပြီး အသက်ရှင်လွတ်မြောက်လာသူများက မိန့်ခွန်းများပြောကြားကြသည်။

လက်နက်ဖျက်သိမ်းရေးဆိုင်ရာ တာဝန်ခံ ဂျပန်သံအမတ်ကြီး နိုဘူရှိဂီ တာကာမီဇာဝါက အဆိုပါဆွေးနွေးပွဲသို့ ဂျပန်နိုင်ငံတက်ရောက်မည်မဟုတ်ကြောင်း ထုတ်ပြန်ကြေညာသည်။

လက်နက်ဖျက်သိမ်းရေးအတွက် နျူကလီးယားလက်နက်ပိုင်ဆိုင်ထားသည့် နိုင်ငံများနှင့် နျူကလီးယားလက်နက်မရှိသည့်နိုင်ငံများ ပူးပေါင်းဆောင်ရွက်သင့်သည်ဟု တာကာမီဇာဝါက ပြောကြားသည်။ ဂျပန်နိုင်ငံအနေဖြင့် အဆိုပါဆွေးနွေးပွဲသို့ အပြုသဘောဆောင်ပြီး စိတ်ရောကိုယ်ပါ တက်ရောက်ဆွေးနွေးရန် အခက်အခဲရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။



အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်နှင့် တောင်ကိုရီးယား အပါအဝင် နိုင်ငံပေါင်း ၂၀ မှ သံအမတ်ကြီးများက နျူကလီးယားလက်နက် တားဆီးထိန်းချုပ်ရေးစာချုပ်ကို ကန့်ကွက်သည့် ပူးတွဲကြေညာချက်တစ်စောင်ကို ထုတ်ပြန်ကြေညာခဲ့သည်။**(အပေါ်ပုံ)**

ကမ္ဘာကြီးရင်ဆိုင်နေရသည့် လုံခြုံရေးခြိမ်းခြောက်မှုကို ယင်းဆွေးနွေးပွဲတက်ရောက်သူများ အမှန်တကယ်နားလည်သဘောပေါက်ပါရဲ့လားဟု ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး နစ်ကီ ဟယ်လေက မေးခွန်းထုတ်ခဲ့သည်။

ပါဝင်တက်ရောက်သည့်နိုင်ငံများနှင့် အဏုမြူဗုံးဒဏ်မှ အသက်ရှင်လွတ်မြောက်လာသူများက နျူကလီးယားဖျက်သိမ်းရေးကန့်ကွက်ပြီး ဆွေးနွေးပွဲသို့မတက်ရောက်သည့် အဏုမြူဗုံးဒဏ်ခံစားခဲ့ရသော ဂျပန်နိုင်ငံကို ပြစ်တင်ဝေဖန်ခဲ့ကြသည်။ **အင်န်အိတ်ချ်ကေ။**

# မြောက်ကိုရီးယားက ဒုံးပျံအင်ဂျင်စမ်းသပ်ဟု အမေရိကန်တာဝန်ရှိသူများ ပြောကြား

**ဝါရှင်တန် မတ် ၂၈**
မြောက်ကိုရီးယားနိုင်ငံသည် ဒုံးပျံအင်ဂျင်စမ်းသပ်မှုတစ်ခု ပြုလုပ်ခဲ့ကြောင်း၊ ယင်းမှာ တိုက်ချင်းပစ်ပဲ့ထိန်းဒုံးပျံ တည်ဆောက်ရေး အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်ဖွယ်ရှိကြောင်း အမေရိကန်တာဝန်ရှိသူများက ရိုက်တာသတင်းဌာနသို့ မတ် ၂၇ ရက်တွင် ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံက မတ်လအစောပိုင်းတွင် ဒုံးပျံအင်ဂျင်စမ်းသပ်မှုတစ်ခုပြုလုပ်ခဲ့ပြီးနောက် ယခုတစ်ကြိမ်ထပ်မံစမ်းသပ်ခြင်းဖြစ်သည်။ ယင်းမှာ မြောက်ကိုရီးယားက ပဲ့ထိန်းဒုံးကျည်လက်နက်စနစ် နည်းပညာတိုးတက်ရေးအတွက် ရည်ရွယ်လုပ်ဆောင်သည့် လက္ခဏာတစ်ခုလည်း ဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်စမ်းသပ်မှုများနှင့် အဏုမြူစမ်းသပ်ဖောက်ခွဲမှုများ ထပ်တလဲလဲ ပြုလုပ်ခဲ့ခြင်းအတွက် အမေရိကန်က စိုးရိမ်သောကပွားနေချိန်တွင် ဒုံးပျံအင်ဂျင်စမ်းသပ်မှု ပြုလုပ်ခြင်းဖြစ်သည်။

တိုက်ချင်းပစ်ပဲ့ထိန်းဒုံးပျံ(အိုင်စီဘီအမ်)တွင် တပ်ဆင်အသုံးပြုဖွယ်ရှိသော ဒုံးပျံအင်ဂျင်ကို မတ် ၂၃ ရက်



ညပိုင်းက စမ်းသပ်မှုပြုလုပ်ခဲ့ကြောင်း အမည်မဖော်သူ အမေရိကန်တာဝန်ရှိသူများက ပြောကြားကြသည်။

တွန်းကန်အားမြင့်မားသည့် ဒုံးပျံအင်ဂျင်သစ်ကို ယခုလအစောပိုင်းတွင် တုန်ချန်း-ရီ ဒုံးပျံလွှတ်တင်ရေးစခန်းတွင် ပြုလုပ်ခဲ့ကြောင်း၊ ယင်းစမ်းသပ်မှုသည် မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးပျံစက်မှုလုပ်ငန်းကို မွေးဖွားမှုအသစ်ဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားခဲ့သည်။ **ရိုက်တာ။**

# တောင်တရုတ်ပင်လယ်ရှိ ကျွန်းတုများပေါ်တွင် တရုတ်နိုင်ငံက စစ်လေယာဉ်များ ဖြန့်ကြက်ဖွယ်ရှိဟုဆို

**ဝါရှင်တန် မတ် ၂၈**
တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံက တည်ဆောက်ခဲ့သော ကျွန်းတုများပေါ်တွင် စစ်ဘက်ဆိုင်ရာ အခြေခံအဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းမှာ ပြီးစီးလုနီးအနေအထား၌ ရှိနေပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ယင်းကျွန်းတုများပေါ်တွင် တိုက်ခိုက်ရေး



စစ်လေယာဉ်များနှင့် စစ်ဘက်ဆိုင်ရာ ယန္တရားများကို အချိန်မရွေး ဖြန့်ကြက်နိုင်စွမ်းရှိကြောင်း အမေရိကန်မဟာဗျူဟာလေ့လာရေး သုခမိန်အဖွဲ့တစ်ဖွဲ့က ပြောကြားလိုက်သည်။

တရုတ်နိုင်ငံသည် ဖယ်ရီခရော့စ်၊ ဆူဘီနှင့် မစ္စချိဖ်ကျောက်တန်းဒေသ၌ စစ်ဘက်ဆိုင်ရာ အခြေခံအဆောက်အအုံတည်ဆောက်မှု ပြုလုပ်ခဲ့ရာတွင် ရေတပ်၊ လေတပ်၊ ရေဒါနှင့် ကာကွယ်ရေးဆိုင်ရာ အဆောက်အအုံများပါဝင်ကြောင်း ဝါရှင်တန်အခြေစိုက် မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနအောက်ရှိ အာရှပင်လယ်ရေကြောင်း ပွင့်လင်းမြင်သာရေးအစီအစဉ်၏ သုခမိန်များက ထုတ်ဖော်ပြောဆိုသည်။

ဖယ်ရီခရော့စ်နှင့် ဆူဘီကျွန်းပေါ်တွင် ရေဒါကောင်းကင်တိုင်(ဧရိယာတိုင်)သစ် စိုက်ထူထားသည်ကို တွေ့မြင်ရကြောင်း ဂြိုဟ်တုဓာတ်ပုံများကို ကိုးကားလျက် သုခမိန်အဖွဲ့အကြီးအကဲ ညွှန်ကြားရေးမှူး ဂရတ်ပိုလင်က ပြောကြားသည်။

သို့ရာတွင် တောင်တရုတ်ပင်လယ်ပြင်အတွင်း စစ်ရေးတည်ဆောက်မှုပြုလုပ်နေသည်ဆိုသော အမေရိကန်၏ စွပ်စွဲချက်များကို တရုတ်နိုင်ငံက ငြင်းဆိုခဲ့သည်။ သို့ဖြစ်စေကာမူ ပင်လယ်ရေကြောင်းသွားလာမှု လွတ်လပ်ခွင့်ရှိရေးအတွက် ပိုင်နက်အငြင်းပွားရေပြင်ရှိ ကျွန်းများပေါ်တွင် ကာကွယ်ရေးလုပ်ငန်းသုံးကိရိယာများကို တပ်ဆင်ခဲ့သည်ဟု တရုတ်ဝန်ကြီးချုပ် လီခချန်းက လွန်ခဲ့သည့်ရက်သတ္တပတ်က ပြောကြားခဲ့သည်။ **ရိုက်တာ။**

# စွမ်းအင်လိုအပ်ချက်ကြီးထွားနေသော အိန္ဒိယသို့ အမေရိကန်က သဘာဝဓာတ်ငွေ့တင်ပို့ရောင်းချဖွယ်ရှိ

**ဝါရှင်တန် မတ် ၂၈**
စွမ်းအင်လိုအပ်ချက်ကြီးထွားနေသော အိန္ဒိယနိုင်ငံသို့ သဘာဝဓာတ်ငွေ့တင်ပို့ရောင်းချရေးနှင့်ပတ်သက်၍ အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ အစိုးရအဖွဲ့က ခွင့်ပြုပေးမည်ဟု မျှော်လင့်ရကြောင်း အမေရိကန် အထက်တန်းတာဝန်ရှိသူတစ်ဦးက မတ် ၂၈ ရက်တွင် ပြောကြားသည်။

စွမ်းအင်ကဏ္ဍသည် အမေရိကန်-အိန္ဒိယ ပူးပေါင်းဆောင်ရွက်ရေးတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လာမည်ဟု အမေရိကန်တာဝန်ရှိသူက အလေးအနက်ပြုပြောကြားသည်။

ယခင် အမေရိကန်သမ္မတ ဘာရက်အိုဘားမား၏ ရာသီဥတုပြောင်းလဲမှုထိန်းညှိရေးဆိုင်ရာ မူဝါဒအား ပြန်လည်ဖျက်သိမ်းမည့် ညွှန်ကြားချက်တစ်ရပ်ကို သမ္မတထရန့်က လက်မှတ်ရေးထိုးတော့မည့် အနေအထားတွင် ရှိနေစဉ် အမည်မဖော်သူ အမေရိကန်တာဝန်ရှိသူက အထက်ပါအတိုင်း သုံးသပ်ပြောကြားသည်။

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပါရီသဘောတူညီချက်နှင့်ပတ်သက်၍ ထရန့်၏ အစိုးရအဖွဲ့က ကတိကဝတ်ပြုရန် ယခုအချိန်အထိ မည်သည့်ဆုံးဖြတ်ချက်ကိုမျှ ချမှတ်ထားခြင်း မရှိသေးကြောင်း၊ အလားတူပင် သန့်ရှင်းသောစွမ်းအင်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ထိန်းညှိရေးကိစ္စရပ်များနှင့်ပတ်သက်၍ အိန္ဒိယအပါအဝင် မည်သည့်နိုင်ငံနှင့်မျှလည်း သဘောတူညီမှုရယူထားခြင်းမရှိသေးကြောင်း တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

သို့ရာတွင် စွမ်းအင်ကဏ္ဍသည် အိန္ဒိယနှင့် အမေရိကန်အကြား အဓိကကျသည့် ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်တစ်ရပ်ဖြစ်လာဖွယ်ရှိကြောင်း တာဝန်ရှိသူက ပြောကြားသည်။

အိန္ဒိယ ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဒါမင်ဒရာ ပရာဒန်သည် ယခုလအတွင်း အမေရိကန်သို့ သွားရောက်ခဲ့ပြီး အမေရိကန်စွမ်းအင်ဝန်ကြီး ရစ်ပယ်ရီနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ အမေရိကန်ထံမှ သဘာဝဓာတ်ငွေ့ရည် ဝယ်ယူတင်သွင်းဖွယ်ရှိမှုနှင့်ပတ်သက်၍လည်းကောင်း၊ စွမ်းအင်ကဏ္ဍတွင် အိန္ဒိယ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးနှင့်ပတ်သက်၍လည်းကောင်း ဝန်ကြီးနှစ်ဦးဆွေးနွေးခဲ့ကြသည်။

အမေရိကန်က အိန္ဒိယသို့ သဘာဝဓာတ်ငွေ့ရည် တင်ပို့ရောင်းချမှုကို လာမည့်နှစ် အစောပိုင်းမှစတင်၍ ပြုလုပ်ဖွယ်ရှိသည်ဆို၏။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးကို မြှင့်တင်လျက်ရှိချိန်တွင် စွမ်းအင်လိုအပ်ချက်အတွက် အမေရိကန်နှင့် အကျိုးတူပူးပေါင်းမည်ဖြစ်ကြောင်း ဝန်ကြီးပယ်ရီက ပြောကြားသည်။ **ပီတီအိုင်။**

# ယီမင်တွင် ကလေးငယ် ၁၅၀၀ ကျော် သေဆုံးခဲ့ရသည်ဟု ယူနီဆက်ဖ် ပြော

**နယူးယောက် မတ် ၂၈**
လွန်ခဲ့သည့်နှစ်အတွင်း ယီမင်နိုင်ငံတွင်ဖြစ်ပွားသည့် စစ်ပွဲများအတွင်း ကလေးသူငယ် ၁၅၀၀ ကျော် သေဆုံးခဲ့ရသည်ဟု ကုလသမဂ္ဂ နိုင်ငံတကာကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)က မတ် ၂၇ ရက်တွင် အစီရင်ခံစာတစ်စောင် ထုတ်ပြန်သည်။ ယီမင်နိုင်ငံတွင်ဖြစ်ပွားသည့် ပဋိပက္ခများသည် သုံးနှစ်ထဲသို့ ရောက်ရှိလာပြီဖြစ်သည်။

ယီမင်နိုင်ငံ၌ ၂၀၁၅ ခုနှစ်တွင် အစိုးရကိုဆန့်ကျင်သည့် ဟူသီသူပုန်တပ်ဖွဲ့များက သမ္မတ မန်ဆော ဟာဒီကို ဖယ်ရှားခဲ့သည့်အတွက် တိုက်ပွဲများဖြစ်ပွားခဲ့သည်။ အိမ်နီးချင်း ဆော်ဒီအာရေဗျနိုင်ငံက ကြားဝင်စွက်ဖက်ပြီး အစိုးရပြန်လည်ရပ်တည်နိုင်ရန် ကြိုးပမ်းပေးလျက်ရှိသည်။

ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာအရ လွန်ခဲ့သည့်နှစ်အတွင်း ကလေးသူငယ် ၁၅၄၆ ဦး သေဆုံးခဲ့ရပြီး ၂၀၁၅ ခုနှစ်ကထက် ၇၀ ရာခိုင်နှုန်းမြင့်တက်လာသည်ဟုဆိုသည်။ ကလေးသူငယ် ၂၄၅၀ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ယောက်ျားလေး ၁၅၇၂ ဦးသည် တိုက်ပွဲများအတွင်း တပ်သားသစ်များအဖြစ် စုဆောင်းခံခဲ့ရသည်။ အဆိုပါအရေအတွက် နှစ်ခုလုံးသည်လည်း ၂၀၁၅ ခုနှစ်ကထက် ၈၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး အခြေအနေပိုမိုဆိုးရွားလာသည်ကို ဖော်ညွှန်းနေသည်။

အာဟာရချို့တဲ့နေသည့် ကလေးငယ် ငါးသိန်းနီးပါးခန့်အတွက်လည်း စားနပ်ရိက္ခာပြတ်လပ်နေသည်ဟု အဆိုပါအစီရင်ခံစာက သတိပေးထားသည်။ ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသည့် အဖွဲ့အစည်းအသီးသီးအနေဖြင့် ငတ်မွတ်ခေါင်းပါးမှုဘေးဒုက္ခမှ ယခုချက်ချင်းရှောင်လွှဲကြရန် လိုအပ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ။**

## တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည်အရှင်မြတ်များအား ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပမည်

**နေပြည်တော် မတ် ၂၈**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနား ကို ၁၃၇၉ ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက် (မေ ၁၉ ရက်) (သောကြာနေ့) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ စာအောင်သာသနာ့အာဇာနည်အရှင်မြတ်များသည် မေ ၁၈ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်သို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်ထားသည်။

ပထမဆုံး တိပိဋကဓရ တိပိဋကကောဝိဒကို ၁၃၁၅ (၁၉၅၃)ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး မိုးမိတ်ကုန်းမြေ မင်းကွန်းဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသက ရရှိတော်မူခဲ့ပြီးနောက် (၆၄)နှစ်ကြာကာလတွင် ၁၃၇၈(၂၀၁၇)ခုနှစ် (၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် (၁၄)ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်တစ်ပါး ပေါ်ထွန်းလာသဖြင့် သာသနာတော်အတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာဖြစ်ပါသည်။ ယင်း တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်နှင့်အတူ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်တို့ကိုလည်းချီးကျူးပူဇော်မည့် အခမ်းအနားကြီးဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ စာထောက်စာမဆရာတော်များ၊ ပင့်သံဃာများနှင့် ယခုနှစ်တွင် ပြန်ဆို၊ ရေးဖြေအောင်မြင်တော်မူကြသော တိပိဋကဓရ တိပိဋကကောဝိဒတစ်ပါး၊ ဒီဃနိကာယကောဝိဒ တစ်ပါး၊ ဒီဃဘာဏက ရှစ်ပါး၊ ဝိနယကောဝိဒ ငါးပါး၊ ဝိနယဓရ ၁၇ ပါး၊ ဉဘတောဝိဘင်္ဂကောဝိဒ ၁၁ ပါး၊ ဉဘတောဝိဘင်္ဂဓရ ၄၇ ပါး စုစုပေါင်း စာအောင်သံဃာအပါး ၉၀ အပါအဝင် သံဃာတော်အပါး၂၆၀ တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသဖြင့် ကြွရောက်ကြည်ညိုကြရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကိုကြိုတင်၍ သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲ ဖုန်း-၆၅၂၇၉၄၊ ၆၆၄၅၇၈နှင့် ၆၆၄၄၆၅ တို့သို့ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဓမ္မာစရိယစာမေးပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၇ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို မတ် ၂၈ ရက် ( ဆဋ္ဌမနေ့ )၌ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၂ ဌာနတို့တွင် စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၃၇၉၇ ပါးအနက် ၁၀၀၁၅ ပါး ဖြေဆိုကြသဖြင့် ၇၂ ဒသမ ၅၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

## လူထုစည်းရုံးရေးမှူးများအား စွမ်းဆောင်ရည်မြှင့် သင်တန်းဖွင့်

**ငပုတော မတ် ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် လူထုဗဟိုပြုစီမံကိန်းဌာနက ပြုလုပ်သော လူထုစည်းရုံးရေးမှူးများအား စွမ်းရည်မြှင့်သင်တန်း အမှတ်စဉ်(၂)ကို မတ် ၂၈ ရက် နံနက် ၉ နာရီတွင် ငပုတောမြို့နယ် တောရဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျင်းပရာ တိုင်းဒေသကြီး စီမံကိန်းတာဝန်ခံ မြို့နယ်ဦးစီးမှူးနှင့် အမျိုးသားအဆင့်နည်းပညာအကြံပေးတို့က အမှာစကား ပြောကြားကြသည်။

သင်တန်းကာလမှာ ခြောက်ရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းတက်ရောက်ကြသော လူထုအစည်းအရုံးများနှင့် လက်ထောက်နည်းပညာမှူးများက ငပုတောမြို့နယ်အတွင်းရှိ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာ ၃၄၅ ရွာမှ ကော်မတီများကို ကျေးရွာစီမံခန့်ခွဲမှုသင်တန်းအား ပြန်လည်ပို့ချပေးခြင်းဖြင့် ကျေးရွာလူထုများ စွမ်းရည်မြင့်မားပြီး မိမိတို့ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ကောင်းစွာ စီမံခန့်ခွဲလာနိုင်ရေး ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်း တိုင်းဒေသကြီးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမျိုးအောင်၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူမင်း၊ စီမံကိန်းမှ အမျိုးသားအဆင့်နည်းပညာအကြံပေး ဒေါ်ခင်သီသီ၊ မြို့နယ်အဆင့်တာဝန်ခံ ဦးဝေလင်းမောင်၊ မြို့နယ်နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစိုးဇာနည်မော်၊ မြို့နယ်နည်းပညာရှင်များနှင့် သင်တန်းသား သင်တန်းသူများဖြစ်ကြသော လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများ စုစုပေါင်းအင်အား ၁၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာနိုင်ငံ ကင်းထောက်ရာပြည့်အထိမ်းအမှတ် အောင်မြင်စွာကျင်းပနိုင်ခဲ့မှုအတွက် ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၂၈**



မြန်မာကင်းထောက်ရာပြည့်အထိမ်းအမှတ်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ခဲ့မှုတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော အဖွဲ့အစည်းအသီးသီးနှင့် ပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ တက္ကသိုလ်များ စိန်ရတုခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံကင်းထောက်ကြီး သူရဦးတင်ဦး၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် ဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်၊ အမျိုးသား အမျိုးသမီး ကင်းထောက်ကြီးများ၊ ဌာနဆိုင်ရာမှ ပုဂ္ဂိုလ်များ၊ ကင်းထောက်ဖွဲ့စည်းပြီးသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ကင်းထောက်ဆရာ ဆရာမများ၊ ရာပြည့်အခမ်းအနားများတွင် ဂီတအနုပညာများဖြင့် ဖျော်ဖြေခဲ့ကြသော ကျောင်းသားကျောင်းသူများနှင့် ဆုရကျောင်းသားများ၊ ကင်းထောက်အဖွဲ့ဝင်လူငယ်မောင်မယ်များ၊ တက္ကသိုလ်ကင်းထောက်မောင်မယ်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ယင်းဂုဏ်ပြုပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ကင်းထောက်ကြီး သူရဦးတင်ဦးက မြန်မာကင်းထောက်နှစ်(၁၀၀)ပြည့် အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီဆောင်ရွက်ခဲ့ကြသည့် လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်းအသီးသီးတို့အား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ယခုဂုဏ်ပြုပွဲကို ဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း၊ ဂုဏ်ပြုပွဲမှတစ်ဆင့် မြန်မာကင်းထောက်လုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်နှင့်ပြည်သူတို့၏ ကူညီပံ့ပိုးမှုစွမ်းအားတို့အပြင် အလှူရှင်များ၊ ကင်းထောက်အဖွဲ့ဝင် လူငယ်မောင်မယ်များက တက်ညီလက်ညီ ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် ဥက္ကဋ္ဌ အမျိုးသား ကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့် မြန်မာနိုင်ငံ အမျိုးသမီး ကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်တို့က ဂုဏ်ပြုအမှာစကား ပြောကြားပြီး မြန်မာကင်းထောက်ရာပြည့် အခမ်းအနား ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ဎင်းနောက် မြန်မာနိုင်ငံ ကင်းထောက်ကြီး သူရဦးတင်ဦးက သက်ကြီးဝါရင့် ကင်းထောက်ကြီးများ ဖြစ်ကြသည့် ဆရာကြီး ဦးအေးကြည်(၉၄)နှစ်၊ ဆရာကြီးဒေါက်တာ ဦးသန်းဦး(၉၀)နှစ်တို့အား ဂုဏ်ပြုလက်ဆောင်များပေးအပ်ကာ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် ဥက္ကဋ္ဌ အမျိုးသား ကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ မြန်မာနိုင်ငံ အမျိုးသမီး ကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်၊ အမျိုးသား အမျိုးသမီးကင်းထောက်ကြီးများက မြန်မာကင်းထောက်နှစ်(၁၀၀)ပြည့် အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီဆောင်ရွက်ခဲ့ကြပြီး ကင်းထောက် တေးသီချင်းများ ရေးသားစပ်ဆိုပေးသည့် ဦးဉာဏ်ထွန်းဦး၊ အလင်္ကာကျော်စွာ ဟသ်ာတ ဦးမြင့်ငွေ၊ ဦးမြင့်စိန်၊ ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ကင်းထောက်အဖွဲ့ဝင် လူငယ်မောင်မယ်များ၊ တက္ကသိုလ် ကင်းထောက်မောင်မယ်များနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားတွင် ကင်းထောက်လူငယ်မောင်မယ်များက “ကင်းထောက်ဂုဏ်ရည်”၊ “ပြည်သူ့အတွက်အစဉ်အသင့်” တေးသီချင်းများဖြင့် ဂုဏ်ပြုသီဆိုကြသည်။

**(သတင်းစဉ်)**

## ○ ကျောဖုံးမှ

အိမ်ကွင်းတွင် ကစားရသောကြောင့် ပွဲစကတည်းက တိုက်စစ်ဖွင့် ကစားခဲ့ပြီး အရပ်အမောင်းမြင့်မားသည့် အိန္ဒိယအသင်းမှာ အမြင့်ဘောများဖြင့် ကစားခဲ့သည်။ ပထမပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး မြန်မာအသင်းက အခွင့်အရေးပိုရခဲ့သည်။ သို့သော် တိုက်စစ်မှူးများဖြစ်သည့် အောင်သူနှင့် ကျော်ကိုကိုတို့ အသုံးမချနိုင်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။ ပထမပိုင်းပြီးခါနီးတွင် အိန္ဒိယအသင်း ဂိုးရနိုင်သည့် အခွင့်အရေးပြန်ရခဲ့ပြီး မြန်မာဂိုးသမား သီဟစည်သူ ကာကွယ်နိုင်ခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။

ဒုတိယပိုင်းတွင် အိန္ဒိယအသင်းက ခံစစ်ကိုဦးစားပေးခဲ့ပြီး တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့သောကြောင့် မြန်မာအသင်း ပိုဖိကစားနိုင်ခဲ့သည်။ မြန်မာအသင်းသည် ရန်နိုင်ဦး၏ ညာခြမ်းမှ အဓိကတိုက်စစ်ဆင်ခဲ့ပြီး ဂိုးရနိုင်သည့် အခွင့်အရေးများ ဖန်တီးနိုင်ခဲ့သော်လည်း အဆုံးသတ်အားနည်းခဲ့သောကြောင့် ဦးဆောင်ဂိုးနှင့် လွဲချော်ခဲ့ရသည်။ မြန်မာအသင်းမှ အောင်သူ၊ ရန်အောင်ကျော်၊ ဇော်မင်းထွန်းတို့၏ ကန်သွင်းမှုများ လွဲချော်ခဲ့သလို ကျော်ကိုကို ၏ အပိုင်ခေါင်းတိုက်ဂိုးသွင်းမှု နှစ်ကြိမ်မှာလည်း ဂိုးမရခဲ့ပေ။ ပွဲပြီးခါနီးတွင် အိန္ဒိယအသင်း အနိုင်ဂိုးရရှိခဲ့ပြီး တန်ပြန်တိုက်စစ်မှ အသင်းခေါင်းဆောင်ချီသရီက သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဒုတိယပွဲအဖြစ် ဇွန် ၁၃ ရက်တွင် မကာအိုအသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွှန့်**

## သင်္ကြန်အကြိုကာလ မှုခင်းအသိပညာပေးဟောပြော

**ရန်ကုန် မတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မတ် ၂၂ ရက်ညပိုင်းတွင် ဗိုလ်တထောင်မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသက်နိုင်ထွန်းက သင်္ကြန်အကြိုကာလ မှုခင်းအသိပညာပေးဟောပြောပွဲပြုလုပ်ခဲ့ရာ ရပ်ကွက်နေပြည်သူ ၂၀ ခန့် တက်ရောက်ခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက ရဲတပ်ဖွဲ့အနေဖြင့် သင်္ကြန်ကာလမတိုင်မီ ဆေးဝါးရောင်းချသောဆိုင်များ၊ ယစ်မျိုးရောင်းချသောဆိုင်များအား သက်ဆိုင်ရာအဖွဲ့များနှင့်ပူးပေါင်း၍ စစ်ဆေးခြင်း၊ ဖမ်းဆီးအရေးယူခြင်းစသည့် ကြိုတင်ကာကွယ်မှုများဆောင်ရွက်ခြင်း၊ သင်္ကြန်ကာလအတွင်း ရေကစားသူများနှင့် ဉပုသ်သီတင်းဆောက်တည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး ပျော်ရွှင်စိတ်ချမ်းမြေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ အများပြည်သူများအား စိတ်အနှောင့်အယှက်နှင့် ဘေးအန္တရာယ်ဖြစ်စေမည့်သူများအား ဥပဒေနှင့်အညီအရေးယူဆောင်ရွက်ခြင်းများနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး ဟောပြောပွဲတက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

## ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများတိုးချဲ့တည်ဆောက်

**မင်းလှ မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် အုန်းပင်ပေါက်အုပ်စု အုန်းပင်ပေါက်ကျေးရွာတွင် ၁၁/၀ ဒသမ ၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ၁၁ ကေဗွီဓာတ်အားလိုင်း ပေ ၁၀၀၀ နှင့် ၄၀၀ ဗို့ဓာတ်အား၊ ပေ ၄၂၀၀ တိုးချဲ့ဆောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေဖြင့် မင်းလှမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်ဇော်ဦး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက တည်ဆောက်ခဲ့ရာ မတ် ၂၃ ရက်တွင် လုပ်ငန်းအားလုံး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ခြင်းအားဖြင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းပြီး ပြည်သူများ ဗို့အားပြည့်ဝစွာ သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(၄၉၇)**



အမှတ် (၇၂) အစုန် ရန်ကုန်-ပြည် အမြန်ရထား ရထားတွဲ အမှတ်(၅) ထိုင်ခုံအမှတ်(၄၅)တွင် မတ် ၂၂ ရက် ညပိုင်းက ပိုင်ရှင်မဲ့တွေ့ရှိသည့် Nan Xiang တံဆိပ် ဘီးတပ်သေတ္တာအိတ်အား ပိုင်ရှင်ဖြစ်သူထံဆက်သွယ်၍ ပြည်ရထားရဲစခန်း၌ ရဲတပ်ကြပ်ကြီး မောင်ဝင်းနှင့် မြန်မာ့မီးရထား တာဝန်ရှိသူတို့က ပြန်လည်ပေးအပ်စဉ်။

**(ရထားရဲတပ်ဖွဲ့)**

# နှစ်ကူးသင်္ကြန် ကောင်းညွန့်လျှံ မကျန်စုံလင် သမိုင်းဝင်ခေါင်းဆေးကျွန်း

**ဒေါက်တာမောင်ဖြေ**

"နှစ်သစ်ဦးတခါ ပန်းကံ့ကော်ရွှေရင်ခတ်ကယ်တို့၊ ဖူးပွင့်ချပ်စီလို့သာဖြာ၊ တည့်သုံးဖဝါးရိပ်ဆာယာမှာ၊ တူမကွာမောင်မယ်နွဲ့လို့၊ မြတ်သည့် ပွဲသင်္ကြန်တော်၊ တီးခြိမ့်ခြိမ့်ကြော်၊ ထီးကမ္ဘူရိပ်ပျော်ငယ်၊ ခေါင်းလျှော်တော် မူမြဲထင့်လေး --"

**(စာဆိုတော် ဦးပုည၏တန်ခူးလဘွဲ့တေးထပ်)**

တန်ခူးလ၏အလှထူးပုံကို ပါဠိအဘိဓာန်တွင် စိတ္တမာသောတု "ရမ္မက" မည်၏ဟု ဖွင့်ဆိုထား၏။ အဓိပ္ပာယ်မှာ အထူးထူးသော အပွင့်အသီးတို့ဖြင့် ရှုချင်စဖွယ်ကောင်းသောလ၊ သာယာကြည်နူးဖွယ်ကောင်းသောလဟု ဆိုအပ်၏။ တန်ခူးရေကုန် ကဆုန်ရေခန်း ဆိုစကားအရ မြစ်ချောင်းအင်းအိုင်တို့တွင် ရေများခန်းခြောက်တတ်၏။ သစ်ရွက်တို့ကြွေကာ အကိုင်းအခက်တို့သည် ရိုးတံကျဲကျဲဖြစ်လျက်ရှိ၏။ "တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး သင်္ကြန်မိုး"ဟူသော မိုးလင်္ကာနှင့်အညီ တန်ခူးလတွင် သင်္ကြန်မိုး၊ ဖက်ဆွတ်မိုးတို့ ရွာသွန်းတတ်သည်။ ထိုအခါ ရိုးတံကျဲကျဲအပင်တို့သည် ရွက်သစ်ရွက်နုကလေးများဖြင့် စိမ်းလန်းဝေလွင် သာယာကြည်နူးဖွယ်ကောင်းပေတော့မည်။ မြေသင်းနံ့တို့သည်လည်း သင်းတပျံ့ပျံ့ရှိချေပြီ။ ရင်ခတ်၊ ကံ့ကော်၊ ပျံ့သင်းလှိုင်ကာ ရနံ့ဖြာသည့် ပိတောက်ဝါဝါတို့ဖြင့် တန်ခူးလကို အလှတို့ဆင်ချေ၏။

"---တာကူး တကူး တန်တန်ခူး ထူးထူးဝါဒပြား၊ ရာသီခေါ်ရန် မိဿမှန် သင်္ကြန်ပွဲတော်ကား၊ စိတြကြယ် စန်းနှင့်ဆွယ်ပန်းဝယ်အင်ကြင်းများ၊ ဝတ်မှုန် ရနံ့မွှေးပျံ့ပျံ့ ကံ့ကော်ပွင့်ဖားဖား၊ သာလှနှစ်ထွေ ရက်မြတ်ပေ ကြွက်မြွေပြဿဒါး၊ နေ့ညဥ့်နာရီ သုံးဆယ်စီ အညီမပျက်သွား၊ မွန်းတည့်ချိန်ခါတိုင်းလေပါ ဆာယာသုံးဖဝါး"ဟူ၍ တန်ခူးလကို အမည်မသိစာဆိုတစ်ဦးက သံပေါက်ဖြင့် စုံစုံလင်လင် ဖွဲ့ဆိုထားခဲ့သည်။ ဤလကို တန်ခူးအပြင် တာကူးဟူ၍လည်း ရေးကြသေးရာ "တာကူး"ဟူသော စကားရပ်မှာ အတာကူးမှ ဆင်းသက်လာသော ပုဒ်ဖြစ်ပြီး တာကူးလကို သင်္ကြန်အတာကူးပြောင်းသောလဟု ဝေါဟာရလီနတ္ထဒီပနီကျမ်း၌ လည်းကောင်း၊ တာဝန်လွှဲပြောင်းသောလဝေါဟာရဟု အချို့ပညာရှင်များကလည်းကောင်း အသီးသီးဖွင့်ဆိုကြသည်။

တန်ခူးလကို ပုဂံခေတ်ကျောက်စာတို့၌ ခေတ်ရေးထုံးအတိုင်းပင် တန်ခူးဟုရေးထိုးထားသည်ကို တွေ့ရှိရသည်။ နောက်ပိုင်းနှစ်များတွင် တန်ခူးဟုလည်းကောင်း၊ တာကူးလဟုလည်ကောင်း ရေးသားလာကြသည်ကို တွေ့ရသည်။ တချို့ကမူ "တန်ခူး"သည် "တာကူး"မှ ဆင်းသက်လာသည်ဆို၏။ "တာ"သည် အချိန်ရာသီဟု အနက်ထွက်သည်။ "ကူး"မှာ ကူးပြောင်းသည်ဟု အဓိပ္ပာယ်ရသည်။ "တာကူး"ခေါ်တွင်ရာမှ တန်ခူးသို့ ရွေ့လျော့လာခဲ့သည်ဟုဆို၏။

ကမ္ဘာပေါ်ရှိ ယဉ်ကျေးသောလူမျိုးတိုင်းသည် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ကူးပြောင်းရောက်ရှိလာသည်ကို အလေးအမြတ်ထားကြသည်။ မြန်မာတိုင်းရင်းသားတို့အနေဖြင့်လည်း နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းရောက်ရှိချိန်ကို နှစ်သစ်တွင် မင်္ဂလာယူကာ "သင်္ကြန်ပွဲတော်"ကို ဆင်နွှဲလာကြသည်။

သင်္ကြန်ဝေါဟာရသည် "သင်္ကြန္တဟူသော သင်္ကတပုဒ်မှ ဆင်းသက်လာခြင်းဖြစ်သည်ဟုဆိုကြ၏။ မည်သို့ပင်ဆိုစေကာမူ "သင်္ကြန်"ဟူသော ဝေါဟာရသည် ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်း အဓိပ္ပာယ်ပင်ဖြစ်၏။ သင်္ကြန်ပွဲတော်ကျင်းပခြင်းနှင့်စပ်လျဉ်း၍ ပုဂံခေတ် မြန်မာသက္ကရာဇ် ၆၅၃ ခုနှစ်၊ ခရစ်နှစ် ၁၂၉၁ ခုနှစ်တွင် ရေးထိုးခဲ့သော စောလှဝန်းဘုရားကျောက်စာ၌ "မိဖုန် သင်္ကြန်တရိယ်၊ ညောင်ရိယ်သွန်၊ မပြယ်စိတ်လျှင်တည်း"ဟူသော ရာသီပွဲတော်ဆိုင်ရာ ဝေါဟာရများ ရေးထိုးကြသည်။ ရာသီပွဲတော်များ ရေးထိုးထားသည်ကို တွေ့ရှိရ၍ ထေရဝါဒသာသနာထွန်းကားနေပြီဖြစ်သော သင်္ကြန်ပွဲတော် ကျင်းပနေပြီဖြစ်ကြောင်း သိရှိနိုင်ပေသည်။

သင်္ကြန်ဟူသောစကားရပ်ကို ပညာရှင်များက အမျိုးမျိုးသောအဓိပ္ပာယ် ဖွင့်ဆိုကြသည်။ တချို့သော ပညာရှင်များက သင်္ကြန်သည် မြန်မာစကားစစ်စစ်ဖြစ်သည်ဆိုကြ၏။ ကောင်းကျိုးမင်္ဂလာ ကြန်အင်လက္ခဏာ တိုးပွားလာစေရန် သုတ်သင်ဆေးကြောခြင်း အနက်ထွက်သည်ဟုဆိုသည်။ ဤအဆိုအမိန့်ကို အထောက်အကူပြုသောအကြောင်းတစ်ရပ်လည်းရှိနေသည်။ ရှေးမြန်မာဘုရင်များသည် ခေါင်းဆေးလျှော်သည်ကို သင်္ကြန်ခေါ် သည်ဟု သုံးနှုန်းလေ့ရှိခြင်းပင်ဖြစ်သည်။ ဘုရင်တို့တွင် တစ်ပတ်လျှင် တစ်ကြိမ်လျှော်သော ပကတိသင်္ကြန် "ဂြိုဟ်စီး၊ ဂြိုဟ်နင်း" ညံ့ဖျင်းသောအခါ အန္တရာယ်ပျောက်၍ ဘုန်းတော်တောက်လာရန် လျှော်လေ့ရှိသော သင်္ကြန်လတ်နှင့် ဘိသိက်ခံယူသည့်အခါ လျှော်လေ့ရှိသော မဟာသင်္ကြန်ဟူ၍ သုံးမျိုးရှိသည်။ ဖော်ပြပါ သင်္ကြန်ဟူသောစကားသည် မူလသင်္ကန္တပုဒ်မှ အဓိပ္ပာယ်ရှိသည့် သင်္ကန္တဟူသော ပါဠိမှ ဆင်းသက်လာခြင်းပင်ဖြစ်၏။

ကမ္ဘာမြေကြီးသည် နေကိုဗဟိုပြု၍ မိဿရာသီမှစ၍ ပြိဿ၊ မေထုန်၊ ကရကဋ်၊ သိဟ်၊ ကန်၊ တူ၊ ဗြိစ္ဆာ၊ ဓနု၊ မကာရ၊ ကုံ၊ မိန်ဟူသော ရာသီခွင်ဆယ့်နှစ်ခွင် အစဉ်လိုက်ကူးပြောင်းလှည့်လည်ပြီးနောက် သူရိယ သိဒ္ဓန္တကျမ်းအလို ၃၆၅ ရက်၊ ၆ နာရီ၊ ၁၂ မိနစ်၊ ၃၇ စက္ကန့်ပြည့်သောအခါ တနင်္ဂနွေရဝိဖုဋ္ဌဂြိုဟ်စင်သည် မိဿရာသီအစ သုည အသ်ာသို့ဝင်သည်။ ဤသို့ ကူးပြောင်းဝင်စအချိန်တွင် သင်္ကြန်ကျသည်။ သို့ရာတွင် နှစ်မကူးသေးချေ။ ဝေဒပညာရှင်တို့၏ တွက်ရိုးကျမ်းများ၌ ရဝိဖုဋ္ဌဂြိုဟ်စင်နှင့် ဝရိမဇ္ဈဂြိုဟ်သွမ်းဟူ၍ နှစ်မျိုးနှစ်စားခွဲခြားပြထားသည်။ ထို့ကြောင့် မိဿရာသီသို့ ထိုဂြိုဟ်နှစ်မျိုး နှစ်စားရောက်သော အချိန်ကာလသည်လည်း ကွဲပြားသည်။ မိဿရာသီသို့ တနင်္ဂနွေရဝိဖုဋ္ဌဂြိုဟ်ဝင်ရောက်ရှိပြီး ၂ ရက်၊ ၄ နာရီ၊ ၄ မိနစ်၊ စက္ကန့် ၄၀ ကြာမှ တနင်္ဂနွေ ဝရိမဇ္ဈဂြိုဟ်သွမ်းရောက်သည်။ ထိုကဲ့သို့ ကွာခြားသော နှစ်ရက်ကျော်ကာလသို့ဝင်သောအခါကျမှသာ အတာတက်၍ နှစ်သစ်ကူးပြီဟု ပညာရှင်တို့က အသိအမှတ်ပြုကြသည်။

တစ်နည်းအားဖြင့် သင်္ကြန်ဖြစ်ပေါ်လာရခြင်းနှင့်ပတ်သက်၍ ဝေဒပညာရှင်တို့က တနင်္ဂနွေဂြိုဟ်မင်းသည် မိဿရာသီတန်ခူးလတွင် ပထမနဝင်းမှစ၍ ဆယ့်နှစ်လရာသီလှည့်ပတ်ခဲ့ရာ မိန်ရာသီတပေါင်းလ၏ အဆုံးနဝင်းဖြစ်သော ရေဝတီနက္ခတ်သို့အရောက်တွင် နက္ခတ်နဝင်းပေါင်း ၁၀၈ နဝင်း၊ လပေါင်း ၁၂ လ၊ ရက်ပေါင်း ၃၆၅ ရက်အကြာတွင် တစ်ပတ်လည်ခဲ့သည်။ သို့ဖြစ်၍ မိန်ရာသီ၏အဆုံးနဝင်းဖြစ်သော ရေဝတီနက္ခတ်မှ မိဿရာသီ၏အစနဝင်းဖြစ်သည်။ အသဝတီနက္ခတ်သို့ ကူးပြောင်းချိန်ရောက်ရှိနေသည်။ ထိုကဲ့သို့ တနင်္ဂနွေဂြိုဟ်မင်း မိန်ရာသီသို့ ကူးပြောင်းချိန်တွင် သင်္ကြန်ကျသည်ဟု ဝေဒပညာရှုထောင့်အရ ယူဆကြပြန်သည်။

ဗြဟ္မဏဝါဒီပညာရှင်တို့က ကမ္ဘာဦးကာလ ကဝိလမိုင်းအမည်ရှိသော ဝေဒပါရဂူကြီးတစ်ဦးပေါ်ထွန်းခဲ့ဖူးသည်ဟုဆိုသည်။ အခါတစ်ပါး သိကြားမင်းနှင့် အာသီအမည်ရှိသော ဗြဟ္မာမင်းတို့ ဝေဒပညာဆိုင်ရာ ပြဿနာတစ်ခုတွင် အငြင်းပွားဖူးကြသည်ဆို၏။ နောက်ဆုံးလူ့ပြည်က ပညာရှင် ကဝိလမိုင်းဆရာကြီးထံ အဆုံးအဖြတ်ကိုခံယူကြပြီး နိုင်သူက ရှုံးသူကို ခေါင်းဖြတ်ကြစတမ်းဟု သဘောတူကြသည်ဟုဆိုသည်။ ကဝိလမိုင်းဆရာကြီးက သိကြားမင်း၏ အယူအဆမှန်ကန်ကြောင်း အဆုံးအဖြတ်ပေးသည်ဟုဆို၏။

သို့သော် သိကြားမင်းက ရှုံးသူဗြဟ္မာမင်း၏ ဦးခေါင်းကိုမဖြတ်လိုပေ။ ဗြဟ္မာမင်းက အဓိဋ္ဌာန်ပြုလျက် မိမိဦးခေါင်းကိုဖြတ်စေ၏။ ပြတ်သွားသော ဗြဟ္မာမင်း၏ဦးခေါင်းကို သမုဒ္ဒရာတွင်ပစ်သော် ရေခန်းခြောက်မည် ဆို၏။ မြေပြင်တွင်ပစ်သော် တစ်လောကလုံး မီးဟုန်းဟုန်းတောက်မည်ဆို၏။ ထို့ကြောင့် သိကြားမင်းသည် နတ်သမီးခုနစ်ဖော်အား ဗြဟ္မာမင်းကြီး၏ ဦးခေါင်းကို အလှည့်ကျပွေ့ချီထားသည်ဟုဆို၏။ နတ်သမီး တစ်ဦးလက်မှ တစ်ဦးလက်သို့ ရွှေ့ပြောင်းပေးသောလမှာ လူတို့အရေအတွက်အားဖြင့် တစ်နှစ်ပြည့်မြောက်သော အချိန်နှင့်ညီမျှသည်ဆို၏။ ယင်းသို့လွှဲပြောင်းပေးသည်ကို သင်္ကရာဇ်ဦးခေါင်းပြောင်းသည်ဟူ၍ခေါ်ကာ "သင်္ကြန်"ပွဲများကျင်းပကြောင်း ယူဆလာကြသည်။

တနင်္ဂနွေဂြိုဟ်မင်း ရာသီပြောင်းခြင်းကိုစွဲ၍လည်းကောင်း၊ ဗြဟ္မာမင်း ဦးခေါင်းပြောင်းခြင်းကိုစွဲ၍လည်းကောင်း ပညာရှင်တို့က သင်္ကြန်ပွဲတော်ဖြစ်ပေါ်လာရခြင်းဟု အမျိုးမျိုးအနက်ဖွင့်ကြသော်လည်း "သင်္ကြန်"ဟူသော ဝေါဟာရတွင် နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းခြင်းအဓိပ္ပာယ်သည်ပင်လျှင် သက်ဝင်လျက်ရှိပေ၏။

သင်္ကြန်ဟုခေါ်ဆိုနေသောဝေါဟာရမှာ မြန်မာဝေါဟာရဖြစ်သည်နှင့်အညီ ပညာရှင်များက "ခေါင်းဆေးသင်္ကြန် ကောင်းညွန့်လျှံ မကျန်စုံစွာ" ဟူသော ကဝိလက္ခဏာသတ်ပုံလင်္ကာအရ ကောင်းကျိုးမင်္ဂလာ ကြန်အင်လက္ခဏာတို့ တိုးပွားလာရန် သုတ်သင်ဆေးကြောခြင်းခေါင်းဆေးမင်္ဂလာပြုပြင်ခြင်းကိုပင် သင်္ကြန်ဟုခေါ်ကြောင်း ဖွင့်ဆိုထားသည်။

ပတိဋ္ဌာကနိကာယ်၊ သဗြဟ္မဇာတ်၌ ဘုရင်မင်းများ ခေါင်းဆေးမင်္ဂလာပြုကြောင်း၊ သင်္ကြန်တော်ခေါ်ကြောင်း ဖော်ပြထားသည်။ ရှေးမင်းဧကရာဇ်တို့ သင်္ကြန်တော်ခေါ် ထုံးစံအစဉ်အလာရှိသည်ကို ကျမ်းဂန်များ၌ လာရှိ၏။ ပုဂံခေတ်၌ အခြားလများတွင် သင်္ကြန်ကျသောနှစ်များ ရှိခဲ့ဖူးသည်။ အများသိနေကြသော တန်ခူးသင်္ကြန်သည် အာဒိတျနှစ်ဟူ၍ ခေါ်ဆိုကြောင်း ဇနပပတ္တိကကျမ်းတွင် ပါရှိပေသည်။ ဇောတိသတ္တဗေဒကျမ်းတွင် တစ်နှစ်၌ တစ်ဆယ့်နှစ်ကြိမ် သင်္ကြန်ရှိသည်ဟု ဖော်ပြသည်နှင့်အညီ ရှေးမြန်မာဘုရင်မင်းမြတ်များသည် တစ်လကူးပြောင်းတိုင်း ခေါင်းဆေးမင်္ဂလာပြုလျက် သင်္ကြန်တော်ခေါ်လေ့ရှိသည်။

သင်္ကြန်ကျရောက်မည့်အကြောင်းကို သင်္ကြန်စာထုတ်ဝေသည်။ မြန်မာဘုရင်များလက်ထက်က နှစ်သစ်ကူးပြောင်းရမည့် သင်္ကြန်ကျချိန်တွင် ရဟန်းပညာရှိ၊ လူပညာရှိများက တွက်ချက်ပြီး ဘုရင်မင်းမြတ်ထံ ဆက်သကြသည်။ သင်္ကြန်ကျရောက်တော့မည့်တွက်ကိန်းကို ရွှေမြို့တော်ပတ်ဝန်းကျင်ရှိ လောကသားများ သိခွင့်ရှိသည်။ သင်္ကြန်စာတွင် တိုင်းပြည်၏အရေးအခင်းများ၊ နေကြတ်မည်၊ လကြတ်မည်၊ လျှင်လှုပ်မည်၊ တော်လည်းမည်၊ စစ်ဖြစ်မည်၊ မြို့မည်မျှကောင်းမည်၊ မကောင်းမည် စသည်တို့ဖြင့် ပါရှိသည်။ တိုင်းပြည်အတွက် တစ်နှစ်တာဟောစာတမ်းကို ဘုရင်က သာသနာပိုင် ဆရာတော်အားပြုရခြင်းဖြစ်သည်။ သာသနာပိုင်ဆရာတော်ကလည်း ပညာရှိများ တွက်ချက်ယူဆပုံနှင့်ကိုက်၊ မကိုက်စိစစ်၍ သင့်မြတ်လျှင် ယင်းဟောစာတမ်းကို ဘုရင်မင်းမြတ်အား ထုတ်ပြန်စေရန် အကြံပေးရသည်။ တောင်သူလယ်သမားများသည်လည်း မိုးလေဝသမှအစ သင်္ကြန်စာကို အားထားရသည်။ နှစ်သစ်ကူးသင်္ကြန်စာထုတ်ဝေခြင်းကို မျက်မှောက်ခေတ်ကာလတိုင်အောင် ရှိနေပြီး အများနှင့်သက်ဆိုင်သော ဆောင်ရွက်ဖွယ်ရာ အချိန်ကောင်း၊ အခါကောင်းကို တွက်ချက်ပေးရသည်။ သင်္ကြန်သုံးပါးတို့တွင် သမန္တမဟာသင်္ကြန်ဟု ခေါ်ဆိုသော သင်္ကြန်ကျပြီးနောက် ၂၄ မိနစ် ရောက်သည့်အချိန်၌ ဦးခေါင်းဆေးမင်္ဂလာပြုကြရ၏ ဟူ၍ညွှန်ကြားပါရှိသည်။

ဦးခေါင်းဆေးမင်္ဂလာပြုခြင်းနှင့်စပ်လျဉ်း၍ စာရေးဆရာစိန်လှိုင်ဗိုလ် ရေးသားပူဇော်ထားသည့် "ပဲခူးမြို့ရှိ မင်္ဂလာဒီပခေါင်းဆေးကျွန်းမြတ်စွယ်တော်သမိုင်း"တွင် ပါရှိသော ခေါင်းဆေးမင်္ဂလာအကြောင်းကို သုတပွားလိုပါသည်။

ဟံသာဝတီ(ပဲခူး)တွင် ခေါင်းဆေးကန်ဟုခေါ်ခဲ့သော ခေါင်းဆေးကျွန်း၌ မွန်ဘာသာဖြင့် ကမ္ပည်းထိုးထားသော ကျောက်စာရှိသည်။ အေဒီ ၁၁၅ ခု၊ ဟံသာဝတီပြည့်ရှင် ဘုရင်မကြီးရှင်စောပုခေတ်က ပေါ်ထွန်းလာသည့် ခေါင်းဆေးကန်ဖြစ်ကြောင်း သိရသည်။ ယခုခေါင်းဆေးကျွန်းအရပ်၌ ရှိသော ကန်တော်တွင် သက္ကရာဇ် ၈၃၆ ခုနှစ်က ဘုရင်မကြီးရှင်စောပုနှင့် သမက်တော်ဓမ္မစေတီမင်း မိသားစုတို့သည် ခေါင်းဆေးမင်္ဂလာ အခမ်းအနားများ မကြာခဏပြုလုပ်ခဲ့ကြသည့် ရေကန်ဖြစ်သည်။ သံသရာဝဋ်ကြွေး၊ သံသရာအညစ်အကြေးမှ ကင်းစင်ရန် ခေါင်းဆေးမင်္ဂလာများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ထိုကျွန်းတွင်ပင် စေတီတစ်ဆူ တည်ထားခဲ့ကြသည်။ ယခုအခါတွင် သီဟိုဠ်ကျွန်းမှ မြတ်စွယ်တော် ပင့်ဆောင်ပူဇော်ခဲ့သည်မှာ နှစ်ပေါင်းရာကျော်ရှိခဲ့ပြီဖြစ်သည်။

ယင်းသမိုင်းစာအုပ်၌ တွေ့ရှိသောအကြံပြုချက်တစ်ခုကို ဖော်ပြရမည်ဆိုလျှင် ဘုရင်မကြီးရှင်စောပုနှင့် သမက်တော် ဓမ္မစေတီမင်းမိသားစုတို့ ခေါင်းဆေးကြသော ခေါင်းဆေးမင်္ဂလာကန်တွင် ပဲခူးမြို့သူမြို့သားများ နှစ်သစ်ကူးသင်္ကြန်အခါတွင် နှစ်စဉ်နှစ်တိုင်း ခေါင်းဆေးမင်္ဂလာပြုကြသည့် အစဉ်အလာရှိသင့်ကြောင်း အကြံပြုချက်ဖြစ်သည်။ နှစ်သစ်ကူးသင်္ကြန်အခါ ခေါင်းဆေးမင်္ဂလာပြုခြင်းကို ပညာရှိတို့ဆိုထားသည်မှာ-

"ဤသို့သင်္ကြန်ကာလအတွင်း၌ ဦးခေါင်းဆေးမင်္ဂလာပြုသော အကျိုးတရားရှိစေခဲ့သည်။ တနင်္ဂနွေဂြိုဟ်မင်းသည် အံသာ ၃၆၀ ပြည့်၍ မိန်ရာသီအဝသန်နဝင်းမှ မိဿရာသီအာဒိနဝင်းသို့ ပြောင်းခဲ့လျှင် လူ့ပြည်ရှိ လူအပေါင်းတို့သည် ဦးခေါင်းဆေးမင်္ဂလာပြုကြရာသည်။ ဦးခေါင်းဆေးမင်္ဂလာပြုကြကုန်သော သူတို့အား ခုနစ်နှစ်ကဖြစ်ကုန်သော အနာမျိုးတို့သည် ကင်းပျောက်ကုန်ရာသည်။ ချမ်းသာခြင်း၏အဖို့ဖြစ်ကုန်သော တစ်သိန်းသော အကျိုးတို့သည် ရရှိကုန်ရာသည်" ဟု သင်္ကြန်စာတွင်ပါသည်။

ဖော်ပြပါရေကန်သည် လွန်ခဲ့သောနှစ်ပေါင်း ငါးရာကျော်က ဘုရင်မကြီး ရှင်စောပုနှင့် ဓမ္မစေတီမင်းတို့ ခေါင်းဆေးမင်္ဂလာပြုကြသော အထင်ကရ ရေကန်ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းတွင် မည်သည့်မြို့နယ်တွင်မျှ မရှိသော ရေကန်ဖြစ်သည်။ ဤသည်မှာ စာပေဖတ်ရှုရာတွင် နှံ့စပ်မှုမရှိသော ကျွန်တော်၏အားနည်းချက်ဖြစ်နိုင်သည်။ ယင်းသို့ အကြံပြုထားသည်ကို ဘာသာရေးအဖွဲ့နှင့် မြို့မိမြို့ဖတို့က ဝန်းရံကာ စီစဉ်ပြုလုပ်ခြင်းဖြင့် ထိုကျွန်း၌ ကိန်းဝပ်စံပယ်လျက်ရှိသော မြတ်စွယ်တော်ကိုလည်း ဖူးမြော်ကြရမည်။

နှစ်သစ်ကူးအချိန်အခါတွင် ဆင်နွှဲကြသော သင်္ကြန်ပွဲတော်သည် ပျော်ရွှင်ဖွယ်ရာအကောင်းဆုံးနှင့် အစည်းကားဆုံးဖြစ်၏။ နိုင်ငံတော်တစ်ဝန်းလုံးရှိ အများပြည်သူတို့သည် သင်္ကြန်ပွဲတော်တွင် အခြားသော ရာသီပွဲတော်များထက် ပျော်ရွှင်မြူးထူးကြသည်။ သင်္ကြန်အခါတော်ရက်ကုန်သည့်တိုင်အောင် ပျော်ပွဲရွှင်ပွဲဆင်နွှဲကြ၏။ ပျော်ရင်းပါးရင်း ကုသိုလ်ကောင်းမှုများ ပြုကြသူများရှိ၏။ ကုသိုလ်ကောင်းမှုပြုရင်း ပျော်ပါးကြသူများလည်းရှိ၏။ တချို့ရှေးလူကြီးသူမတို့ကား တရော်ကင်ပွန်းဖြင့် ခေါင်းဆေးကြ၏။ ဤသို့ဖြင့် မြန်မာတို့၏နှစ်သက်ဖွယ်ကောင်းသော ယဉ်ကျေးမှု အစဉ်အလာဓလေ့သည် ကာလကြာရှည်ခဲ့လေပြီ။

လူ့လောကကို အကျိုးပြုစောင့်ရှောက်သော ယဉ်ကျေးမှုကို နှစ်ပရိစ္ဆေဒ မည်မျှပင်ကြာညောင်းသော်လည်း လျစ်လျူရှုခြင်း၊ စွန့်ပယ်ခြင်းမပြုခဲ့ကြပါ။ ယင်းကဲ့သို့သော ကောင်းမြတ်သည့်ယဉ်ကျေးမှု အစဉ်အလာကို အခွန့်ရှည်တည်တံ့စေရန် ကြိုးစားအားထုတ်နေကြသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်သည် မြန်မာတို့အဖို့ လူမှုရေး၊ နိုင်ငံရေး၊ ဘာသာရေးတို့တွင် မည်မျှအကျိုးကျေးဇူးရှိသည်ကို မြန်မာလူမျိုးတိုင်း သိရှိနားလည်ထားကြပြီးဖြစ်ပါသည်။ ။

**တိုင်းပြည်အတွက် တစ်နှစ်တာဟောစာတမ်းကို ဘုရင်က သာသနာပိုင် ဆရာတော်အားပြုရခြင်းဖြစ်သည်။ သာသနာပိုင် ဆရာတော်ကလည်း ပညာရှိများ တွက်ချက်ယူဆပုံနှင့်ကိုက်၊ မကိုက်စိစစ်၍ သင့်မြတ်လျှင် ယင်းဟောစာတမ်းကို ဘုရင် မင်းမြတ်အား ထုတ်ပြန်စေရန် အကြံပေးရသည်။ တောင်သူ လယ်သမားများသည်လည်း မိုးလေဝသမှအစ သင်္ကြန်စာကို အားထားရသည်။ နှစ်သစ်ကူး သင်္ကြန်စာထုတ်ဝေခြင်းကို မျက်မှောက်ခေတ်ကာလတိုင်အောင်ရှိနေပြီး အများနှင့် သက်ဆိုင်သော ဆောင်ရွက်ဖွယ်ရာ အချိန်ကောင်း၊ အခါ ကောင်းကို တွက်ချက်ပေးရသည်။**

# (၅) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေးသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်

**နေပြည်တော် မတ် ၂၈**
ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ မတ် ၂၄ ရက်တွင် ကျင်းပသည့် (၅)ကြိမ်မြောက် အာဆီယံ တရားသူကြီးချုပ်များကောင်စီ အစည်းအဝေးသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်သည်။

အစည်းအဝေးသို့ အာဆီယံနိုင်ငံများ၏ တရားသူကြီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့တို့တက်ရောက်ခဲ့ကြပြီး "ဘန်ဒါဆရီဘီဂါဝမ်ကြေညာချက်" ကို သဘောတူထုတ်ပြန်ခဲ့သည်။ အဆိုပါကြေညာချက်တွင် အာဆီယံ တရားသူကြီးချုပ်များကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များကို လေ့လာတင်ပြရေးအတွက် လေ့လာရေးအဖွဲ့ (Study Group) ဖွဲ့စည်းဆောင်ရွက်ရန်နှင့် အာဆီယံတရားသူကြီးချုပ်များကောင်စီအတွင်းရေးမှူးရုံး တည်ထောင်ရန်တို့ကို သဘောတူညီကြသည်။

အစည်းအဝေးတွင် အာဆီယံတရားသူကြီးချုပ်များက အာဆီယံတရားစီရင်ရေး အဖွဲ့အစည်းများ၏ သတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ Internet Portal အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ တရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် လေ့ကျင့်သင်ကြားမှု ပူးပေါင်းဆောင်ရွက်ရေး၊ တရားရုံးဆိုင်ရာနည်းပညာ အသုံးပြုမှုနှင့် မှုခင်းစီမံခန့်ခွဲမှုနည်းလမ်းများ လေ့လာသုံးသပ်ရေး၊ မိသားစုမှုခင်းဆိုင်ရာ တရားသူကြီးများ၏ ပထမအကြိမ် ဖိုရမ်ကျင်းပရေးနှင့် အာဆီယံဒေသတွင်း တရားမမှုခင်းများတွင် ဆင့်စာဆင့်ဆိုမှုများ လွယ်ကူစေရန်အတွက် နည်းလမ်းတစ်ရပ်ရေးဆွဲရေး စသည့်ကိစ္စရပ်များကိုလည်း ဆက်လက်ဆွေးနွေးသည်။

"အာဆီယံတရားသူကြီးချုပ်များအစည်းအဝေး" ကို ၂၀၁၃ ခုနှစ်မှစတင်၍ ဒေသတွင်းတရားစီရင်ရေးဆိုင်ရာ အစည်းအဝေးအဖြစ် နှစ်စဉ်ကျင်းပခဲ့ပြီး ယခုအခါ "အာဆီယံတရားသူကြီးချုပ်များ အစည်းအဝေး"ကို "အာဆီယံတရားသူကြီးချုပ်များကောင်စီ" ဟု အမည်ပြောင်းလဲ၍ အာဆီယံမူဘောင်အတွင်း သီးခြားရပ်တည်သည့် အဖွဲ့အစည်းအဖြစ် အာဆီယံပဋိညာဉ်စာတမ်း၏ ဇယား (၂)တွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီးဖြစ်သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ ရည်မှန်းချက်ဖြစ်သည့် အာဆီယံဒေသတွင်း တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများတွင် ဆက်လက်ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**






# အာရှလူငယ် အမျိုးသားဘော်လီဘောပြိုင်ပွဲ စတင်ကျင်းပ

**နေပြည်တော် မတ် ၂၈**
မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၁၁)ကြိမ်မြောက် အသက်(၁၉)နှစ်အောက် အာရှလူငယ် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဘော်လီဘော အားကစားရုံ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အာရှလူငယ် ဘော်လီဘော ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဝင် လူငယ်ဘော်လီဘော အားကစားသမားများ အနေဖြင့် တစ်ဦးချင်း၏ အရည်အသွေးများ တိုးတက်လာမည့်အပြင် ဒေသခံပြည်သူများအနေဖြင့်လည်း ဘော်လီဘော အားကစားနည်းကို ယခုထက် ပိုမိုစိတ်ဝင်စား လာမည်ဖြစ်ပါကြောင်း၊ ထို့အတူ ပြိုင်ပွဲဝင်အားကစားသမားများအကြား ခိုင်မာသောချစ်ကြည်ရင်းနှီးမှုများရရှိမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က ပြိုင်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သြစတြေးလျ၊ ကိုရီးယား၊ ဘင်္ဂလားဒေ့ရှ်၊ အီရန်၊ ထိုင်း၊ သီရိလင်္ကာ၊ ဂျပန်၊ တရုတ်၊ တရုတ်(တိုင်ပေ)၊ ဟောင်ကောင်နှင့် မြန်မာနိုင်ငံတို့မှ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မြန်မာအသင်းနှင့် ဟောင်ကောင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက ဟောင်ကောင်အသင်းအား သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသည်။

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၁၁)ကြိမ်မြောက် အသက် (၁၉) နှစ်အောက် အာရှလူငယ် အမျိုးသားဘော်လီဘော ပြိုင်ပွဲများကို ယနေ့မှ ဧပြီ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**

# အာရှလူငယ် အမျိုးသားဘော်လီဘောပြိုင်ပွဲနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်း

**နေပြည်တော် မတ် ၂၈**
မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနေသည့် (၁၁)ကြိမ်မြောက် အသက် (၁၉) နှစ်အောက် အာရှလူငယ် အမျိုးသားဘော်လီဘောပြိုင်ပွဲနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဘော်လီဘောအားကစားရုံ၌ ကျင်းပသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ နည်းစနစ်အကြံပေး ဦးတင်မောင်အေးနှင့် အာရှဘော်လီဘော ကွန်ဖက်ဒရေးရှင်းမှ တာဝန်ရှိသူများက ပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့်သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြသည်။

မေးခွန်းများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက မြန်မာနိုင်ငံအနေဖြင့် အာရှအဆင့် ဘော်လီဘောပြိုင်ပွဲများကို အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၅ ခုနှစ်မှစတင်၍ လက်ခံကျင်းပခဲ့ရာ ယခုနှစ်သည် တတိယအကြိမ်မြောက် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အာရှအဆင့် ဘော်လီဘောပြိုင်ပွဲများကို စဉ်ဆက်မပြတ် လက်ခံကျင်းပသွားရန် အဖွဲ့ချုပ်အနေဖြင့် စီစဉ်ထားပါကြောင်း၊ ထို့ပြင် နိုင်ငံအတွင်း မျိုးဆက်သစ်ဘော်လီဘောအားကစားသမားများ ပေါ်ထွန်းလာရေးအတွက် မြို့နယ်အဆင့်၊ ခရိုင်အဆင့် ပြိုင်ပွဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ပြိုင်ပွဲများ၊ ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးလျက်ရှိပါကြောင်း၊ အလားတူ ကလေးသူငယ်များအကြား ဘော်လီဘောအားကစားနည်းကို စိတ်ပါဝင်စားမှုရှိစေရန် အင်းလေး၊ ငွေဆောင်နှင့် ပျဉ်းမနားမြို့တို့တွင် ပြိုင်ပွဲများကျင်းပခဲ့ပါကြောင်း ဖြေကြားကြသည်။

ထို့အတူ ၂၀၁၇ ခုနှစ် (၁၁)ကြိမ်မြောက် အသက်(၁၉)နှစ်အောက် အာရှလူငယ် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းခဲ့သော်လည်း ပျက်ကွက်ခဲ့သည့် အသင်းများကို အာရှဘော်လီဘော ကွန်ဖက်ဒရေးရှင်းမှ ထိရောက်သည့်ပြစ်ဒဏ်များချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကျင်းပနေသည့် (၁၁)ကြိမ်မြောက် အသက်(၁၉)နှစ်အောက် အာရှလူငယ် အမျိုးသားဘော်လီဘောပြိုင်ပွဲသည် လာမည့်ဩဂုတ်လတွင် ဘာရိန်းနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့အသက်(၁၉)နှစ်အောက် အမျိုးသား ဘော်လီဘောပြိုင်ပွဲအတွက် အရေးကြီးသည့် ပွဲစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။ **သူရဇော်(သတင်းစဉ်)**




## ❒ တရုတ်-မြန်မာ

ယင်းအစီအစဉ်ကို မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံး၊ တရုတ်နိုင်ငံ တရုတ်အမျိုးသားကုသိုလ်ဖြစ်အဖွဲ့ချုပ်၊ စာနယ်ဇင်းလောက ကုသိုလ်ဖြစ်လုပ်ငန်းဖွံ့ဖြိုးရေးအသင်းနှင့် ယူနန်ပြည်နယ် ပါတီကော်မတီ၊ ပြန်ကြားရေးဦးစီးဌာနတို့က ဦးဆောင်အဖွဲ့များအဖြစ် ဆောင်ရွက်ပြီး ခွဲစိတ်ကုသမှုလုပ်ငန်းကို တရုတ်အမျိုးသားကုသိုလ်ဖြစ်အဖွဲ့ချုပ်နှင့် ပေကျင်းမြို့ရှိ An Zhen ဆေးရုံကြီးမှ ကုသရေးအဖွဲ့တို့ ပူးပေါင်း၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မွေးရာပါ နှလုံးရောဂါဝေဒနာရှင် မြန်မာကလေးငယ်များအား ကူညီကုသပေးသော လှုပ်ရှားမှုခရီးစဉ်ကို ဆောင်ရွက်ခြင်းမှာ တရုတ်နိုင်ငံက ဆောင်ရွက်နေသော "One Belt One Road" လုပ်ငန်းစဉ်ကိုကြိုဆိုကာ အောင်မြင်စွာ လျှောက်လှမ်းနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး နှစ်နိုင်ငံချစ်ကြည်ရေးကိုလည်း ယခင်ထက် တိုးတက်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မွေးရာပါ နှလုံးရောဂါ ဝေဒနာရှင်ကလေးငယ်များအား မြန်မာနိုင်ငံတွင်လည်းကုသပေးလျက်ရှိပြီး ဝေဒနာခံစားနေရသူ ကလေးငယ်များ များပြားကာ ခွဲစိတ်ကုသရန် စောင့်ဆိုင်းနေရသည့် အခြေအနေများကြောင့် တရုတ်နိုင်ငံနှင့် ပူးပေါင်းကာ ပထမဆုံးအကြိမ် တရုတ်နိုင်ငံတွင် သွားရောက်ခွဲစိတ်ကုသမှုပေးမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကလေးငယ် ၁၀၀၀ တွင် မွေးရာပါ နှလုံးရောဂါဝေဒနာခံစားနေရသည့် ကလေးငယ်ခြောက်ဦးမှ ရှစ်ဦးခန့်အထိရှိနေကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရသည်။

မြန်မာကလေးငယ်များ တရုတ်နိုင်ငံတွင် သွားရောက်ကုသပေးရန်အစီအစဉ် အခမ်းအနားကို မတ် ၂၈ ရက်က ရန်ကင်းကလေးဆေးရုံကြီးတွင် ပြုလုပ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ **သတင်း-ဝဝ၁၊ ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)**

## ■ အာဆီယံချန်ပီယံရှစ်မှ

အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲရှိ Feather Weight ပြိုင်ပွဲတွင် ဇော်ဇော်က ငွေတံဆိပ်ဆု၊ Bantam Weight ပြိုင်ပွဲတွင် အောင်ကျော်ကျော်က ကြေးတံဆိပ်၊ Fly Weight ပြိုင်ပွဲတွင် ဒေစီဦးဂျူးလိယက်က ငွေတံဆိပ်နှင့် ဇော်လင်းထက်က ကြေးတံဆိပ်ကို လည်းကောင်း၊ လူငယ်တိုက်ကွမ်ဒို အသက် (၁၂)နှစ်မှ (၁၄)နှစ် Heavy Weight ပြိုင်ပွဲတွင် သားညီက ရွှေတံဆိပ်၊ Light Weight ပြိုင်ပွဲတွင် ကောင်းခန့်ဇော်က ရွှေတံဆိပ်၊ Bantam Weight ပြိုင်ပွဲတွင် သိဒ်မိုးသဲက ငွေတံဆိပ်၊ Fin Weight ပြိုင်ပွဲတွင် စစ်ဟိန်းနှင့် ခိုင်ဇာဇာသိမ့်တို့က ငွေတံဆိပ်၊ Light Weight ပြိုင်ပွဲတွင် ဟန်နီစိုးက ကြေးတံဆိပ်၊ Bantam Weight ပြိုင်ပွဲတွင် စုရည်နိုင်က ကြေးတံဆိပ်၊ Fly Weight ပြိုင်ပွဲတွင် မြတ်မင်းဟန်က ကြေးတံဆိပ်ကို လည်းကောင်း၊ လူငယ်တိုက်ကွမ်ဒို အသက် (၁၅)နှစ်မှ (၁၇)နှစ် Bantam Weight ပြိုင်ပွဲတွင် ဟန်ကိုကိုထွန်းက ငွေတံဆိပ်ဆုကိုလည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့သည်။ မြန်မာတိုက်ကွမ်ဒိုအသင်းသည် စုစုပေါင်းရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် ခြောက်ခု၊ ကြေးတံဆိပ်ငါးခု ရရှိခဲ့ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

## ပြည်တွင်းရေးရာ

❖ **ရွှေဖုံးမှ**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာဝင်းမြတ်အေး၊ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ မြစ်ကြီးနားမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် မြစ်ကြီးနားမြို့ Palm Spring Hotel ၌ မြစ်ကြီးနားမြို့ရှိ ကချင်လူထုအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြစ်ကြီးနားကို လာရောက်ခြင်းသည် အကြောင်းရင်းနှစ်ရပ်ရှိပါကြောင်း၊ ပြီးခဲ့သည့် ပြည်ထောင်စုနေ့က လာရောက်ရန်စီစဉ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မလာရောက်ဖြစ်ခဲ့ပါကြောင်း၊ လာရောက်ရသည့် အကြောင်းရင်းမှာ ငြိမ်းချမ်းရေးနှင့် တိုက်ပွဲရှောင်စခန်းများသို့ သွားရောက်၍ လိုအပ်သည်များကို ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည်မှာ နှစ် ၇၀ နီးပါးရှိခဲ့ပြီဖြစ်ပါကြောင်း၊ နှစ် ၇၀ ဆိုသည်မှာ သမိုင်းရှည်ကာလနှင့် နှိုင်းဆလျှင် အများကြီးမဟုတ်ပါကြောင်း၊ နှစ် ၇၀ အတွင်း ငြိမ်းချမ်းရေး ကြိုးပမ်းမှု၌ အကြောင်းအမျိုးမျိုးကြောင့် တိုးတက်မှုနည်းပါးခဲ့ပါကြောင်း၊ မိမိတို့အစိုးရမှာ တစ်နှစ်သာရှိသေးသော်လည်း တစ်နှစ်ချင်း တိုးတက်မှုရှိနေအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ခရစ်ယာန်ဘာသာဖြစ်စေ၊ ဗုဒ္ဓဘာသာဖြစ်စေ မေတ္တာတရားကို အခြေခံထားပါကြောင်း၊ ခရစ်ယာန်ဘာသာတွင် အကြွင်းမဲ့မေတ္တာသည် အကြောက်တရားကို အောင်နိုင်ရာ၏ဟု ဆိုထားပါကြောင်း၊ ဗုဒ္ဓဘာသာတွင် ဒေါသဖြစ်စေသော မီးကို မေတ္တာတရားဖြင့်သာ ငြိမ်းသတ်အောင်နိုင်ရာ၏ဟု ဆိုထားပါကြောင်း။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ခတ်ချိုတိုက်ပွဲရှောင်စခန်းရှိ နေရပ်စွန့်ခွာရသူများအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားစဉ်။** ဓာတ်ပုံ(ပြန်/ဆက်)



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် KBC မိုင်းနားတိုက်ပွဲရှောင်စခန်းရှိ နေရပ်စွန့်ခွာရသူများအား တွေ့ဆုံအားပေးစဉ်။** ဓာတ်ပုံ(ပြန်/ဆက်)

အမှန်တကယ်ဆန္ဒရှိလျှင် ငြိမ်းချမ်းရေးကြိုးပမ်းမှု မအောင်မြင်စရာအကြောင်း မရှိပါကြောင်း၊ ယခင်က ဖက်ဒရယ်ဟုဆိုလျှင် ရှောင်ရှားလေ့ရှိပါကြောင်း၊ ဖက်ဒရယ်ဆိုသည်ကို အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်ပါကြောင်း၊ ဖက်ဒရယ်သည် ခွဲထွက်ရန်မဟုတ်ကြောင်း၊ ကမ္ဘာပေါ်တွင် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ အများအပြားရှိပါကြောင်း၊ မိမိတို့အနေဖြင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်မည့် အခြေခံမူများကို ချမှတ်ပေးရမည်ဖြစ်ပါကြောင်း။

(၂၁) ရာစု ပင်လုံညီလာခံသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် အရေးကြီးသည့် နိုင်ငံရေးဆွေးနွေးပွဲဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု သဘောတူစာချုပ် (NCA) ကို အားလုံးလက်မှတ်ရေးထိုးစေလိုကြောင်း၊ NCA ဆွေးနွေးစဉ်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါဝင်ခြင်းမရှိခဲ့ပါကြောင်း၊ သို့ရာတွင် အစိုးရဖြစ်လာပြီးနောက် တာဝန်ယူမှုရှိရမည်ဖြစ်ကြောင်း၊ NCA ကို လေ့လာကြည့်ရာတွင် နိုင်ငံရေးဆွေးနွေးမှုနှင့် အပစ်ရပ်စောင့်ကြည့်မှု အာမခံချက်များ ရှိရုံသာမက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို အာမခံထားသည်ကို တွေ့ရှိနိုင်ကြောင်း၊ NCA နှင့် (၂၁)ရာစု ပင်လုံညီလာခံလမ်းကြောင်းသည် တိုင်းပြည်နှင့်လူထုမနာသည့် လမ်းကြောင်းဖြစ်၍ ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ NCA သည် ပန်းတိုင်မဟုတ်ကြောင်း၊ တိုင်းရင်းသားများ လိုလားလျက်ရှိသည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် အဆင့်တစ်ဆင့်သာဖြစ်ပါကြောင်း၊ ညီလာခံသို့ဝင်ရောက်၍ ဆုံးဖြတ်ချက်များ ချစေလိုကြောင်း၊ NCA အောင်မြင်ခြင်းသည် ငြိမ်းချမ်းရေးဖြစ်စေရန် အောင်မြင်ခြင်းဖြစ်ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် အတူတကွ သန္နိဋ္ဌာန်ချလိုက်ခြင်း ဖြစ်ကြောင်း။

NCA လက်မှတ်ရေးထိုးရေးနှင့် (၂၁)ရာစု ပင်လုံညီလာခံတက်ရောက်ရေးအတွက် မည်သည့်အခက်အခဲများ ရှိနေသည်ကို ပွင့်ပွင့်လင်းလင်းပြောကြစေလိုကြောင်း၊ မိမိအနေဖြင့် ယခင်ကတည်းက အားလုံးလုပ်ပေးမည်၊ အားလုံးလုပ်နိုင်သည်ဟု မပြောခဲ့ကြောင်း၊ လူထုယုံကြည်မှုအဆုံးရှုံးမခံနိုင်ကြောင်း၊ လုပ်ပေးနိုင်သည့် ကိစ္စရပ်များကို စွမ်းအားရှိသရွေ့လုပ်ပေးမည်ဟု ကတိပေးနိုင်ကြောင်း။

ထို့ကြောင့် ယနေ့ဆွေးနွေးပွဲတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

တက်ရောက်လာကြသူများက တပ်မတော်နှင့်ကေအိုင်အေ အကြားတိုက်ပွဲများဖြစ်ပွားနေမှု၊ အကျိုးဆက်အနေဖြင့် နေရပ်စွန့်ခွာ တိမ်းရှောင်ရသူများများပြားလာမှု၊ ၎င်းတို့အတွက် စားနပ်ရိက္ခာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများ လိုအပ်နေမှု၊ ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်နှင့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေးကိစ္စရပ်များ၊ လက်နက်ကိုင်ပဋိပက္ခများ၏ ကြီးမားသော ဆိုးကျိုးတစ်ခုဖြစ်သည့် မူးယစ်ဆေးဝါးပြဿနာ ထိထိရောက်ရောက်နှိမ်နင်းနိုင်ရေးကိစ္စ၊ ဘာသာရေးလွတ်လပ်ခွင့်နှင့် ဘာသာရေးခွဲခြားဆက်ဆံမှုများ ပပျောက်ရေးကိစ္စ၊ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ကချင်လူထု၏ ပါဝင်ဆောင်ရွက်နိုင်မှု အခြေအနေများ၊ စီမံကိန်းများနှင့် စံချိန်စံညွှန်းအရည်အသွေးပြည့်မီရန် လိုအပ်ချက်များ စသည်တို့ကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရေတိုဖြေရှင်းနိုင်သည့် ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရတို့က ချက်ချင်းဆောင်ရွက်ပေးရန်၊ ရေရှည်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို စနစ်တကျ စီမံဆောင်ရွက်ရန် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းတွေ့ဆုံပွဲသို့ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရဆရာကြီး လလောက်ဂျုံးခေါင်၊ အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရဆရာကြီး ဒေါက်တာခလမ်ဆမ်ဆွန်၊ မြစ်ကြီးနား ကက်သလစ်သာသနာပိုင်ဂိုဏ်းချုပ်ဆရာတော်ကြီး ဖရန်ဆစ်ဒေါ့တန်၊ ကက်သလစ်အသင်းတော် ဘုန်းတော်ကြီး ဒေါက်တာဂျိုးဇက်ဂေါ့လုယုံဝါ၊ အင်္ဂလိကန်သာသနာပိုင်ဆရာတော်ကြီး ဇော်လီ၊ လီဆူနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (မြစ်ကြီးနား) အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရဆရာကြီး ဇီလေး၊ ဇဝံဂေလိအသင်းတော် ဘုန်းတော်ကြီး သိက္ခာတော်ရဆရာကြီး ဒေါက်တာဒခွမ်ဒေးဗစ်၊ လွတ်လပ်သော တိုင်းရင်းသားများ ခရစ်ယာန်ဂိုဏ်းချုပ်ဆလော်ရှောင်၊ လူထုအခြေပြုမူးယစ်ဆေးဝါး တိုက်ဖျက်ရေးအဖွဲ့ (Pat Ja San) မြစ်ကြီးနားမြို့နယ်ဥက္ကဋ္ဌ ဦးလုံဂွန်တူးရော်၊ အတွင်းရေးမှူး ဦးအင်ခွမ်တန်ဂွန်း၊ မြစ်ကြီးနားခရစ်ယာန်ကောင်စီ အတွင်းရေးမှူး သိက္ခာတော်ရဆရာကြီး မဂျီဘောက်လာ၊ ဥက္ကဋ္ဌ ဖာသာပီတာခါးအောင်တူး၊ ကချင်အတိုင်ပင်ခံအဖွဲ့ ဥက္ကဋ္ဌ ဒူဝါလထော်ခွန်ဆိုင်၊ အတွင်းရေးမှူး ဦးလဘန်ဂမ်အောင်၊ တစ်သီးပုဂ္ဂလ အဂူးခဲန်၊ ဇိုင်ဝါး (Zaiwa) ရိုးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးလရှမ်းလနူး၊ လောင်ဝေါ် (Lhovo) ရိုးရာကော်မတီ နာယက ဦးပေါင်းဇယ်၊ ဗန်းမော်ရိုးရာဥက္ကဋ္ဌ ဦးလဝေါမ်၊ စာပေတိုးတက်ရေးကော်မတီခွဲ အဖွဲ့ဝင် ဦးဒိုင်လွမ်၊ လားရှိုးမြို့ တစ်သီးပုဂ္ဂလ ဦးလရှီးလ၊ စာပေယဉ်ကျေးမှုကော်မတီ (နမ့်ဖတ်ကာ) အတွင်းရေးမှူး ဦးအူရားနော်၊ ငြိမ်းချမ်းရေးဆွေးနွေးရေး အကျိုးဆောင်အဖွဲ့ (Peace Creation Group-PCG) အဖွဲ့ဝင် ဦးယွပ်ဇော်ခေါင်၊ ဦးလမိုင်ဂွမ်ဂျာ၊ ဦးအင်ရှန်းဆန်အောင်၊ ဦးခပရာခွန်းအောင်၊ ရှအစ်လူမှုဖွံ့ဖြိုးရေးအသင်းဒါရိုက်တာ ဒေါ်ဒေါင်ညွယ်၊ ထွယ်ဂျန်ဒါအဖွဲ့ ဒါရိုက်တာ ဒေါ်နန်ပူ၊ မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း တည်ထောင်သူ ဒေါ်လဖိုင်ဆိုင်းရော်၊ အမှုဆောင်ဒါရိုက်တာ စိုင်းဆမ်ခမ်း၊ JST အဖွဲ့ဝင် Wunpawng Ninghtor (WPN) ဒေါ်မေရီတောမ်၊ မေတ္တာရင်ခွင်မိဘမဲ့ဂေဟာတည်ထောင်သူ ဒေါ်အက်စ်ခေါင်နန်တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကချင်လူထုခေါင်းဆောင်များသည် အဖွဲ့လိုက်စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ဓာတ်ပုံတွဲရိုက်ဖူးသည့် ကချင်အမျိုးသမီး အဘွားဒေါ်မဂေါင်ခေါန်ရော်နှင့် ဗိုလ်ချုပ်အောင်ဆန်း ကချင်ပြည်နယ်ရောက်ရှိစဉ်က ပန်းကုံးစွပ်ကြိုဆိုခဲ့သူ အဘွားဒေါ်ရွယ်နောင်းတို့က သမိုင်းဝင်ဓာတ်ပုံမှတ်တမ်းများ ပေးအပ်ခဲ့ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ငြိမ်းချမ်းရေးဆွေးနွေးရေးအကျိုးဆောင်အဖွဲ့ (Peace Creation Group-PCG) မှ ဦးယွပ်ဇော်ခေါင်၊ ဦးလမိုင်ဂွမ်ဂျာ၊ ဦးခပရာခွန်အောင်၊ ဦးအင်ရှန်းဆန်အောင်နှင့် ဦးဂွမ်ဆန်အောင်တို့နှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ခတ်ချိုကျေးရွာ တိုက်ပွဲရှောင်စခန်းသို့ သွားရောက်၍ စခန်းအတွင်း လှည့်လည်ကြည့်ရှုကာ နေရပ်စွန့်ခွာရသူများအား တွေ့ဆုံအားပေးပြီး ထောက်ပံ့ပစ္စည်းများပေးအပ်ရာ နေရပ်စွန့်ခွာရသူများက ၎င်းတို့ကိုယ်တိုင်ပြုလုပ်ထားသည့် အမှတ်တရလက်ဆောင်ပစ္စည်းများကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ပြန်လည်ပေးအပ်သည်။

ယင်းနောက် KBC မိုင်းနားဇုန်နယ်ဖွံ့ဖြိုးရေးစခန်းကို ရောက်ရှိပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် နေရပ်စွန့်ခွာရသူများက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ လန်ဆယ်ဒေသ ရေဘေးကယ်ဆယ်ရေးစခန်းကို ရောက်ရှိပြီး ရေဘေးသင့်ကျောင်းသား ကျောင်းသူများနှင့် စန်ကားကျေးရွာသို့ ပြောင်းရွှေ့နေထိုင်ကြသူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ကာ အားပေးစကားပြောကြားသည်။ ထို့နောက် ရေဘေးသင့်ပြည်သူများက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား လီဆူတိုင်းရင်းသားရိုးရာအမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် မြစ်ကြီးနားမြို့ ကျွန်းပင်သာရပ်ကွက်ရှိ ပြည်လုံးချမ်းသာ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာသို့ သွားရောက်ပြီး ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ မိဘမဲ့ပလောင်ကလေးငယ်များအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ပလောင်ကိုရင်လေးများကို အချိုရည်ကပ်လှူသည်။ ကလေးငယ်များက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ကချင်ရိုးရာအမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

ကယ်ဆယ်ရေးစခန်းများသို့ရောက်ရှိစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မတို့ ဒီကိုရောက်လာတဲ့အခါမှာ အခြေအနေကိုကြည့်ပြီးတော့ ဘယ်လိုကောင်းအောင်လုပ်သွားမလဲဆိုတဲ့အဖြေကို ရှာတာပါ။ တကယ့်အဓိကကျတဲ့အဖြေက ကျွန်မတို့ ငြိမ်းချမ်းရေးရဖို့ပါပဲ။ ငြိမ်းချမ်းရေးရမှ ဒီလို IDP စခန်းတွေအားလုံးကို ကျွန်မတို့ပိတ်လိုက်နိုင်မှာ ဖြစ်ပါတယ်။

**စာမျက်နှာ ၉ သို့** ❐

စာမျက်နှာ ၈ မှ

ကျွန်မတို့ရဲ့ ပြည်သူပြည်သားများ ကိုယ့်ရပ်ကိုယ့်ရွာမှာ အေးအေးချမ်းချမ်းနေနိုင်မှာဖြစ်ပါတယ်။ အဲ့တော့ မရခင်ကာလမှာ စောစောက ကျွန်မပြောတဲ့အတိုင်းပဲ ပညာရေးကိုတော့ ကျွန်မတို့ အဓိကထားချင်ပါတယ်။ ဒီတော့ ကျွန်မတို့ရဲ့ IDP Camp တွေအားလုံးဟာ ပညာရေးကို ပြည်နယ်ဝန်ကြီးချုပ်အနေနဲ့ အဓိကထားပြီးတော့ ဘယ်နေရာမှာ ကျောင်းနေအရွယ်ကလေး ဘယ်နှယောက်ရှိလဲ။ ဒီကလေးတွေဟာ ပညာသင်ကြားဖို့ အခွင့်အရေးရသင့်လားဆိုတာ ကြည့်ရမှာဖြစ်ပါတယ်။ ဒါက ရေရှည်အတွက်ဖြစ်ပါတယ်။ နောက်ပြီးတော့ ကျန်းမာရေးဆိုတာကလည်း ရေရှည်အတွက်ပါ။ ငယ်ငယ်တုန်းက ကျန်းမာရေးကောင်းမှ အသက်ကြီးလာတဲ့အခါကျရင်လည်း ကျန်းမာရေးကောင်းမှာဖြစ်ပါတယ်။

ကျွန်မတို့က ဒီမိုကရေစီအစိုးရ၊ ဒီမိုကရေစီအစိုးရဆိုတာက ပြည်သူလူထုရဲ့ မဲဆန္ဒနဲ့တက်ပြီးတော့ တာဝန်ယူနေတဲ့အစိုးရဖြစ်နေပါတယ်။ အဲဒါကြောင့် ပြည်သူလူထုရဲ့မဲတွေအရ တက်ပြီးတော့ တာဝန်ယူတဲ့အစိုးရမို့လို့ ပြည်သူလူထုအပေါ်မှာတာဝန်ရှိသလို ပြည်သူကလည်း ပံ့ပိုးပေးဖို့ တာဝန်ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တင်လိုက်တဲ့အစိုးရက အလုပ်လုပ်နိုင်ဖို့ဆိုတာကလည်း ကိုယ်ကလည်းကူညီရတယ်။ ကျွန်မတို့ကလည်း ကျွန်မတို့ကိုတင်ထားတဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားအတွက် ကျွန်မတို့က တာဝန်ယူရမယ်။ နှစ်ဦးနှစ်ဖက် တာဝန်ယူမှုနဲ့ ကျွန်မတို့အလုပ်လုပ်မှုဖြစ်မှာပါ။ ကျွန်မ ခဏခဏ ပြောပါတယ်။အစိုးရလက်ထဲ အားလုံးထည့်ထားချင်တယ်။ အစိုးရပဲ အားလုံးလုပ်ပေးဆိုလို့ရှိရင် ပြည်သူလူထုရဲ့ လုပ်ပိုင်ခွင့်တွေ ဘယ်မှာကျန်တော့မလဲ။ အဲ့တော့ ကျွန်မတို့ပြည်သူတွေဟာ ကိုယ့်ကိုယ်ကိုယ်အားကိုးနိုင်တဲ့၊ ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ်မတ်တတ်ရပ်နိုင်တဲ့ ပြည်သူတွေဖြစ်စေချင်တယ်။ ကိုယ့်ကိုယ်ကိုယ်အားကိုးနိုင်မှ ကိုယ့်ဘဝအတွက် ကိုယ်လုံခြုံမှုရှိမှာ။ အခြားလူကို အမြဲအားကိုးနေရတယ်ဆိုရင် ကိုယ့်ဘဝအတွက် လုံခြုံမှုရှိမှာမဟုတ်ပါဘူး။ အစိုးရကိုချည်းပဲ အားကိုးနေလို့မဖြစ်ဘူး။ ပုဂ္ဂလိကအဖွဲ့အစည်းတွေ၊ လူသားချင်းစာနာမှုအရ လုပ်ကိုင်ပေးနေတဲ့အဖွဲ့အစည်းတွေကိုလည်း အားကိုးလို့မဖြစ်ဘူး။ ဒါတွေက ဘယ်တော့မှ ရေရှည်မှာ၊ ကိုယ့်အနေနဲ့ စိတ်ချယုံကြည်ရမှာမဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် အားကိုးရမယ်။ အဲ့တော့ ကိုယ့်ကိုယ်ကိုယ်အားကိုးနိုင်ဖို့အတွက် ကျွန်မတို့ကနေပြီးတော့ လိုအပ်တဲ့ အရည်အချင်းတွေကို



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်လုံးချမ်းသာလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၌ ထောက်ပံ့ပစ္စည်းပေးအပ်စဉ်။ ဓာတ်ပုံ-(ပြန်/ဆက်)

ဖြည့်ဆည်းပေးဖို့ဖြစ်ပါတယ်။ အခု ကျွန်မတို့ စခန်းကိုလာတယ်ဆိုတာကလည်း ကျွန်မတို့က အားပေးစကားပြောဖို့ လာတာလည်းဖြစ်တယ်။ နောက်ပြီးတော့ တာဝန်နဲ့ပတ်သက်လို့ သတိပေးဖို့လာတာလည်းဖြစ်ပါတယ်”ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က “အခွင့်အရေးကို လိုချင်ရင် ကိုယ့်တာဝန်လည်းကိုယ်ကျေရမယ်။ ဒါမှ ဒီရပိုင်ခွင့်ကို ကိုယ်ကနေပြီးတော့ မိမိရရကိုင်ထားနိုင်မှာ ဖြစ်ပါတယ်။ ကိုယ့်တာဝန်ကိုယ်မကျေလို့ရှိရင် ကိုယ်ရထားတဲ့ ရပိုင်ခွင့်တွေဟာ ဘယ်တော့လက်တွေ့သွားနိုင်မလဲဆိုတာ ပြောလို့မရပါဘူး။ စခန်းထဲက ပြည်သူတွေရဲ့ လက်ရှိစားဝတ်နေရေးသာမဟုတ်ဘူး။ အလုပ်အကိုင်ရရှိရေးကို အဓိကထားပြီးတော့ လုပ်ပေးစေချင်ပါတယ်။ ဒီတော့ ကျွန်မတို့ရဲ့ ပရိသတ်ထဲမှာရှိတဲ့ လုပ်ငန်းရှင်ပြည်သူများကလည်း ကျွန်မတို့ရဲ့ IDP Camp က ပြည်သူတွေကို အလုပ်ပေးပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်”ဟု ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က “ဒီတော့ ဝင်ငွေလည်းမှန်မှန်ရမယ်။ အလုပ်လုပ်ရင်းနဲ့လည်း ကိုယ့်ရဲ့အရည်အချင်းတွေ တက်လာမယ်။ နောက်ကိုယ့်ရပ်ကိုယ့်ရွာပြန်တဲ့အခါမှာ ကိုယ့်မှာပညာတစ်ခုတော့ ရပါတယ်။ ပညာဆိုတာဟာ ကျောင်းထဲမှာသင်မှ ပညာမဟုတ်ပါဘူး။ အလုပ်ခွင်အတွင်းမှာလည်း ကျွမ်းကျင်မှုပညာရပြီးတော့ ပညာတတ်နိုင်တာဖြစ်ပါတယ်။ ဒါကတော့ ကျွန်မတို့အနေနဲ့ IDP Camp ထဲက ပြည်သူပြည်သားတွေအတွက် ကျွန်မတို့ လုပ်ပေးချင်တဲ့ကိစ္စ။ တစ်ပြိုင်တည်းမှာ ကျွန်မတို့ကနေပြီးတော့ Camp ထဲမှာရှိတဲ့ ပြည်သူပြည်သားတွေ ပြန်ပြီးတော့ လုပ်ပေးစေချင်တာလည်းရှိပါတယ်။ စောစောက ကျွန်မပြောတာကတော့ ငြိမ်းချမ်းရေးအတွက်ပါ။ ငြိမ်းချမ်းရေးကို အားပေးကြပါ။ ငြိမ်းချမ်းရေးကို အားပေးဖို့ဆိုတာ အခြေခံတစ်ခုကဘာလဲဆိုတော့ အချင်းချင်းသင့်မြတ်အောင်နေဖို့ပါ။ ငြိမ်းချမ်းရေးရဲ့အခြေခံက အချင်းချင်းသင့်မြတ်ခြင်းပဲ။ တစ်ယောက်နဲ့တစ်ယောက် မသင့်မြတ်လို့ရှိရင် ငြိမ်းချမ်းမှုဆိုတာဟာမရှိနိုင်ဘူး။ ကျွန်မတို့ရဲ့ ပြည်သူပြည်သားအားလုံး၊ ပြည်ထောင်စုသားများအားလုံးဟာ ကျွန်မတို့ရဲ့ ပြည်ထောင်စုကြီးတိုးတက်ဖို့အတွက်၊ ဖွံ့ဖြိုးဖို့အတွက် ဘာတွေလုပ်နိုင်သလဲဆိုတာ ကိုယ့်ကိုယ်ကိုယ်မေးကြပါ။ မေးပြီးတော့၊ ကိုယ်ကနေပြီးတော့ လုပ်နိုင်သမျှကို လုပ်ကြပါလို့ တိုက်တွန်းချင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် အထင်မသေးပါနဲ့။ လူတိုင်း လူတိုင်းဟာ သူ့တန်ဖိုးနဲ့သူ ရှိပါတယ်။ ကျွန်မတို့ ဗုဒ္ဓဘာသာအဆိုတစ်ခုရှိပါတယ်။ ခက်ခက်ခဲခဲနဲ့ ဖြစ်လာတဲ့လူ့ဘဝကို တန်ဖိုးရှိရှိနဲ့ သုံးဖို့ဆိုတာ တစ်ယောက်ချင်း၊ တစ်ဦးချင်းရဲ့ တာဝန်ဖြစ်ပါတယ်”ဟု ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် မြစ်ကြီးနားမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ နေပြည်တော်သို့ ညပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လန်ဆယ်ဒေသရေဘေးကယ်ဆယ်ရေးစခန်း၌ ရေဘေးသင့်ကျောင်းသား ကျောင်းသူများနှင့် စန်ကားကျေးရွာသို့ ပြောင်းရွှေ့နေထိုင်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်စဉ်။ ဓာတ်ပုံ-(ပြန်/ဆက်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ဓာတ်ပုံတွဲရိုက်ဖူးသည့် ကချင်အမျိုးသမီး အဘွား ဒေါ်မဂေါင်ခေါန်ရော်နှင့် ဗိုလ်ချုပ်အောင်ဆန်း ကချင်ပြည်နယ်ရောက်ရှိခဲ့စဉ်က ပန်းကုံးစွပ်ကြိုဆိုခဲ့သူ အဘွား ဒေါ်ရွှယ်နောင်းတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ ဓာတ်ပုံ-(ပြန်/ဆက်)

# မန်းသင်္ကြန်ကို ခရီးသွားလုပ်ငန်းမြှင့်တင်ရန် လမ်းလျှောက်သင်္ကြန်အဖြစ် အကောင်အထည်ဖော်မည်

**မန္တလေး မတ် ၂၈**

ယခုနှစ်မန္တလေးသင်္ကြန်အား မြန်မာ့ခရီးသွားလုပ်ငန်းမြှင့်တင်ရန်နှင့် တိုင်းရင်းသားပေါင်းစုံပါဝင်သည့် ရိုးရာသင်္ကြန်ဖြစ်စေရန်ရည်ရွယ်ပြီး ကျုံးတောင်ဘက်ခြမ်းတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများမှ ရေကစားမဏ္ဍပ်ငယ်များနှင့် စတုဒိသာမဏ္ဍပ်များဆောက်လုပ်ကာ လမ်းလျှောက်သင်္ကြန်အဖြစ် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း မတ် ၂၈ ရက်တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ Ayarwady River View Hotel တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အဆိုပါအစီအစဉ်အား မြန်မာနိုင်ငံဆိုင်ရာ ဟိုတယ်လုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအသင်း၊ မန္တလေးစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)နှင့် မန္တလေးဧည့်လမ်းညွှန်အသင်းတို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ကျုံးတောင်ဘက်ခြမ်း (၆၆)လမ်းမှ (၆၉)လမ်းအထိ နေရာတွင် ခရီးသွားမြှင့်တင်ရေး(ဗဟို)ဖျော်ဖြေရေးမဏ္ဍပ်အပါအဝင် တိုင်းရင်းသားရေကစားမဏ္ဍပ်နှင့်ဖျော်ဖြေရေးမဏ္ဍပ်များ စတုဒိသာကျွေးမွေးဧည့်ခံရေးမဏ္ဍပ်များ၊ မည်သူမဆိုဝင်ရောက်ဆင်နွှဲနိုင်သည့် ရေကစားမဏ္ဍပ်ငယ်များနှင့် အစားအသောက်ဆိုင်ခန်းများ ဆောက်လုပ်ပေးထားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဟိုတယ်လုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)ဥက္ကဋ္ဌ ဦးမင်းနိုင်က အဆိုပါသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

“မြန်မာ့ရိုးရာသင်္ကြန်ကို နိုင်ငံတကာက သိရှိပါဝင်ဆင်နွှဲနိုင်ဖို့ မန္တလေးမြို့မှာရှိတဲ့ ဟိုတယ်တွေမှာ တည်းခိုနေတဲ့ နိုင်ငံခြားသားတွေကို လမ်းလျှောက်သင်္ကြန်ကို လာရောက်ပို့ဆောင်ပေးဖို့ အသိပေးအကြောင်းကြားထားပါတယ်။ စတုဒိသာမဏ္ဍပ်ကို ပေ ၁၀၀ အကျယ်အထိဆောက်လုပ်ထားတဲ့အတွက် လာရောက်စားသုံးတဲ့အပြင် နားနေအပန်းဖြေလို့လည်း ရပါတယ်။ ရခိုင်၊ မွန်၊ ရှမ်းစတဲ့ တိုင်းရင်းသားတွေကလည်း သူတို့ရိုးရာ သင်္ကြန်ပုံစံအတိုင်းပါဝင်ဆင်နွှဲကြမှာပါ။ လမ်းလျှောက်သင်္ကြန်ဆိုတဲ့အတိုင်း လမ်းလျှောက်ဝင်လာတာနဲ့ ရေပက်လို့ရမယ်၊ ဖျော်ဖြေပွဲတွေ ကြည့်လို့ရမယ်။ စတုဒိသာတွေ သုံးဆောင်လို့ရအောင် စီစဉ်ထားပါတယ်”ဟု ၎င်းက ပြောသည်။

ထို့အပြင် ခရီးသွားမြှင့်တင်ရေးဗဟိုမဏ္ဍပ်တွင် အထူးအစီအစဉ်ဖြင့် သင်္ကြန်ကာလအတွင်း ညပိုင်းတွင် ၇ နာရီခွဲမှ ၉ နာရီခွဲအထိ မြန်မာ့ရိုးရာသင်္ကြန်သီချင်းဆိုပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ပြီး ပထမဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ခုနစ်သိန်းနှင့် တတိယဆု သုံးသိန်းချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)ဥက္ကဋ္ဌ ဦးမျိုးရီက ပြောသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# သင်္ကြန်ကာလများတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှ

**ကျောက်မဲ မတ် ၂၈**

၁၃၇၈ ခုနှစ်၏ မဟာသင်္ကြန်အကြိုနှင့် သင်္ကြန်ပွဲတော်ကာလအတွင်း၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်တိုက်မှုများလျော့နည်းကျဆင်းရေးတို့အတွက် ရည်ရွယ်၍ အမှတ်(၁၂၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ကျောက်မဲခရိုင်) ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် အသိပေး၊ သတိပေး၊ တားမြစ်ချက်များပါသော လက်ကမ်းစာစောင်များကို မတ် ၂၆ ရက် နံနက်ပိုင်းက ကျောက်မဲမြို့တွင် ယာဉ်မောင်းသူများ၊ မော်တော်ဆိုင်ကယ် မောင်းနှင်စီးနင်းသူများအား ဝေငှပေးခဲ့သည်။

ယာဉ်အန္တရာယ်ကင်းရှင်းရေး ကြိုတင်အသိပညာပေးစာစောင်များကို ကျောက်မဲမြို့ လူစည်ကားရာနေရာများ၊ လမ်းဆုံလမ်းခွများနှင့် အဝေးပြေးကားလမ်းမတို့တွင် မတ် ၃၀ ရက်အထိ နေ့စဉ်ဝေငှဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သီပေါကိုလတ်**



# ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲရုံ၌ တာဝန်ထမ်းဆောင်ကြမည့် မဲရုံအဖွဲ့ဝင်များအား ဆင့်ပွားသင်တန်းပို့ချပြီးစီး



**ရန်ကုန် မတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အရှေ့ပိုင်းခရိုင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ ပြုလုပ်သော ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲရုံ၌ တာဝန်ထမ်းဆောင်ကြမည့် မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု ဆင့်ပွားသင်တန်းကို မဲရုံမှူး၊ ဒု-မဲရုံမှူးများမှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ရပ်ကွက်အသီးသီး၌ မတ် ၂၅ ရက်နှင့် ၂၆ ရက်က ပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်း၌ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်း တာဝန်ထမ်းဆောင်ကြမည့် မဲရုံအဖွဲ့ဝင်များဖြစ်သော ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အထက(၂)အခြေခံပညာ အထက်တန်းကျောင်း၊ လေးထောင့်ကန်၊ ရှမ်းတဲကြီး၊ စစ်ပင်၊ သုံးခွ၊ မလက်သ်၊ ၁၂၅၊ ၁၂၄၊ ၁၃၃၊ ၁၅၅ နှင့် ၁၅၆ ရပ်ကွက်၊ ကျေးရွာများမှ မဲရုံအဖွဲ့ဝင်များအတွက် မဲရုံမှူး၊ ဒု-မဲရုံမှူးများက ပြန်လည်ဆင့်ပွားသင်တန်းအား ကူညီပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပို့ချပေးခြင်းဖြစ်ပြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်း ၆၆ ရပ်ကွက်၌ မဲရုံပေါင်း ၁၆၉ ရုံတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံအဖွဲ့ဝင် ၈၇၀ ကျော်အတွက် ပို့ချပေးခြင်းဖြစ်သည်။ သင်တန်း၌ မဲစာရင်းစစ်ဆေးရမည့်ပုံစံအချက်အလက်များ၊ မဲလက်မှတ်ထုတ်ပေးမှုအတွက် ဆောင်ရန်၊ ရှောင်ရန်ပုံစံများနှင့် ဆန္ဒမဲထည့်မည့် ပြည်သူများအတွက် လုံခြုံရေးမင်တို့မှု ပုံစံများအား ပို့ချခဲ့ကြောင်း သိရသည်။

မတ် ၂၅ ရက်နှင့် ၂၆ ရက်က ပြုလုပ်ခဲ့သော ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲရုံ၌ တာဝန်ထမ်းဆောင်ကြမည့် မဲရုံအဖွဲ့ဝင်များအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုသင်တန်း၌ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုစိုး၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များဖြစ်ကြသော ဦးတင်မော်ဦး၊ ဦးမြင့်စိုး၊ ဦးလှဝေ၊ ဦးဝင်းဌေး၊ ဒေါ်သန်းသန်းထွေးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မေမြတ်မိုးမြင့်တို့က မဲရုံအဖွဲ့ဝင် တာဝန်ထမ်းဆောင်ကြမည့် သင်တန်းသားများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

# ကျောက်ဖြူမြို့နယ် တောင်မြောက်ရွာသစ် သုံးရွာ လျှပ်စစ်မီးရရှိတော့မည်

**ကျောက်ဖြူ မတ် ၂၈**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ်ရှိ စိုင်ခြုံကျေးရွာအုပ်စု တောင်မြောက်ရွာသစ်သုံးရွာတွင် မတ် ၃၁ ရက်မတိုင်မီ လျှပ်စစ်မီး ၂၄ နာရီရရှိတော့မည်ဟု သိရသည်။

ကျောက်ဖြူခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းဗညားအောင်ဆန်းလင်းက အနီးကပ်ကြီးကြပ်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးချမ်းမြေ့အောင်နှင့် လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်မီးသုံးစွဲမည့်အိမ်များအား အိမ်အတွင်း၊ အပြင် လျှပ်စစ်မီတာများနှင့် ဝိုင်ယာလိုင်းများကို စနစ်တကျတပ်ဆင်ထားမှုရှိမရှိ စိစစ်ပေးခြင်းနှင့် လူထုပညာပေးဟောပြောပွဲများပြုလုပ်ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ယခင်က အဆိုပါကျေးရွာများတွင် ဖယောင်းတိုင်မီး၊ ရေနံဆီမီးခွက်များဖြင့်သာ အလင်းရောင်ရရှိခဲ့ရာမှ မတ် ၃၁ ရက် နောက်ဆုံးထား၍ ၂၄ နာရီ လျှပ်စစ်မီး ရရှိတော့မည်ဖြစ်သည့်အတွက် ကျေးရွာနေပြည်သူများ ဝမ်းသာပျော်ရွှင်နေကြသည်။ ထို့အပြင် ကျောက်ဖြူမြို့ပေါ်ရှိ ရပ်ကွက်များတွင် ဓာတ်အားပိုမိုလုံလောက်စွာရရှိရေးအတွက် ရည်ရွယ်၍ ၁၆၀ကေဗွီအေထရန်စဖော်မာ လေးလုံးကိုလည်း တည်ဆောက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးချမ်းမြေ့အောင်ထံမှ သိရသည်။

**(၅၂၂)**



# နိုင်ငံခြားသားခရီးသည်မေ့ကျန်ခဲ့သည့်ဖုန်းအား ပြန်လည်ပေးအပ်

**ပဲခူး မတ် ၂၈**

အမှတ်(၁၄၂)အစုန် ရပ်စောက်-သာစည်ရထားတွင် စီးနင်းလိုက်ပါသည့် ဂျာမနီနိုင်ငံသူ RENGER မေ့ကျန်ခဲ့သည့် TABLET ဖုန်းတစ်လုံးအား ရထားရဲတပ်ဖွဲ့ အမှတ်(၁၁) တပ်ခွဲ(ပဲခူး)တပ်ခွဲမှူး ဒု-ရဲမှူးသက်ထွန်း ဦးစီး၍ (ပဲခူး)ရထားရဲစခန်း ခေတ္တစခန်းမှူး ရဲအုပ်စိုးနိုင်ဝင်းနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် မတ် ၂၆ ရက်က ပဲခူးတပ်ခွဲရုံးတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(ပဲခူး)မှ ရဲတပ်ကြပ်ကြီးအောင်နိုင်လင်း၊ ပဲခူးဘူတာရုံပိုင်ဦးဇော်လွင်ဦးနှင့် ပဲခူးဘူတာလက်မှတ်သိမ်း ဦးမြင့်စိုးတို့နှင့်အတူ ၎င်းနိုင်ငံခြားသူထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ရထားရဲတပ်ဖွဲ့)**

# ကလေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တမူး မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ရုံးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဆောင်ရွက်လျက်ရှိသော ပန်းသာကျေးရွာ အမာခံသဲကျောက်လမ်းခင်းခြင်း ပေ ၃၀၀၀ နှင့် အောင်ကံသာကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော ပန်းသာ-အင်ဒိုင်းလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများအား ကလေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျာညိုနှင့်အဖွဲ့က မတ် ၂၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မောင်အေးချမ်း)**

# ရွေးကောက်ပွဲဆိုင်ရာ Web နှင့် Mobile Apps များ အခမဲ့ရယူနိုင်



## ပြည်တွင်းရေးရာ

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အော်လောင်းပန်းရွာ ကားလမ်းသစ်ဖွင့်

**မင်းတပ် မတ် ၂၈**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အသစ်ဖောက်လုပ်သည့် မိုင် ၄၀ မှ အော်လောင်းပန်းရွာသို့ အရှည် ၁၁ မိုင်၊ အကျယ် ၁၈ ပေ၊ ရေမြောင်းအပါဖောက်လုပ်သည့် ကားလမ်းဖွင့်ပွဲကို မင်းတပ်မြို့နယ် အော်လောင်းပန်းကျေးရွာ၌ မတ် ၂၅ ရက်က ကျင်းပသည်။

ဖွင့်ပွဲတွင် မင်းတပ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမင်း၊ မင်းတပ်ခရိုင်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးသိမ်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတမ်အောင်၊ မင်းတပ်မြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးချမ်းသာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ လမ်းသည် အော်လောင်းပန်းရွာအပါအဝင် ကျေးရွာပေါင်းကိုးရွာနှင့် အိမ်ထောင်စု ၁၈၂ လူဦးရေ ၁၃၀၀ ခန့်ကို အကျိုးပြုမည်ဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၃၁ ဒသမ စသန်းဖြင့် ဇလပ်နီကုမ္ပဏီက သတ်မှတ်ကာလအတွင်း သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဖောက်လုပ်ထားကြောင်း၊ ထို့ပြင် ရွာအတွင်းသို့ရောက်အောင် နောက်ထပ်တစ်မိုင်အပိုကို ကုမ္ပဏီမှစေတနာဖြင့် ဖောက်လုပ်ပေး၍ အထူးကျေးဇူးတင်ရှိကြောင်း ကျေးရွာလူထုကိုယ်စား ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးမောင်းလောဟာက ပြောသည်။

**မင်းတပ်(ပြန်/ဆက်)**



## ဘားအံမြို့တွင် နူတ်ခမ်းကွဲဝေဒနာရှင် ၂၅ ဦးအား အခမဲ့ခွဲစိတ်ကုသပေး

**ဘားအံ မတ် ၂၈**

ကရင်ပြည်နယ် ဘားအံမြို့တွင် သီတဂူခွဲစိတ်ကုသရေးအဖွဲ့နှင့် ဘားအံပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ပူးပေါင်း၍ မတ် ၂၇ ရက် နံနက် ၉ နာရီမှစ၍ ဒုတိယရက်အနေဖြင့် နူတ်ခမ်းကွဲဝေဒနာရှင်၂၅ ဦးအား ဘားအံမြို့ပြည်သူ့ဆေးရုံ ခွဲစိတ်ဆောင်၌ အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

သီတဂူခွဲစိတ်ကုသရေးအဖွဲ့နှင့် ဘားအံပြည်သူ့ဆေးရုံကြီးမှအထူးကု ဆရာဝန်ကြီးများပူးပေါင်း၍ မတ် ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်တိုင်တိုင် ဘားအံမြို့နှင့် လှိုင်းဘွဲမြို့တို့တွင် အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးခဲ့ပြီး မတ် ၂၆ ရက်တွင် ဘားအံမြို့တွင် မျက်စိရောဂါဝေဒနာရှင်အမျိုးသား ၅၁ ဦး၊ အမျိုးသမီး ၆၃ ဦး စုစုပေါင်း ၁၁၄ဦး၊ နား၊နှာခေါင်း၊လည်ချောင်း ဝေဒနာရှင် အမျိုးသား ၂၆၊ အမျိုးသမီး ၄၂ ဦးစုစုပေါင်း ၆၈ဦးလာရောက်စမ်းသပ်ကုသပြီး မတ် ၂၇ ရက်တွင် နူတ်ခမ်းကွဲဝေဒနာရှင် ၂၅ဦးအား အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

အလားတူအဆိုပါ ခွဲစိတ်ကုသရေးအဖွဲ့မှ ဘယ်လ်ဂျီယံနိုင်ငံသားဆရာဝန်လေးဦးနှင့် ဘားအံပြည်သူ့ဆေးရုံကြီးမှအထူးကုဆရာဝန်ကြီးများအဖွဲ့သည် လှိုင်းဘွဲမြို့ပြည်သူ့ဆေးရုံတွင် မျက်စိရောဂါ ဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသပေးရာ လှိုင်းဘွဲမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ပတ်ဝန်းကျင် ကျေးရွာများမှ ပြင်ပလူနာ အမျိုးသား ၅၅ ဦး၊ အမျိုးသမီး ၉၄ ဦး စုစုပေါင်း ၉၁၄ ဦး လာရောက်၍ ကုသမှုခံယူကြကြောင်းနှင့် အဆိုပါမျက်စိဝေဒနာရှင်များမှ ခွဲစိတ်ရန်လိုအပ်သောသူများအား ဆက်လက် ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## အခြေခံစာကြည့်တိုက်ပညာသင်တန်း သီပေါမြို့နယ်၌ ဖွင့်

**သီပေါ မတ် ၂၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)နှင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစာကြည့်တိုက်ပညာ(ရက်တို)သင်တန်းဖွင့်ပွဲကို မတ် ၂၇ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး အမျိုးသားစာကြည့်တိုက် နေပြည်တော် ညွှန်ကြားရေးမှူးဒေါက်တာကေသီထွေးက အခြေခံစာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက် ဖောင်ဒေးရှင်း(ရှမ်း/မြောက်)တာဝန်ခံဦးမြသန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းထွန်းသိန်းတို့က သင်တန်းဖွင့်လှစ်ခြင်းနှင့် သင်တန်းစည်းမျဉ်းစည်းကမ်း၊ အချိန်ဇယားများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာစာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်လုပ်ငန်းစိတ်ပါဝင်စားသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



## ပထမတန်းသင်ရိုးသစ် တိုင်းဒေသကြီးအဆင့် အလုပ်ရုံဆွေးနွေး

**နေပြည်တော် မတ် ၂၈**

ပထမတန်းသင်ရိုးသစ် တိုင်းဒေသကြီးအဆင့် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ပညာရေး ညွှန်ကြားရေးမှူး ဦးစိုးဝင်းက အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြင့်အောင်က ဆွေးနွေးပွဲဆိုင်ရာ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲကို နည်းပြဆရာရှစ်ဦးက နေပြည်တော်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ သင်တန်းသား ၉၈ ဦးတို့အား မတ် ၂၄ ရက်မှ ဧပြီ ၈ ရက်ထိ ဆွေးနွေးပို့ချပေးမည်ဖြစ်ပြီး မြို့နယ်အဆင့်ဆွေးနွေးပွဲများကိုလည်း ဧပြီ ၂၄ ရက်မှ မေ ၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သန့်မောင်)**

## ဂျပန်ဖလားကရာတေးဒိုပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ရန်ကုန် မတ် ၂၈**

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးနှင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် (၇) ကြိမ်မြောက် ဂျပန်ဖလား ကရာတေးဒို ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို မတ် ၂၄ ရက်က ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အားကစားသမားများအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်မှ အမှုဆောင်နှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်၍လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံအမတ်ကြီး H.E.Mr. Tateshi Higuchi နှင့် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်တို့က (Senior) တန်း အမျိုးသားတစ်ဦးချင်း "ခတ"ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ မင်းဟိန်းခန့်၊ အမျိုးသား ၆၇ ကီလိုနှင့်အောက် "ကုမိတဲ့" ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အောင်ကျော်စိုး၊ အမျိုးသမီးတစ်ဦးချင်း"ခတ" ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရ ရှမ်းပြည်နယ်မှ ရီနွယ်ထွန်း၊ အမျိုးသမီး ၅၅ ကီလိုနှင့်အောက် "ကုမိတဲ့" ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရ ကာကွယ်ရေးဝန်ကြီးဌာနမှ ဧပရယ်ဖောနှင့် (Junior) တန်း အမျိုးသမီး ၅၃ကီလိုအထက် "ကုမိတဲ့" ပြိုင်ပွဲတွင် အကောင်းဆုံးဆုရ မန္တလေး(သိပ္ပံ)မှ သက်ဖူးဝေ၊ အမျိုးသမီး ၆၁ ကီလိုအထက် "ကုမိတဲ့" ပြိုင်ပွဲတွင်



အကောင်းဆုံးဆုရ မန္တလေး(သိပ္ပံ)မှ ဝေမင်းထွန်း၊ (cadet) တန်း အမျိုးသမီး ၄၇ ကီလိုအထက် "ကုမိတဲ့" ပြိုင်ပွဲတွင် အကောင်းဆုံးဆုရ ကယားပြည်နယ်မှ နေခြည်ထွန်း၊ အမျိုးသား ၅၇ ကီလိုအထက် "ကုမိတဲ့" ပြိုင်ပွဲတွင် အကောင်းဆုံးဆုရ ရန်ကုန်(သိပ္ပံ)မှ ဘုန်းမြတ်စံတို့နှင့် (၇) ကြိမ်မြောက် ဂျပန်ဖလားကရာတေးဒိုပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုဖလားကြီးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့က ရရှိခဲ့ရာ ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## မုံရွာမြို့နယ် ကျေးလက်ဒေသများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ဦးစားပေးဆောင်ရွက်

**မုံရွာ မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာများ နွေရာသီတွင် သောက်သုံးရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ဦးစီးအရာရှိ (နည်းပညာ) ဒေါ်စန်းစန်းမြင့်စိန်ထံမှ သိရသည်။

လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ပတ်သက်၍ ဦးစီးအရာရှိ (နည်းပညာ) ဒေါ်စန်းစန်းမြင့်စိန်က "နွေရာသီမှာ သောက်သုံးရေရှားပါး ပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ကိုင်းတော၊ ပလ္လင်(မ)၊ သာယာစု၊ ဖလန်ကျင်းနှင့် မရိုးတော(မ)စသည့် ကျေးရွာတွေမှာ စက်ရေတွင်း၊ ရေစက်ရုံ၊ ရေကန်များ တည်ဆောက်ပေးပြီး ဖြစ်ပါတယ်။ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ ဌာနဆိုင်ရာများနှင့် မြို့နယ်ကျေးလက်တို့၏ ပူးပေါင်းညှိနှိုင်း သုံးသပ်ချက်အရ ယခုနှစ် နွေရာသီမှာ ရေအခက်အခဲဖြစ်နိုင်တဲ့ ကျေးရွာခြောက်ရွာ ရှိနိုင်ပါတယ်။

"အဆိုပါ ရေအခက်အခဲရှိနိုင်သည့် ကျေးရွာခြောက်ရွာအနက်က ကျောက်ကွဲကျေးရွာမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့ငွေကျပ် ခြောက်သန်းတိတိဖြင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ကျေးလက်၊ ကျေးရွာရေကော်မတီဝင်တွေ၏ ပူးပေါင်းအားဖြင့် လေးလက်မအနက် ပေ ၇၀၀ ရှိသည့် စက်ရေတွင်း တူးဖော်ဆောင်ရွက်လျက်ရှိပါတယ်။

"ဒါ့အပြင် ကျောက်ခွက်ကျေးရွာအား သောက်သုံးရေ ပိုမိုရရှိစေရေးအတွက် စိမ့်စမ်းရေမှ ရေရယူခြင်းလုပ်ငန်းကို ဌာန၏ ကြီးကြပ်မှုဖြင့် အလှူရှင်နှင့် ကျေးရွာပြည်သူများပူးပေါင်းပြီး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ခတက္ကန် (မ)နှင့် တောင်ကြားကျေးရွာတို့တွင် ရေပိုမိုသုံးစွဲနိုင်စေရန် ရေရှည်လုပ်ငန်းအဖြစ် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ညောင်ပင်တဲကျေးရွာတွင်လည်း ရေသုံးစွဲမှုအဆင်ပြေစေရေးအတွက် ရေမြှုပ်ပန့် လဲလှယ်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။"

၎င်းက ဆက်လက်ပြောကြားရာတွင် "နွေရာသီမှာ ရုတ်တရက် ရေအခက်အခဲ တစ်စုံတစ်ရာ ရှိလာခဲ့မယ်ဆိုရင်လည်း အချိန်နှင့်တစ်ပြေးညီ ဌာနကို ဆက်သွယ်ပြီး ကျေးရွာတာဝန်ရှိသူတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့အတွက်လည်း ကြိုတင်စီစဉ်ထားရှိပြီး ဖြစ်ပါတယ်။ ယခုနှစ် နွေရာသီမှာ ကျေးလက်ဒေသတွေ သောက်သုံးရေ အခက်အခဲ မဖြစ်ပေါ်စေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၏ လမ်းညွှန်ချက်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီး၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ဦးဆောင်မှုဖြင့် အလှူရှင်များ၊ NGO များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံများ ပူးပေါင်းကာ အလေးထားဆောင်ရွက်သွားမယ်"ဟု ပြောကြားခဲ့သည်။

**(မောင်အေးချမ်း)**

❑

## ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း အလုပ်ရုံဆွေးနွေး

**သနပ်ပင် မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို မြို့နယ်အဆင့် စီမံကိန်းများတွင် ထည့်သွင်းပေါင်းစပ်နိုင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၄ ရက်ကကျင်းပရာ စီမံကိန်းရေးဆွဲ အကောင်ထည်ဖော်ရေးဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးတို့က အဖွင့်အမှာစကား ပြောကြားကြပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နီနီဝင်းက ကျေးလက်ဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအကြောင်းနှင့် ကဏ္ဍခွဲအသီးသီး၏ ဦးစားပေးစီမံချက်များကို ရှင်းလင်းပြောကြားကာ အဆိုပြုစီမံချက်များအား စိစစ်သုံးသပ်ပြီး ဌာနအလိုက် ရန်ပုံငွေလျာထား သတ်မှတ်နိုင်မည့် ဖြစ်နိုင်ခြေများအား ဆွေးနွေးခဲ့ကြသည်။

ထို့နောက် Development Planner ဦးကျော်စွာလွင်က ကျေးလက်ကဏ္ဍဆိုင်ရာ မြို့နယ်ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲပြုစုခြင်းဆိုင်ရာ ချဉ်းကပ်ပုံနှင့် နည်းလမ်းများရှင်းလင်းတင်ပြခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအား မြို့နယ်စီမံကိန်းများတွင် ထည့်သွင်းပေါင်းစပ်ရေးလုပ်ငန်းစဉ်များအပေါ် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကျော်ကျော်(IPRD)**

# M22 အမျိုးအစား ၄၀ မမ လောင်ချာ တွဲလျက် တစ်လက်၊ ကျည် အတောင့် ၃၀ ဆံ့ကျည်ကတ်အခွံ သိမ်းဆည်းရမိ



**ရန်ကုန် မတ် ၂၈**

တရားမဝင် ကုန်စည်များ ကူးသန်းရောင်းဝယ်နေမှုများကို အဓိက ကုန်စည်သယ်ပို့ရေးလမ်းကြောင်းနှစ်ခုဖြစ်သည့် မြန်မာနိုင်ငံအထက်ပိုင်း မန္တလေး-မူဆယ်လမ်းပေါ်ရှိ ရေပူစစ်ဆေးရေး ဂိတ်စခန်းနှင့် မြန်မာနိုင်ငံအောက်ပိုင်းရှိ ရန်ကုန်-မြဝတီလမ်းကြောင်းပေါ်ရှိ မရမ်းချောင် စစ်ဆေးရေးစခန်းတို့တွင် တားဆီးစစ်ဆေးအရေးယူလျက်ရှိရာ မန္တလေးမြို့မှ မူဆယ်မြို့သို့ သွားရောက်မည့် Mark II အမျိုးအစား လိုင်စင်မဲ့ယာဉ်တွင် M22 အမျိုးအစား ၄၀ မမ လောင်ချာ တွဲလျက် တစ်လက်၊ ကျည်အတောင့် ၃၀ ဆံ့ ကျည်ကတ်အခွံ တစ်ခုနှင့်အတူ လက်ကိုင်ဖုန်း ခြောက်လုံးကို ၁၆ မိုင် ကျောက်ချောပူးပေါင်းစစ်ဆေးရေးစခန်းတွင် မတ် ၂၆ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အဆိုပါ စစ်ဆေးရေးဂိတ်စခန်းမှ Mark II အမျိုးအစား လိုင်စင်မဲ့ယာဉ်ကို သတင်းအရ စစ်ဆေးခဲ့ရာ ယာဉ်နောက်ဖုံးအတွင်း ပီနံအိတ်ခွံဖြင့် ထုပ်ထားသည့် M22 အမျိုးအစား ၄၀ မမ လောင်ချာ တွဲလျက် တစ်လက်၊ ကျည်အတောင့်၃၀ ဆံ့ကျည်ကတ်အခွံ တစ်ခုနှင့်အတူ လက်ကိုင်ဖုန်း ခြောက်လုံးကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးလျက်ရှိရာ မတ် ၂၆ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တရားမဝင် ကုန်သွယ်နေမှုကို တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးကျပ် ၅၁ သန်းခန့်)နှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု(ခန့်မှန်းတန်ဖိုးကျပ် ၁၀၅ ဒသမ ၉၅၅ သန်းခန့်) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် မတ် ၁ ရက်မှ စတင်ကာ ရေပူစစ်ဆေးရေး ဂိတ်စခန်းနှင့် မရမ်းချောင် စစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ ပါဝင်သည့် အဖွဲ့များက တရားမဝင် ကုန်သွယ်မှုများကို တားဆီးစစ်ဆေး အရေးယူလျက်ရှိရာ မတ် ၂၇ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၆၅၀၊ သွင်းကုန် ၇၇၃ စီး၊ ရန်ကုန်- မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် အစီး ၁၉၀ စီးဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**(ဝဝ၁)**

## တာချီလိတ်၌ တရုတ်နိုင်ငံလုပ် လက်ပစ်ဗုံးတစ်လုံးတွေ့ရှိ



**တာချီလိတ် မတ် ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် မြတ်လေးလမ်းဘေးရှိ သဲပုံအတွင်းမှ (စနက်တံပါ) ပင်မဖြုတ်ရသေးသော လက်ပစ်ဗုံးတစ်လုံးကို မတ် ၂၈ ရက် နံနက် ၁၀ နာရီ ခွဲခန့်က တွေ့ရှိခဲ့သည်။

အဆိုပါ လက်ပစ်ဗုံးကို ရွှေနဂါး(၈၈) အိမ်ဆောက်ပစ္စည်းဆိုင် အရောင်းစာရေး ဦးညီညီသည် ဆိုင်နောက်ဘက်ရှိ သဲပုံအတွင်းမှ GRENADE HANT FRAG M.26A2 RDX/TNTLOT.4-83 တံဆိပ်ပါ တရုတ်နိုင်ငံလုပ် လက်ပစ်ဗုံး(စနက်တံပါ) ပင်မဖြုတ်ရသေးသော အစိမ်းရောင်တစ်လုံးကို တွေ့ရှိရ၍ တာဝန်ရှိသူများထံ သတင်းပို့ခဲ့သည်။ တာချီလိတ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းနုနှင့် ပူးပေါင်းအဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကာ အမှတ် (၉၁၃) စစ်မြေပြင်အင်ဂျင်နီယာ တပ်ရင်း တပ်ခွဲ(၃)မှ အမှတ်(၁)ချစ်ကြည်ရေးတံတား တာဝန်ကျ တပ်သား ဖိုးဇော်က စစ်ဗျူဟာအဖွဲ့(အခြေချ) တာချီလိတ်သို့ အပ်နှံခဲ့ရာ တာဝန်ရှိသူများက လက်ခံခဲ့ကြောင်း သိရသည်။ **(၁၁၁)**

## ပဲခူးမြစ်အတွင်းထင်းဆယ်ရာမှ ဗုံးသီးတစ်လုံးတွေ့ရှိ

**ပဲခူး မတ် ၂၈**

ပဲခူးမြို့နယ် အဝိုင်းကျေးရွာအုပ်စု ရွှေလေ့ကျေးရွာ ပဲခူးမြစ်ကူးရထားတံတားအောက်တွင် ယနေ့ နံနက်၁၀ နာရီခွဲခန့်က ပဲခူးမြစ်အတွင်း ထင်းဆယ်ရာမှ ဗုံးသီးတစ်လုံး တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၀ နာရီခွဲက ပဲခူးမြို့နယ်အဝိုင်းကျေးရွာအုပ်စု ရွှေလေ့စုကျေးရွာ အဝိုင်ရထားတံတားအောက် ပဲခူးမြစ်အတွင်း ကျောင်းစုကျေးရွာနှင့် ရွှေလေ့စု ကျေးရွာသားများ ဖြစ်ကြသော မောင်ထွေး(၄၅) နောင်ချိုစုကျေးရွာ၊ အေးစိုး( ၃၈ )နှစ်၊ မင်းစိုး(၄၀)နှစ် ကျောင်းစုရွာနေထိုင်သူတို့သည် မြစ် အတွင်း ထင်းဆယ်ကြရာမှ ရေအောက်သဲတွင် နစ်မြုပ်နေသော ဗုံးသီးတစ်လုံး ဆယ်ယူရရှိခဲ့သဖြင့် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး၏ဆက်သွယ်အကြောင်းကြားချက်အရ ပဲခူးမြို့မရဲစခန်းမှစခန်းမှူး ဒုရဲမှူးနိုင်စိုးနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ ပဲခူးအမှတ်(၂)နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်စိန်လွင်၊ နယ်ထိန်းအဖွဲ့ ခေါင်းဆောင် ဒုရဲအုပ်အောင်နိုင်ဝင်းနှင့်တပ်ဖွဲ့ဝင်များ နယ်မြေခံတပ်မှ တာဝန်ရှိသူများ ရောက်ရှိစစ်ဆေးခဲ့သည်။ ဗုံးသီးမှာ လုံးပတ် ၂၃ လက်မ ဒလက် လေးခုပါရှိပြီး အဆိုပါဗုံးသီးကို သက်ဆိုင်ရာတပ်သို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဇော်ရှင်း)**



## ဖရူဆိုမြို့နယ်၌ တရားမဝင် သယ်ဆောင်လာသည့် နွား ၇၅ ကောင် ဖမ်းဆီးရမိ

**ဖရူဆို မတ် ၂၈**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဖရူဆို မြို့နယ်တွင် မတ် ၂၅ ရက် နံနက် ၃ နာရီ ၂၅ မိနစ်ခန့်က လွိုင်ကော်ခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ဒုရဲအုပ် ထွန်းကိုကို ပါဝင်သောသုံးဦး၊ ပြည်နယ်မှုခင်းအကူမှ ဒုရဲအုပ်ဝင်းသိန်း ပါဝင်သော ရဲတပ်ကြပ်သုံးဦး၊ ဖရူဆိုမြို့နယ်ရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ် ရဲညွှန့်ရဲတပ်သား တစ်ဦးပါဝင်သည့်အဖွဲ့နှင့် သက်သေနှစ်ဦးနှင့်အတူ ဖရူဆိုမြို့နယ်ရှိ လွိုင်ကော် - ဘောလခဲ ကားလမ်းမပေါ်တွင် တရားမဝင် နွားများ ဖြတ်သန်းသယ်ဆောင်နေကြောင်း သတင်းရရှိ၍ စောင့်ဆိုင်းနေစဉ် ထီးပေါ်ဆိုကျေးရွာ လွိုင်ကော် - ဘောလခဲ ကားလမ်းမပေါ်ဖြစ်သည့် ဒီးမော့ဆိုဘက်မှ ဘောလခဲဘက်သို့ ဒီးမော့ဆိုမြို့နယ် ပတုံငန်ကျေးရွာနေ ယာဉ်မောင်း ဦးဂျိုးဇက် မောင်နှင်လာသည့် ယာဉ်အမှတ် ၅ခ/----၊ NISSAN DIESEN ၁၀ ဘီးယာဉ်ကို စစ်ဆေးရာ နွားထီး ၂၇ ကောင်၊ ဘောလခဲမြို့နယ် ရေနီပေါက်ကျေးရွာနေ ဦးဘူးရယ် မောင်းနှင်လာသည့် HINO ၁၀ ဘီးယာဉ်အမှတ် ၂ခ/---- ယာဉ်ပေါ်တွင် နွားထီး ၂၅ ကောင်၊ ဒီးမော့ဆိုမြို့နယ် လွယ်နန်းဖကျေးရွာနေ ယာဉ်မောင်း ဦးကဲနယ်ထူး မောင်းနှင်လာသည့် ယာဉ်အမှတ်၊ 3I/----၊ ဒန်ဘာ၊ (FORNAND) ခြောက်ဘီးယာဉ်ပေါ်တွင် နွားထီး ရှစ်ကောင်၊ ဖရူဆိုမြို့နယ် ထီးပေါ်ဆိုကျေးရွာနေ ယာဉ်မောင်း မော့ကို့ မောင်းနှင်လာသည့် နံပါတ်မပါ ခြောက်ဘီးတပ် လေးလုံးထိုးထော်လာဂျီယာဉ်ပေါ်တွင် နွားထီး ခုနစ် ကောင်၊ ဘောလခဲမြို့နယ် ရေနီပေါက်ကျေးရွာနေ ယာဉ်မောင်း ခေးရယ် မောင်းနှင်လာသည့် နံပါတ်မပါ ခြောက်ဘီးတပ် လေးလုံးထိုး ထော်လာဂျီယာဉ်ပေါ်တွင် နွားထီး ရှစ်ကောင် နွားကောင်ရေ စုစုပေါင်း ၇၅ ကောင်၊ ယာဉ်ငါးစီးနှင့်အတူ ခေါင်းဆောင်ဖြစ်သူ ဖရူဆိုမြို့နယ် ထီးပေါ်ဆိုကျေးရွာနေ နဲ့နယ်က ဒီးမော့ဆိုမြို့နယ် လွယ်နန်းဖကျေးရွာမှ နန်းဖဲကျေးရွာသို့ တရားမဝင်သယ်ဆောင်လာသော နွားများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးကာ တရားမဝင် နွား ၇၅ ကောင် သယ်ဆောင်လာသူများအား ဖရူဆိုမြို့နယ်ရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



**ကိုစိုင်း (လွိုင်ကော်)**

■

## မိုးသက်လေပြင်းနှင့်အတူ မိုးကြိုးပစ်ခံရ၍ နွားခြောက်ကောင်သေဆုံး

**ကျိုင်းလပ် မတ် ၂၈**

တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ မိုင်းပါလျှိုးကျေးရွာအုပ်စု နမ့်ဝမ်း(၁)ကျေးရွာနေ ဦးကျနီး၏နွားတင်းကုပ်ရှိ နွားခြောက်ကောင်မှာ ယနေ့ နံနက် ၅ နာရီခန့်က မိုးသက်လေပြင်းတိုက်ခတ်မှုနှင့်အတူ မိုးကြိုးပစ်ခံရမှုကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါမိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် နမ့်ကိုင်းကျေးရွာရှိဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲ သွပ် အမိုးအချပ် ၂၀ လန်ခြင်း၊ သစ်သားဒိုင်းများ ပျက်စီးခြင်းတို့ဖြစ်ပွားခဲ့သည့်အတွက် ကျိုင်းလပ်မြို့အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**





## ဆိုင်ကယ်ဆီထည့်စဉ် အင်ဂျင်ပေါ်ဆီကျရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**လက်ပံတန်း မတ် ၂၈**

လက်ပံတန်းမြို့နယ် မအူခုနှစ်ရပ်ကွက် မဟာဗျူဟာလမ်းဘေးဆီဆိုင်တွင် ယနေ့ နံနက် ၁၁ နာရီ မိနစ် ၂၀ခန့် က ဆိုင်ကယ်ဆီထည့်စဉ် အင်ဂျင်ပေါ်ဆီကျရာမှ အပူလွန်ကဲပြီးမီးလောင်မှုဖြစ်ပွားကြောင်းသိရသည်။

ဖြစ်စဉ်မှာ မအူခုနှစ်ရပ်ကွက် မဟာဗျူဟာလမ်းဘေးရှိ ပြုံးမောင်မောင်ကုန်စုံဆိုင်ရှေ့ တဲထိုးရောင်းချနေသော လှိုင်ဝင်း( ၄၀)နှစ် အောင်သိဒ္ဓိလမ်း ဘီးလင်းတန်းရပ်ကွက် နေသူပိုင် ဓာတ်ဆီအရောင်းဆိုင်တွင် NULANG 110 ကာဗာမပါသောဆိုင်ကယ်အားဆီထည့်စဉ် အင်ဂျင်ပေါ် ဆီကျရာမှ အပူလွန်ကဲ၍မီးစတင်လောင်ကျွမ်းကာ ဆီပီပါအခွံ လေးလုံး ဆီတစ်ဝက်ခန့်ရှိပီပါ တစ်လုံး NULANG110 ကာဗာမပါ ဆိုင်ကယ်တစ်စီး ဆုံးရှုံးခဲ့သည်။

မီးလောင်ရာနေရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးလင်းကျော်ဦးစီးသော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များမှ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၁၁ နာရီ၃၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ မီးပေါ့ဆစွာ သုံးစွဲသူ လှိုင်ဝင်းအား လက်ပံတန်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇော် ( ခရိုင်ပြန်/ဆက် )**

# မန်ယူအသင်း၏ မန်စီးတီးနှင့် လီဗာပူးတို့နှင့် ကစားသည့်ပွဲကိုသာ စိတ်လှုပ်ရှားစွာ ကြည့်ရှုလေ့ရှိဟု ဖာဂူဆန် ထုတ်ဖော်ပြောကြား





မန်ယူဂန္ထဝင်နည်းပြကြီး ဖာဂူဆန်က မန်ယူအသင်းကစားသည့် ပွဲစဉ်များတွင် လီဗာပူးနှင့် မန်စီးတီးအသင်းတို့နှင့် ရင်ဆိုင်ရသည့်ပွဲစဉ်များကသာ သူ့အား စိတ်လှုပ်ရှားမှုပေးစွမ်းနိုင်သည့် ပွဲစဉ်များဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ဖာဂူဆန်သည် မန်ယူအသင်းကို ၂၆ နှစ်ခွဲကိုင်တွယ်ခဲ့သည့် ကာလအတွင်း ပရီမီယာလိဂ်ဖလား ၁၃ ကြိမ်၊ ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်၊ အက်ဖ်အေဖလား ငါးကြိမ်နှင့် လိဂ်ဖလား လေးကြိမ် ဆွတ်ခူးပေးနိုင်သည့် နည်းပြကြီးတစ်ဦးဖြစ်သည်။

ဖာဂူဆန်က မန်ယူနည်းပြဘဝမှ အနားယူခဲ့ပြီးနောက် မန်ယူအသင်း၏ ပွဲစဉ်တိုင်းက ၎င်းကို စိတ်လှုပ်ရှားမှုမပေးနိုင်ဘဲ လီဗာပူးနှင့် မန်စီးတီးအသင်းတို့နှင့် မန်ယူအသင်း ကစားသည့်ပွဲစဉ်များကသာ စိတ်လှုပ်ရှားမှုပေးစွမ်းနိုင်ခဲ့ကြောင်း ဆိုခဲ့သည်။ မန်စီးတီးနှင့် လီဗာပူးအသင်းတို့မှာ ကစားဟန်ကောင်းမွန်သည့် အသင်းများသောကြောင့် မန်ယူအသင်း ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ စောင့်စားကြည့်ရှုရသည့်အချိန်များကို အင်မတန်နှစ်ခြိုက်သဘောကျကြောင်း ဆိုခဲ့သည်။

ဖာဂူဆန်က လက်ရှိတွင် မန်ယူအသင်းဒါရိုက်တာနှင့် သံတမန်အဖြစ် တာဝန်ယူဆောင်ရွက်နေသော်လည်း မန်ယူနည်းပြအဖြစ်မှ အနားယူသွားခဲ့သည့် သူ၏ ဆုံးဖြတ်ချက်အတွက် နောင်တရခြင်းမရှိကြောင်း ဆိုခဲ့သည်။ ထို့ပြင် ဖာဂူဆန်က အင်္ဂလိပ်များ၏ ကလပ်အသင်းရွေးချယ်အားပေးမှုသည် လူမျိုးစုဝါဒကို အစွဲပြုလေ့ရှိသည်ဖြစ်ရာ လန်ဒန်မြို့ခံကလပ်အသင်းများမှာလည်း အလယ်ပိုင်းကလပ်အသင်းများနှင့် ယော့ခ်ရှိုင်းယားကလပ်အသင်းများ စသဖြင့် ခွဲခြားအားပေးသည်ကို တွေ့ရမည်ဖြစ်ကြောင်း အင်္ဂလိပ်လူမျိုးများ၏ ဘောလုံးအားပေးမှုဓလေ့ကိုလည်း သုံးသပ်ပြခဲ့သည်။

မေလွဲ့သင်း - စုစည်းသည်



## မန်စီးတီးအသင်း ပေါင် ၃၅၀၀၀ ဒဏ်ရိုက်ခံရ

မတ် ၁၉ ရက် လီဗာပူးအသင်းနှင့် တစ်ဂိုးစီသရေကျသည့် ပွဲစဉ်တွင် မန်စီးတီးကစားသမားများ၏အပြုအမူကြောင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က မန်စီးတီးအသင်းကို ဒဏ်ငွေ ပေါင် ၃၅၀၀၀ ပေးဆောင်ရန် ချမှတ်လိုက်ပြီဖြစ်သည်။ လီဗာပူးအသင်းဘက်ကို ပင်နယ်တီခွင့်ပြုခဲ့စဉ် မန်စီးတီးကစားသမားများ လိုသည်ထက်ပို၍ စောဒကတက်နေသည်ကို ကလပ်အသင်းမှ တားဆီးရန်ပျက်ကွက်မှုကြောင့် အစောပိုင်းကတည်းက မန်စီးတီးအသင်းကို ပြစ်ဒဏ်ချမည်ဟု အက်ဖ်အေ(အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်)က ကြေညာခဲ့ပြီးဖြစ်သည်။

ယင်းအဖြစ်အပျက်သည် ပွဲကစားချိန်မိနစ် ၅၀ ဝန်းကျင်တွင်ဖြစ်ခဲ့ခြင်းဖြစ်ပြီး မန်စီးတီးနောက်ခံလူ ကလစ်ချီက ဖာမီနိုကို ပင်နယ်တီဧရိယာအတွင်း ပြစ်ဒဏ်ကျူးလွန်ခဲ့သဖြင့် ဒိုင်လူကြီး မိုက်ကယ်အိုလီဗာက ပင်နယ်တီပေးရန် ဆုံးဖြတ်ခဲ့သည်။ ရရှိသော ပင်နယ်တီပြစ်ဒဏ်ကို ဂျိမ်းစ်မီနာက ကန်သွင်းကာ လီဗာပူးအသင်းအတွက် အဖွင့်ဂိုးကို သွင်းယူခဲ့ပြီးနောက် ပွဲချိန် ၆၉ မိနစ်တွင် မန်စီးတီးတိုက်စစ်မှူး အဂူရိုက ချေပဂိုးပြန်လည်သွင်းယူကာ မန်စီးတီးအသင်းကို သရေတစ်မှတ်ရယူပေးခဲ့သည်။ ပြစ်ဒဏ် ကျူးလွန်ခဲ့သည့် မန်စီးတီးနောက်ခံလူ ကလစ်ချီနှင့် အလွန်အကျွံစောဒကတက်ခဲ့သည့် ကွင်းလယ်လူ ဒေးဗစ်ဆေးလ်ဗားတို့နှစ်ဦးစလုံးကို ဒိုင်က အဝါကတ်ပြသသတိပေးခဲ့ရသည်။

## ဘာစီလိုနာ မှ ထွက်ခွာမယ်ဆိုတဲ့ သတင်းများကို နေမာ ပြတ်ပြတ်သားသား ပယ်ချ

ဘာစီလိုနာတိုက်စစ်မှူး နေမာက အတွဲအဖက်မိလွန်းတဲ့ အသင်းဖော် မက်ဆီနှင့် ဆွာရက်ဇ်တို့ ရှိနေသမျှ သူလည်း ဘာစီလိုနာမှ ထွက်ခွာစရာ အကြောင်းမရှိကြောင်း မန်ယူသို့ ပြောင်းရွှေ့တော့မည်ဟူသော သတင်းများအပေါ် ပြတ်ပြတ်သားသား ပယ်ချလိုက်ပြီဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း နေမာက အနာဂတ်တစ်ချိန်ချိန်တွင် ပရီမီယာလိဂ်သို့ပြောင်းရွှေ့ကစားနိုင်သည်ဟု ရုပ်သံအစီအစဉ်တစ်ခုတွင် ဖြေကြားခဲ့ပြီးနောက် မန်ယူသို့ နေမာပြောင်းရွှေ့တော့မည်ဟူသော သတင်းများ ထွက်လာခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်းက နေမာကို ကာလကြာရှည်ကတည်းက စိတ်ဝင်စားနေခဲ့ပြီး နေမာအတွက် တစ်ပတ်လုပ်ခ ပေါင် ၄၇၅၀၀၀၊ ပြောင်းရွှေ့ကြေး ပေါင် ၁၇၅ သန်း အသုံးပြုကာ လာမည့်နွေစျေးကွက်အတွင်း အသင့်ခေါ်ယူရန် ပြင်ဆင်နေပြီဟု အားကစားသတင်း ဝက်ဘ်ဆိုက်များက ဖော်ပြခဲ့ကြသည်။

သို့သော် နေမာက တောင်အမေရိက တိုက်စစ်အတွဲ MSN (မက်ဆီ-ဆွာရက်ဇ်-နေမာ)ဆိုသည်မှာ လက်ရှိ ဘာစီလိုနာအသင်း၏ သင်္ကေတတစ်ခုဖြစ်နေပြီး အသင်းဖော်များနှင့် နားလည်မှုရှိရှိကစားနိုင်ခြင်းက ဆုလာဘ်တစ်ခုဖြစ်နေ၍ မက်ဆီနှင့် ဆွာရက်ဇ်တို့ရှိနေသရွေ့ သူလည်း အသင်းပြောင်းမည်မဟုတ်ကြောင်း ဆိုခဲ့သည်။

နေမာက "ကျွန်တော် ဘာစီလိုနာအသင်းမှာ ရှိနေတဲ့ ဒီကာလအတွင်း မက်ဆီက များစွာကူညီပေးခဲ့တဲ့သူပါ။ ကျွန်တော့်ကို စိတ်အေးအေးထား၊ ပွဲကိုပဲ အာရုံထားကစားဖို့ အမြဲသတိပေးနေသူဖြစ်တာကြောင့် သူဟာ ဘာလွန်းဒီအောဆု ဘယ်လောက်ရထားတဲ့ ကစားသမားဆိုတာတောင် ကျွန်တော်မတွေးမိနိုင်လောက်အောင်ပါပဲ။ ဒါကြောင့် သူဂိုးသွင်းနိုင်ဖို့ ကျွန်တော်ဖန်တီးမှုပြုရတဲ့အခါ အင်မတန်ပျော်ရွှင်မှုကို ခံစားရပါတယ်။ ဆွာရက်ဇ်ဆိုတာလည်း ကမ္ဘာ့အကောင်းဆုံး ကစားသမားတွေထဲက တစ်ယောက်ပါ"ဟု တိုက်စစ်ကစားဖော်များနှင့်ပတ်သက်၍ သူ၏အမြင်ကို ပြောကြားခဲ့သည်။

ပီလီက နေမာမှာ မက်ဆီနှင့် စီရိုနယ်လ်ဒိုတို့၏ ခြေရာကို လိုက်မီနိုင်မည့်သူဖြစ်ကြောင်း ဟောကိန်းထုတ်ပြောကြားခဲ့သော်လည်း ၎င်းကိုယ်တိုင်က အဆိုပါကြယ်ပွင့်ကစားသမားများ၏ အမာခံပရိသတ်ဖြစ်သောကြောင့် သူ့အား နှိုင်းယှဉ်ခြင်းမပြုရန်တောင်းဆိုခဲ့သည်။

## L'Equipe ၏ တောင်းပန်မှုကို ဗာရက်တီလက်ခံ



ပီအက်စ်ဂျီကွင်းလယ်လူ ဗာရက်တီက သူ၏အကြောင်းကို မမှန်မကန်ဖော်ပြခဲ့သည့် ပြင်သစ်နာမည်ကြီး မီဒီယာလုပ်ငန်းစု L'Equipe ၏ တောင်းပန်မှုကို လက်ခံလိုက်ပြီဟု ဂိုးလ်ဒေါ့ကွန်း၏ ဖော်ပြချက်အရ သိရသည်။ ဘာစီလိုနာကို ခြောက်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်မတိုင်မီ နှစ်ရက်အလိုတွင် ဗာရက်တီနှင့် အသင်းဖော် မာတူဒီတို့နှစ်ဦး ညဘက် ပါတီပွဲတက်ရောက်ခဲ့သည်ဟူသော အကြောင်းကို ဆောင်းပါးရေးသားကာ L'Equipe ၏ အွန်လိုင်းနှင့် ပုံနှိပ်မီဒီယာ နှစ်ခုစလုံးတို့တွင် ဖော်ပြခဲ့သည်။

သို့သော် ပဲရစ်နိုက်ကလပ်ရှိ လူအများ၏ ပြောကြားချက်အရ အဆိုပါကိစ္စရပ်မှာ မှားယွင်းသည့် စွပ်စွဲချက်သက်သက်သာဖြစ်သည်ကို အတည်ပြုနိုင်ခဲ့ပြီးနောက် L'Equipe က ပြန်လည် တောင်းပန်ခဲ့ရသည်။ ဗာရက်တီက မည်သည့်ရေးသားချက်မျိုးအတွက်မဆို အာဃာတတရားမရှိသလို တောင်းပန်မှုကိုလည်း လက်ခံပါကြောင်း သူ၏ အင်စတာဂရမ်စာမျက်နှာထက် ပြန်လည်ရေးသားခဲ့ခြင်းဖြင့် သူ၏ သဘောထားကို ဖော်ပြခဲ့သည်။ L'Equipe သည် ၎င်းတို့မီဒီယာ၏ မှားယွင်းရေးသားမှုအတွက် ဗာရက်တီနှင့် မာတူဒီတို့နှစ်ဦးစလုံးကို ပုဂ္ဂိုလ်ရေးအရ ပြန်လည်တောင်းပန်ခဲ့ရပြီးဖြစ်သည်။

# ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

## အပိုင်း ၆
## နေပြည်တော်ကောင်စီ

၃၂။ နေပြည်တော်ကောင်စီသည် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်၍ရသောရငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူ သုံးစွဲရမည်။

၃၃။ (က) နေပြည်တော်ကောင်စီ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၃) နှင့် (၁၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာ တွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်ကောင်စီ၏ ဇယား (၁၃) နှင့် (၁၄) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။

## အပိုင်း ၇
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃၅။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိ၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရမည်။

၃၆။ (က) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၅) နှင့် (၁၆) တို့တွင် မိမိနှင့် ယှဉ်တွဲ ဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ဇယား (၁၅) နှင့် (၁၆) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၈။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၈
## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၃၉။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိမိ၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ မိမိ၏ ဘဏ္ဍာငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကိုဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူရမည်။

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန် အလို့ငှာ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၄၀။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၇) နှင့် (၁၈) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဇယား (၁၇) နှင့် (၁၈) တို့တွင် ဖော်ပြထားသောရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

၄၂။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ အသားတင် အမြတ်ငွေ၏ လေးဆယ်ရာခိုင်နှုန်းနှင့်ညီမျှသော ငွေပမာဏကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေသီးသန့်ငွေစာရင်းသို့ ပေးသွင်းပြီး အသားတင်အမြတ်ငွေမှ ကျန်ရှိငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကိုင်ဆောင်ထားသော အစိုးရငွေချေး သက်သေခံလက်မှတ်များကိုရွေးယူရန် အသုံးပြုပြီးနောက် ကျန်ရှိသောအသားတင် အမြတ်လက်ကျန်ငွေကို နိုင်ငံတော်သို့ ထည့်ဝင်ရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

(ဂ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ္ဍာရေးနှစ်ကုန်ဆုံး၍ အရှုံးပေါ်ပေါက်ပါက အဆိုပါအရှုံးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေသီးသန့်ငွေစာရင်းမှ ခုနှိမ်ရမည်။

(ဃ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ ချေးငွေထုတ်ချေးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊အမျိုးသားလွှတ်တော်၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊
ပြည်ထောင်စုရှေ့နေချုပ်၊ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့

ဇယား(၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နိုင်ငံတော်သမ္မတ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | | | | | | | | | | |
| ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၉၉.၀၆၀ | | | | | | | | | ၉၉.၀၆၀ |
| ၃ | ပြည်ထောင်စုလွှတ်တော် | ပြည်ထောင်စုလွှတ်တော်နာယကသို့မဟုတ် ပြည်ထောင်စုလွှတ်တော်နာယက ကတာဝန်ပေးသူ | | | ၁၇.၄၀၀ | | | | ၆၆၃.၆၀၀ | | ၉၉၅.၄၀၀ | | | ၁.၆၇၆.၄၀၀ |
| ၄ | ပြည်သူ့လွှတ်တော် | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသို့မဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၀.၂၀၀ | | | | | | | | | ၀.၂၀၀ |
| ၅ | အမျိုးသားလွှတ်တော် | အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၀.၄၀၀ | | | | | | | | | ၀.၄၀၀ |
| ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၉၀.၀၅၀ | | | | | | | | | ၉၀.၀၅၀ |
| ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌသို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌကတာဝန်ပေးသူ | | | ၀.၀၅၀ | | | | | | | | | ၀.၀၅၀ |
| ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌကတာဝန်ပေးသူ | | | ၁.၂၀၀ | | | | | | | | | ၁.၂၀၀ |
| ၉ | ပြည်ထောင်စုရှေ့နေချုပ် | ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသူ | | | ၃၈.၆၀၀ | | | | | | | | | ၃၈.၆၀၀ |
| ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်ကတာဝန်ပေးသူ | | | ၁၅၄.၃၄၀ | | | | ၈၃၇.၁၈၀ | | ၁.၂၅၅.၇၇၀ | | | ၂.၂၄၇.၂၉၀ |
| ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၄၂.၆၇၀ | | | | | | | | | ၄၂.၆၇၀ |
| | ပေါင်း | | | | ၄၄၃.၉၇၀ | | | | ၁.၅၀၀.၇၈၀ | | ၂.၂၅၁.၁၇၀ | | | ၄.၁၉၅.၉၂၀ |

ဆက်လက်ဖော်ပြပါမည်။

## မြေကမ်းပါးပြိုကျ၍ ဒဏ်ရာရ၊ သေဆုံးသူများအတွက် ထောက်ပံ့ငွေများပေးအပ်

**ဘားအံ မတ် ၂၈**

ကရင်ပြည်နယ် ဘားအံမြို့နယ် ခဲတောက်ကျေးရွာအုပ်စု ကျုံပိုက်ကျေးရွာ၌ မြစ်ကမ်းထိန်းနံရံတည်ဆောက်နေသည့်လုပ်ငန်းခွင်အတွင်း မတ် ၂၂ ရက် မွန်းလွဲ ၂ နာရီက မြေကမ်းပါးပြိုကျသဖြင့် ထိခိုက်ဒဏ်ရာရ သေဆုံးခဲ့သည့် အလုပ်သမားများအတွက် ကရင်ပြည်နယ် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ မတ် ၂၅ ရက်က ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရ သေဆုံးသူများအတွက် ထောက်ပံ့ငွေများပေးအပ်ရာတွင် ကရင်ပြည်နယ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းလင်းက ထိခိုက်သေဆုံးသူသုံးဦးအတွက်တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီအားလည်းကောင်း၊ ဒဏ်ရရှိသူနှစ်ဦးအတွက် တစ်ဦးလျှင် ငွေကျပ်ရှစ်သိန်းစီအားလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ရာ ဒဏ်ရာရသေဆုံးသူများ၏ကိုယ်စား မိသားစုဝင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ငွေများပေးအပ်ရာသို့ ကာယကံရှင်မိသားစုဝင်များ၊ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းမှ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသည့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

ယင်းသို့ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရ သေဆုံးသူများအတွက် ကရင်ပြည်နယ် အိမ်ခြံမြေဝန်ဆောင်မှုအသင်းမှ ထောက်ပံ့ငွေကျပ် နှစ်သိန်းခွဲအား အသင်းဥက္ကဋ္ဌ ဦးဇော်ဌေးကလည်းကောင်း၊ မြန်မာနိုင်ငံလက်ဝှေ့ဒိုင်အဖွဲ့ချုပ် ကရင်ပြည်နယ် မျိုးဆက်သစ် လက်ဝှေ့ကလပ်နည်းပြ ဦးအောင်မွန်က ငွေကျပ် တစ်သိန်းအားလည်းကောင်း မိသားစုဝင်များထံသို့ တိုက်ရိုက်ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

## လွိုင်ကော်မြို့၌ ကလေးစာပေပွဲတော် ဖွင့်ပွဲကျင်းပ




**လွိုင်ကော် မတ် ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေးနှင့် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမြင့်ဝေတို့က ကလေးစာပေပွဲတော်အား ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ကလေးစာပေပွဲတော်သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်ပြီး မူလွန်နမ့်ကွတ်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်ဖြင့် တေးသရုပ်ဖော်ကပြ၍လည်းကောင်း၊ မူလွန်ရေနီကန်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ကာယစွမ်းရည်သရုပ်ပြကပြ၍လည်းကောင်း၊ အ. ထ. က(ခွဲ) ချိကယ်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ကယားရိုးရာတေးသီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေခဲ့သည်။

ကလေးစာပေပွဲတော်တွင် ဉာဏ်ရည်ဉာဏ်သွေး ဖော်ထုတ်သည့် တစ်ဦးချင်းနှင့်အဖွဲ့လိုက် ဂိမ်းကစားပွဲများ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ၊ ကလေးစာဖတ်ခန်းနှင့် ကလေးများနှင့်ပတ်သက်သည့် ပျော်ပွဲရွှင်ပွဲများ ကျင်းပနေမှုအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ကလေးစာပေပွဲတော်ကို ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အတွေးအခေါ် အယူအဆများ ထက်မြက်လာစေရန်၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ စာပေနှင့်ရင်းနှီးပြီး စာဖတ်ခြင်းတွင် ပျော်မွေ့တတ်လာစေရန်၊ ကလေးများ၏ ပျော်ရွှင်မှုကို ဖန်တီးပေးရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးပညာသင်ကျောင်း၊ မူလတန်းကြိုကျောင်း၊ ကိုယ်ပိုင်စာသင်ကျောင်းများမှ ကလေးများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမည့် ၂၄ နာရီ လျှပ်စစ်ဓာတ်အားမီးလင်းရေးဆောင်ရွက်



**တာချီလိတ် မတ် ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့တွင် ရှင်းလုံထုတ်လုပ်မှုကုမ္ပဏီလီမိတက်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံမှ MCM ကုမ္ပဏီလီမိတက်တို့ပူးပေါင်း၍ ၂၄ နာရီ လျှပ်စစ်ဓာတ်အားမီးလင်းရေးဖွင့်ပွဲကို မတ် ၂၆ ရက် နံနက် ၉ နာရီက အမှတ်(၃)ရပ်ကွက် မြန်မာ-လာအိုချစ်ကြည်ရေးတံတားအနီး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ၂၄ နာရီ လျှပ်စစ်ဓာတ်အားမီးလင်းရေးဖွင့်ပွဲကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများဖြစ်သည့် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်း၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှုန်တစ်လုံ၊ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ ရှင်းလုံထုတ်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းထွန်းလှိုင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံမှ လျှပ်စစ်စွမ်းအင်နှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Baunma Mani Vong နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ရှမ်းပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်းက အဖွင့်အမှာစကားပြောကြားပြီး၊ လာအိုနိုင်ငံမှ လျှပ်စစ်စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက နှစ်နိုင်ငံမီးလင်းရေးလုပ်ငန်းဆောင်ရွက်နိုင်ခဲ့မှုအပေါ် အကျိုးရှိရှိ ရေရှည်စနစ်တကျထိန်းသိမ်းစီမံဆောင်ရွက်ရေး ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူးက ၂၄ နာရီလျှပ်စစ်မီးရရှိရေးဆောင်ရွက်ခဲ့မှုနှင့် လျှပ်စစ်မီးရရှိ၍ ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဖွံ့ဖြိုးပြီး လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်စေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ လာအိုနိုင်ငံမှ မိုင်းလောင်းမြို့နယ်အုပ်ချုပ်ရေးမှူးက မီးလင်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့မှုအား ရှင်းလင်း ပြောကြားသည်။

အဆိုပါ ၂၄ နာရီ လျှပ်စစ်ဓာတ်အား ၅ မဂ္ဂါဝပ်ကို ကျိုင်းလပ်မြို့မှ ကီလိုမီတာ (၃၀)ခန့်ကွာဝေးသည့် လာအိုနိုင်ငံ၊ မိုင်းလောင်းမြို့နယ်မှ ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ လုပ်ငန်းစတင်သွယ်တန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မီတာဘောက်စ်တပ်ဆင်ခအဖြစ် ထိုင်းဘတ်ငွေ နှစ်သောင်းငါးထောင်အား သုံးရစ်ဖြင့် အရစ်ကျငွေပေးသွင်းစေ၍ တပ်ဆင်ပေးခြင်းဖြစ်ရာ ကျိုင်းလပ်မြို့ရှိ အိမ်ခြေ ၂၀၀ ခန့် စတင်သွယ်တန်းဖြန့်ဖြူးပေးနိုင်ပြီဖြစ်သည်။

ယင်း လျှပ်စစ်မီတာသုံးစွဲမှုအတွက် တစ်ယူနစ်လျှင် ထိုင်းဘတ်ငွေ ခြောက်ဘတ်နှုန်းဖြင့် ကောက်ခံမည်ဖြစ်ပြီး တာလေမြို့အထိ ဆက်လက်သွယ်တန်းဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## အခြေခံ အဆောက်အအုံဆိုင်ရာ သင်တန်းဖွင့်လှစ်

**မကွေး မတ် ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ်အတွင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်အဖွဲ့တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်း (Community Driven Development-CDD) ၏ ပထမနှစ်စီမံကိန်းစက်ဝန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် နည်းပညာစည်းရုံးရေးမှူး (Technical Facilitator-TF ) တို့အား သင်ကြားပို့ချသော အခြေခံအဆောက်အအုံဆိုင်ရာ သင်တန်းအမှတ်စဉ် (၂)ကို မြို့နယ်လူထုဗဟိုပြုစီမံကိန်းတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

နည်းပညာစည်းရုံးရေးမှူး (Technical Facilitator-TF ) များသည် စီမံကိန်းလုပ်ငန်း(ခွဲ)များ ဆောင်ရွက်ရာတွင် ဒီဇိုင်းများရေးဆွဲခြင်း၊ ခန့်မှန်းကုန်ကျစရိတ်များ တွက်ချက်ခြင်းတို့အား ကျွမ်းကျင်စွာပြုလုပ်ဆောင်ရွက်နိုင်ရန် ဖွင့်လှစ်သင်ကြားရခြင်းဖြစ်သည်။

ယင်းသင်တန်းကို ငါးရက်ကြာဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၁၈ ဦး တက်ရောက်သင်ကြားကြောင်း သိရသည်။

**ဇင်မာညွန့်(ဆော)**

## စာရေးဆရာများအသင်း မဂ္ဂဇင်းထုတ်ဝေရန် စီစဉ်

**မကွေး မတ် ၂၈**

မကွေးမြို့နယ် စာရေးဆရာများအသင်းမဂ္ဂဇင်းထုတ်ဝေရန် ကော်မတီဖွဲ့စည်းခြင်းကို မတ် ၂၇ ရက် နံနက် ၉ နာရီက မကွေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Center ခန်းမ၌ ကျင်းပခဲ့သည်။

မကွေးမြို့နယ် စာရေးဆရာများအသင်းမဂ္ဂဇင်း ထုတ်ဝေရန်အတွက် မကွေးမြို့နယ် စာရေးဆရာများအသင်းဥက္ကဋ္ဌ ရေနံ့သာအောင်ချမ်းဇော်က မကွေးမြို့နယ် စာရေးဆရာများအသင်းမဂ္ဂဇင်း ထုတ်ဝေရန်အတွက် ကော်မတီများကို စနစ်တကျဖွဲ့စည်းပြီး ထုတ်ဝေမည့်အစီအစဉ်များအား ရှင်းလင်းပြောကြားခဲ့သည်။ မကွေးမြို့နယ် စာရေးဆရာများအသင်းမဂ္ဂဇင်းကို စာရေးဆရာ ရေနံ့သာအောင်ချမ်းဇော်၊ တင်လင်းဇော်၊ ဝင်းမောင်၊ မင်းကျော်ဇော၊ ဝင်းသက်ခိုင်၊ နေခြည်၊ လွမ်းထား၊ ကောင်းသုတ၊ စာရေးဆရာမ နော်လီကိုတို့နှင့် ဖွဲ့စည်းထားပြီး စာရေးဆရာကလောင်သစ်များကိုလည်း စင်တင်ပေးမည်ဖြစ်ပြီး စာမူများကို ဧပြီ ၃၀ ရက် အရောက် ထုတ်ဝေရန်အတွက် မကွေးမြို့နယ် စာရေးဆရာများအသင်းဥက္ကဋ္ဌ ရေနံ့သာအောင်ချမ်းဇော်နှင့် အတွင်းရေးမှူး မင်းကျော်ဇောတို့ထံ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**



## အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်တို့ပူးပေါင်း၍ အခြေခံတင်းနစ်သင်တန်းဖွင့်လှစ်

**ချောက် မတ် ၂၈**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်တို့ပူးပေါင်း၍ အမှတ်(၁) ရေနံရိပ်သာတွင် မတ် ၂၇ ရက် နံနက် ၈ နာရီက နွေရာသီအခြေခံတင်းနစ်သင်တန်း ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ ချောက်လမ်းရွာအထွေထွေမန်နေဂျာ ဦးကရင်နော်အောင်က အဖွင့်အမှာစကား ပြောကြားပြီး အားကစားနှင့်ကာယပညာဦးစီးမှူး ဦးကျော်ကျော်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အမှုဆောင် ဦးအောင်ငွေက သင်တန်းအကြောင်းရှင်းလင်းပြောပြပြီး အသက်ငါးနှစ်မှ ၁၂ နှစ်အတွင်း မည်သူမဆို စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နည်းပြချုပ် ဦးမင်းမင်းနှင့် သင်တန်းနည်းပြဆရာ ၁၀ ယောက်တို့မှ သင်ကြားပို့ချမည်ဖြစ်၍ သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက်ခဲ့ရာ မတ် ၂၇ ရက်မှ စတင်သင်ကြားပြီး ဧပြီ ၅ ရက် တွင် သင်တန်းပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

# မိမိရဲ့ပုံတူရုပ်တုကို ကိုယ်တိုင်ပြန်လည်ဖွင့်လှစ်ပေးလိုက်တဲ့ ဆန်းချက်ဇ်




အသင်းခေါင်းဆောင်ဆိုတာထက် ပုံမှန်ပွဲထွက်ကစားခွင့်ကိုပဲ အလိုရှိတဲ့ ဂျိုးဟတ်၊ ပွဲပယ်ပြစ်ဒဏ်အပြင် လစာပါဖြတ်တဲ့ တရုတ်စူပါလိဂ်၊ လာမာစီယာထက် ကစားသမားတွေ ပိုမိုပေါ်ထွက်ခဲ့တဲ့ ကလပ်ဆိုရှယ်ပါကေး စတဲ့ စတဲ့ သတင်းတွေအပြင် တစ်ပတ်အတွင်း ထူးခြားအားကစားသတင်တွေကို တင်ဆက်ပေးလိုက်ပါတယ်။

**ဇာတိမြေမှ အပြုံးပန်းများ**

အာဂျင်တီးနားအသင်းကို ရှုံးနိမ့်ပြီး ၂၄ နာရီမပြည့်ခင်မှာပဲ အာဆင်နယ်တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်က သူ့ရဲ့ဇာတိ တိုကိုပီလာမှာထားရှိမယ့် သူ့ရဲ့ပုံတူရုပ်တုကို ကိုယ်တိုင်တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါတယ်။ အဲဒီဖွင့်ပွဲအခမ်းအနားကို ပရိသတ်ရာချီတက်ရောက်ခဲ့ပြီး သူက "လူတွေက ဒီလူ ဘာမှဖြစ်ဖြစ်မြောက်မြောက် စွမ်းဆောင်ခဲ့တာမရှိဘူးလို့ ဖြေမှာထက် ဝမ်းနည်းစရာကောင်းတာမရှိပါဘူး" လို့ အခမ်းအနားမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။ ဆန်းချက်ဇ်ဟာ သူ့ရဲ့ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို လွန်ခဲ့တဲ့ ၁၁ နှစ်တာကာလက ဇာတိမြေကလပ် ကိုလိုကိုလိုအသင်းမှာ စတင်ခဲ့တာပဲဖြစ်ပါတယ်။ ဒီရုပ်တုကို ချီလီအသင်း ၂၀၁၅ ကိုပါအမေရိကဖလားပြိုင်ပွဲမှ ဗိုလ်စွဲပြီးကတည်းက ထုလုပ်ခဲ့တာဖြစ်ပြီး အခုမှ ဖွင့်ပွဲအခမ်းအနားကျင်းပနိုင်ခဲ့တာဖြစ်ပါတယ်။ ဒီရုပ်တုကို ထုဆစ်ခဲ့တဲ့ ဖန်တီးရှင် မာကိုဗန်ဂါရာကို ဆန်းချက်ဇ်က သူ့ရဲ့ ချီလီအသင်းဂျာစီကို လက်မှတ်ရေးထိုးကာ လက်ဆောင်အဖြစ်ပေးခဲ့တဲ့အတွက် ဗန်ဂါရာက အာဂျင်တီးနားအသင်းနဲ့ ကစားတဲ့ပွဲစဉ်မှာ အဲဒီဂျာစီကို ဝတ်ဆင်ပြီး အားပေးခဲ့တာကိုလည်း တွေ့ရပါတယ်။ ဆန်းချက်ဇ်ဟာ အာဆင်နယ်နဲ့ အနာဂတ်မသေချာ မရေရာဘူးလို့ သတင်းထွက်နေပေမယ့် ချီလီအသင်းအတွက်တော့ အမြဲတမ်းသူရဲကောင်းဖြစ်နေသလို ကိုပါအမေရိကဖလားကို နှစ်ကြိမ်ဆက်တိုက်ရရှိအောင် အဓိကကူညီပေးခဲ့သူလည်း ဖြစ်ပါတယ်။

## ကြယ်ပွင့်တွေ စီခြယ်ခဲ့ပေမယ့်

ဒေ့ါမွန်အသင်းတိုက်စစ်မှူး အော့ဘာမီယန်က ရှော်လ်ကေးအသင်းနဲ့ကစားမယ့် ဒါဘီပွဲမတိုင်မီ ဆံပင်ညှပ်ကာ ဒေ့ါမွန်အသင်းကိုယ်စားပြုအဝါရောင်ကြယ်ပွင့်တွေကိုရေးထိုးပြီး ဆံပင်သစ်နဲ့ပုံကို ဗီဒီယိုရိုက်ကူးကာ သူ့ရဲ့ အင်စတာဂရမ် စာမျက်နှာထက် တင်ခဲ့ပါတယ်။ အများစုကတော့ အော့ဘာမီယန်ရဲ့ ဒီပုံစံကို အပြုသဘောဆောင်တဲ့ မှတ်ချက်တွေ ရေးသားကြပေမယ့် အချို့ကတော့ အော့ဘာမီယန် တစ်ယောက် ပေါ့ဘာကို အားကျနေပြီဆိုတဲ့ ရေးသားမှုတွေလည်း တွေ့ခဲ့ရပါတယ်။

အော့ဘာမီယန်ဟာ လက်ရှိ ဘွန်ဒက်စ်လီဂါမှာ သွင်းဂိုး ၂၃ ဂိုးအထိသွင်းယူထားနိုင်တဲ့ ထိပ်တန်းဂိုးသွင်းရှင်ဖြစ်ပြီး ဘိုင်ယန်တိုက်စစ်မှူး လီဝန်ဒေါစကီးထက်တောင် သွင်းဂိုးနှစ်ဂိုး ပိုမိုများနေသေးတဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။

ဒါပေမယ့် ဒေ့ါမွန်အသင်းဟာ ဧပြီတစ်လတည်း ကိုးပွဲတောင်ကစားဖို့ရှိနေပြီး ဒီပွဲစဉ်တွေထဲမှာ မိုနာကိုအသင်းနဲ့ကစားမယ့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်၊ ဘိုင်ယန်မြူးနစ် ကိုလိဂ်ဖလားပွဲနဲ့ ဘွန်ဒက်စ်လီဂါ ပွဲစဉ်နှစ်ပွဲလုံးမှာ ရင်ဆိုင်ရဦးမှာဖြစ်တာကြောင့် အော့ဘာမီယန်သူ့ဆံပင်ကို ဒီလိုပြင်နေဖို့ အချိန်ရှိမှာမဟုတ်ဘူးဆိုတဲ့ မှတ်ချက်တွေလည်း ရှိနေပါတယ်။

**မေလှဲ့သင်း ရေးသားသည်**

## ရှန်းနီလိုဖြစ်မှာကို စိတ်ပူနေရတယ်လို့ ဝန်ခံလိုက်တဲ့ ဂျိုးဟတ်

မန်စီးတီးဂိုးသမား ဂျိုးဟတ်က လစ်သူယေးနီးယားကို နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့တဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ အသင်းခေါင်းဆောင်လက်ပတ်ကို ဆင်မြန်းခွင့်ရပေမယ့် လက်ရွေးစင်အသင်းကနေ ချက်ချင်းနေရာပျောက်မှာကို စိုးရိမ်မိကြောင်း ဝန်ခံလိုက်ပါတယ်။ ဂျိုးဟတ်ဟာ ဂယ်ရီကာဟေးလ် (ပွဲပယ်ပြစ်ဒဏ်)၊ စမောလင်းနဲ့ ဂျော်ဒန်ဟန်ဒါဆင် (ဒဏ်ရာပြဿနာ) တွေ ကြုံတွေ့နေချိန်မှာ အင်္ဂလန်အသင်း ခေါင်းဆောင်လက်ပတ် ဆင်မြန်းခွင့်ရခဲ့တာဖြစ်ပါတယ်။ ဂျိုးဟတ်က အပြောင်းအလဲမြန်တဲ့ ဒီနေ့ခေတ် ဘောလုံးလောကမှာ နာမည်ဂုဏ်သတင်းဆိုတာဟာ ကစားသမားတစ်ယောက်ကို အာမခံပေးနိုင်ခြင်း မရှိတဲ့အတွက် သူလည်း အသင်းခေါင်းဆောင်ရှန်းနီလို လက်ရွေးစင်အသင်းမှာပါ ရုတ်တရက် နေရာပျောက်သွားမှာ စိုးရိမ်မိကြောင်း ဆိုလိုက်ပါတယ်။ ရှန်းနီဟာ အင်္ဂလန်အသင်းအတွက် ၁၁၉ ပွဲဝင်ရောက်ကစားပြီး သွင်းဂိုး ၅၃ ဂိုးအထိ ရယူပေးထားနိုင်တဲ့ ဂိုးသွင်းစံချိန်ရှင် အားကစားသမားဖြစ်ပါတယ်။




ဒါပေမယ့် ဒီနေ့အချိန်မှာတော့ မန်ယူအသင်းမှာ နေရာပျောက်နေတဲ့ ရှန်းနီဟာ အင်္ဂလန်အသင်းမှာပါ ဆက်လက်နေရာပျောက်နေပြီး နည်းပြဆောက်ဂိတ်ကလည်း ရှန်းနီ လက်ရွေးစင်အသင်းကနေ အနားယူမယ်ဆိုတာကို တရားဝင်ကြေညာဖို့ ဖိအားပေးနေတယ်လို့ သိရပါတယ်။ ဂျိုးဟတ်ကလည်း အရင်က မန်စီးတီးအသင်းရဲ့ ပထမဂိုးသမားဖြစ်ခဲ့ပေမယ့် နည်းပြအပြောင်းအလဲနဲ့အတူ မန်စီးတီးအသင်းကနေ တိုရီနိုကို အငှားနဲ့ လာရောက်ကစားနေရသူဖြစ်ပြီး ကျန်အင်္ဂလန်ဂိုးသမားတွေ လက်စွမ်းပြနေတဲ့ ပရီမီယာလိဂ်မှာ သူ့ရဲ့ အနာဂတ်မရှိတော့ဘူးလို့ ပြောကြားလိုက်ပါတယ်။



## လာမာစီယာထက် မက်ဆီလက်သစ်တွေ ထွက်ပေါ်ဖွယ်ရှိတဲ့ ကလပ်ဆိုရှယ်ပါကေး

အာဂျင်တီးနားနိုင်ငံ ပြူနိုအေးရိစ်မြို့ရဲ့ ကလပ်ဆိုရှယ်ပါကေးအမည်ရတဲ့ ဘောလုံးအကယ်ဒမီကျောင်းဟာ ဒီယေဂိုမာရာဒိုနာ၊ ရီကွယ်မီးလ်နဲ့ ကားလို့စ်တီဗက်ဇ်တို့လို နာမည်ကျော်ကစားသမားတွေကို မွေးထုတ်ပေးရာ ဌာနကြီးတစ်ခုဖြစ်ပြီး မက်ဆီလက်သစ် အိပ်မက်မက်နေကြတဲ့ လူငယ်လေးတွေ အများကြီးရှိနေတဲ့ နေရာတစ်ခုပါ။ ဘောလုံးလောကရဲ့ အကျော်ကြားဆုံး အကယ်ဒမီကျောင်းတစ်ခုဖြစ်တဲ့ ဘာစီလိုနာရဲ့ လာမာစီယာကျောင်းဟာ မက်ဆီ၊ ဇာဗီ၊ အင်နီယစေတာနဲ့ ပက်ဂွါဒီယိုလာတို့လို ကစားသမားများကို မွေးထုတ်ပေးရာ နေရာဖြစ်ပါတယ်။

ကလပ်ပါကေးရဲ့ ကင်းထောက်ချုပ်တစ်ဦးဖြစ်တဲ့ ရာမန်မက်ဒိုနီက သူတို့ကျောင်းရဲ့ ကစားသမား ၂၀၀ လောက်က လက်ရှိ ဥရောပနဲ့ ကမ္ဘာ့ကလပ်အသင်းကြီးတွေမှာ ကစားနေကြပြီး ဒီပမာဏဟာ လာမာစီယာက မွေးထုတ်ပေးလိုက်တဲ့ လက်ရှိကစားသမားအင်အားထက်တောင် များနေသေးတယ်လို့ ဆိုပါသေးတယ်။

မက်ဒိုနီက "ကျွန်တော်တို့ကတော့ အခြေခံပိုင်းနဲ့ နည်းစနစ်ပိုင်းကြေညက်အောင် အဓိကထား လေ့ကျင့်ပေးနေတာဖြစ်ပါတယ်" လို့ အကယ်ဒမီကျောင်းရဲ့ အဓိကထားတဲ့ လုပ်ငန်းစဉ်တွေကို ရှင်းပြပါတယ်။ မက်ဒိုနီဆိုတာ လက်ရှိ ကမ္ဘာ့လစာအများဆုံးကစားသမား ကားလို့စ်တီဗက်ဇ်ကို ဒီအကယ်ဒမီကျောင်းကို ခေါ်လာတာက သူဖြစ်ပြီး တီဗက်ဇ်လို နည်းစနစ်ပိုင်းကောင်းမွန်တဲ့ကစားသမားအများအပြား ပေါ်ထွက်နိုင်ခြေရှိတယ်လို့ ခန့်မှန်းချက်ထုတ်လိုက်ပါတယ်။ ဒါပေမယ့် ဒီအကယ်ဒမီကျောင်းမှာရှိနေတဲ့ ကလေးအများစုက လုပ်ခလစာများပြားတဲ့ တီဗက်ဇ်ထက် မက်ဆီလက်သစ်ဖြစ်ရေးကိုသာ အိပ်မက်မက်နေကြပြီး သူတို့ရဲ့ ရည်မှန်းချက်ကလည်း ဘာစီလိုနာအသင်းအတွက် ကစားခွင့်ရရေး ဖြစ်နေကြတာပါ။

ဒါ့အပြင်ကလေးအများစုက နောက်တန်းခံစစ်ပိုင်းအတွက် ကစားခိုင်းရင် မျက်ရည်ကျငိုကြပြီး သူတို့ဟာ ဂိုသွင်းတဲ့ တိုက်စစ်နေရာကသာ ကစားချင်တယ်ဆိုတဲ့ တောင်းဆိုမှုမျိုးတွေလည်း တွေ့ရပါတယ်။ မက်ဒိုနီက သူ့ဘဝရဲ့ မမေ့နိုင်စရာ အကောင်းဆုံးဖြစ်ရပ်တွေထဲမှာ ဘာကာနဲ့ ပီအက်စ်ဂျီကစားသမား ဆော်ရင်က ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲကြည့်ရှုဖို့ လေယာဉ်ခ၊ တည်းခိုစရိတ် စတဲ့ အကုန်အကျခံပြီး ဖိတ်ခေါ်ခဲ့တဲ့ကိစ္စရပ်ပါလို့ ဖောက်သည်ချခဲ့ပါတယ်။

## ခြောက်လတာ ပွဲပယ်ပြစ်ဒဏ်နဲ့အတူ လစာပါဖြတ်တောက်ခံရတော့မယ့် ကျင်

တရုတ်စူပါလိဂ်ရဲ့ အကျော်အမော် ကစားသမားတစ်ဦးဖြစ်တဲ့ ကျင်ဟာ ဘယ်လ်ဂျီယံစူပါစတား ဝီဆယ်လ်ကို ပင်နယ်တီဧရိယာအတွင်း ကြမ်းတမ်းစွာ ဖျက်ထုတ်ခဲ့တဲ့အတွက် ဒိုင်ဖြစ်သူက တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်လိုက်ပါတယ်။ ဝီဆယ်လ်ဟာ ပွဲကစားချိန်နောက်ပိုင်းမှာ ဖရက်ဒီကို တံတောင်နဲ့တွက်ခဲ့ပေမယ့် ကံကောင်းလို့ ပြစ်ဒဏ်တစ်စုံတစ်ရာ ချမှတ်မခံရဘဲ ကွင်းထဲမှာ ဆက်ရှိခွင့်ရခဲ့ပါတယ်။

ကျင်ဟာ ပွဲကစားချိန်အတွင်း တိုက်ရိုက်အနီကတ်ပြသ ထုတ်ပယ်ခံလိုက်ရသလို ခြောက်လတာ ပွဲပယ်ပြစ်ဒဏ်လည်း ကျခံရဦးမှာဖြစ်တာကြောင့် သူ့ရဲ့ကလပ်အသင်း ရှန်ဟိုင်းရှန်ဟွာအသင်းက ရာသီကုန်အထိ လစာဖြတ်တောက်သွားမှာဖြစ်တယ်လို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ဒီလိုအဖြစ်အပျက်ဟာ မတ် ၁၁ ရက် တီယန်ကျင်းကွမ်းကျင်းနဲ့ ရှန်ဟိုင်းရှန်ဟွာအသင်းတို့ ကစားခဲ့တဲ့ ပွဲစဉ်မှာ ဖြစ်ပျက်ခဲ့တာဖြစ်ပြီး ပြစ်ဒဏ်ကိုတော့ မတ် ၂၆ ရက်ရောက်မှသာ တရုတ်ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာလိုက်တာဖြစ်ပါတယ်။ တရုတ်ဘောလုံးအဖွဲ့ချုပ်က ကျင်ကို ပေါင် ၁၄၀၀၀ ဒဏ်ရိုက်ခဲ့သလို ရှန်ဟိုင်းရှန်ဟွာအသင်းကလည်း ကလပ်အသင်းရဲ့ ဂုဏ်သိက္ခာကိုပါ သက်ရောက်မှုဖြစ်စေခဲ့တဲ့အတွက် ဝမ်းနည်းရကြောင်း ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါတယ်။ ကျင်ကိုယ်တိုင်ကလည်း သူ့ရဲ့လုပ်ရပ်ကို "အင်မတန်ကြမ်းတဲ့အပြုအမူ" အဖြစ် အမည်တပ်ခဲ့ပြီး လူမှုကွန်ရက်စာမျက်နှာ ဝီဘိုကတစ်ဆင့် တောင်းပန်လိုက်ပါတယ်။ ကျင်က သူ့ရဲ့အပြုအမူက ကလပ်အသင်းကို ဂုဏ်သိက္ခာကျဆင်းစေတဲ့အတွက် ကလပ်အသင်းက ချမှတ်တဲ့ ဘယ်လို ပြစ်ဒဏ်မျိုးကိုမဆို ခံယူဖို့အသင့်ပဲလို့လည်း ဆိုခဲ့ပြီးဖြစ်ပါတယ်။

ဒီသတင်းကို ထုတ်ပြန်လိုက်တဲ့ အေအက်ဖ်ပီသတင်းဌာနက ကျင်ရဲ့ လစာပမာဏဟာ ဘယ်လောက်ဖြစ်တယ်ဆိုတာ အတိအကျမဖော်ပြပေမယ့် ကျင်ရဲ့ တစ်နှစ်လစာဟာ ပေါင် ၅၈၀၀၀၀ ဖြစ်တယ်လို့ တရုတ်မီဒီယာတွေက ဖော်ပြပါတယ်။ ဒါကြောင့် ကင်ရဲ့ တစ်နှစ်လုပ်ခလစာဟာ သူ့ရဲ့ အသင်းဖော်ဖြစ်တဲ့ ကမ္ဘာ့လုပ်ခလစာအများဆုံးစံချိန်ရှင် ကာလို့စ်တီဗက်ရဲ့ တစ်ပတ်လုပ်ခလစာလောက်သာ ရရှိတယ်လို့ ဆိုရမှာဖြစ်ပါတယ်။



# ဇွန်လအတွင်းလက်ထပ်ကြမယ့် ကမ်ဆိုးယွန်နဲ့လီဆန်ဂူး

လတ်တလောမှာ တောင်ကိုရီးယားအနုပညာကြယ်ပွင့်စုံတွဲတစ်တွဲရဲ့ မင်္ဂလာသတင်းဟာ ပေါ်ထွက်လာခဲ့ပြီဖြစ်ပါတယ်။ သူတို့နှစ်ဦးကတော့ ကျော်ကြားတဲ့ သရုပ်ဆောင်မင်းသားမင်းသမီးတွေဖြစ်ကြတဲ့ လီဆန်ဝူးနဲ့ ကမ်ဆိုးယွန်တို့ပဲဖြစ်ကြပါတယ်။ လက်ထပ်ပွဲကိုတော့ လာမယ့် ဇွန်လအတွင်း ကျင်းပသွားဖို့ စီစဉ်ထားကြောင်းလည်း အေပေါ့ပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက်(၃၆)နှစ်ရှိပြီဖြစ်တဲ့ လီဆန်ဝူးနဲ့ သူနဲ့သက်တူရွယ်တူမင်းသမီး ကမ်ဆိုးယွန်တို့ဟာ ယခုနှစ် ဇွန်လအတွင်း လက်ထပ်တော့မှာဖြစ်ကြောင်း ကောလာဟလတွေဟာ ဆက်တိုက်ပေါ်ထွက်လာပြီးတဲ့နောက် ပြီးခဲ့တဲ့ မတ် ၂၈ ရက်မှာတော့ ကာယကံရှင်တွေက ကောလာဟလတွေဟာ မှန်ကန်ကြောင်း အတည်ပြုပြောကြားပေးခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

လက်ထပ်တော့မယ့် သတင်းနဲ့ပတ်သက်ပြီး ကမ်ဆိုးယွန်ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ မမ်မိုအက်တစ်က "လီဆန်ဝူးနဲ့ ကမ်ဆိုးယွန်တို့ဟာ သူတို့နှစ်ဦးချစ်သူတွေအဖြစ် လက်တွဲခဲ့ကြပြီးတဲ့နောက် လတ်တလောမှာတော့ လက်ထပ်ဖို့အတွက် ဆုံးဖြတ်လိုက်ပြီဖြစ်ပါတယ်"လို့ ထုတ်ဖော်ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ဆက်လက်ပြီး ကမ်ဆိုးယွန်ရဲ့အေဂျင်စီက "သူတို့နှစ်ဦးဟာ MBC ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင် Happy Home ရိုက်ကူးစဉ်က စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပြီးနောက်ပိုင်းမှာ ချစ်သူတွေဖြစ်ခဲ့ကြကာ နှစ်ဦးအကြားက လေးနက်လွန်းတဲ့ ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းခဲ့ကြပါတယ်။ သူတို့နှစ်ဦးရဲ့ အချစ်တွေသေချာသွားပြီလို့ သိခဲ့ရပြီးနောက် တစ်ယောက်ကိုတစ်ယောက် ယုံကြည်နိုင်ပြီးတဲ့နောက်မှာတော့ တစ်ဘဝလုံးစာလက်တွဲဖော်အဖြစ် ရွေးချယ်ဖို့ ကတိပြုဆုံးဖြတ်ခဲ့ကြတာဖြစ်ပါတယ်။ ဒီနေ့ (မတ် ၂၈ ရက်) နောက်ပိုင်းမှာ နှစ်ဖက်မိသားစုတွေ တရားဝင်တွေ့ဆုံကာ မင်္ဂလာပွဲနဲ့ပတ်သက်ပြီး ဆွေးနွေးကြမှာပါ။ မင်္ဂလာအခမ်းအနားကိုတော့ လာမယ့် ဇွန်လလယ်ပိုင်းမှာ ကျင်းပသွားဖို့လျာထားပေမယ့် ကျင်းပမယ့်ရက်အတိအကျနဲ့ နေရာ၊ အစီအစဉ်တွေကိုတော့ လတ်တလောအချိန်အထိ အတည်ပြုပြောကြားခဲ့ခြင်းမရှိသေးပါဘူး။ တရားဝင်ဆုံးဖြတ်ချက်ချပြီးပြီဆိုရင်တော့ ပရိသတ်တွေကို ထုတ်ဖော်ပြောကြားသွားမှာပါ။ ပရိသတ်တွေအနေနဲ့လည်း လီဆန်ဝူးနဲ့ ကမ်ဆိုးယွန်တို့ရဲ့မိသားစုတစ်ခုအစပြုတော့မယ့်အပေါ် ဆုတောင်းပေးကြပါ။ သူတို့နှစ်ဦးကိုလည်း ဂရုစိုက်မှုတွေနဲ့ အားပေးမှုတွေကိုလည်း ပေးကြပါ"လို့ ပြောကြားခဲ့ပါတယ်။



လီဆန်ဝူးနဲ့ ကမ်ဆိုးယွန်တို့ဟာ သူတို့နှစ်ဦးရဲ့ ဇာတ်လမ်းတွဲရုပ်ရှင်ကို ပြသခဲ့ပြီးနောက် မကြာခင်မှာပဲ နှစ်ဦးသားချစ်သူတွေအဖြစ် လက်တွဲလိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်း နှစ်ဦးအကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီး တရားဝင်ဖွင့်ဟခဲ့ခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။

# ဒုတိယမြောက်သီတင်းပတ်မှာလည်း ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ Beauty and the Beast

လိုက်ဖ်အက်ရှင်ရုပ်ရှင်အမျိုးအစားဖြစ်တဲ့ "Beauty and the Beast"ရုပ်ရှင်ဟာ ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးက ပြန်လည်ဆန်းသစ်ရိုက်ကူးထားတဲ့ ရုပ်ရှင်တစ်ကားဖြစ်ပြီး စတင်ရုံတင်ခဲ့တဲ့ သီတင်းပတ်အတွင်းမှာသာမက ရုံတင်ခဲ့တဲ့ ဒုတိယမြောက်သီတင်းပတ်အတွင်းမှာလည်း ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ် နံပါတ်တစ်နေရာမှာ ရပ်တည်ထားနိုင်ဆဲဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း မြောက်အမေရိကားမှာ ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်တွေအနက် "Beauty and the Beast"ရုပ်ရှင်ဟာ ဝင်ငွေအမေရိကန်ဒေါ်လာ ၈၈ ဒသမ ၃ သန်းခန့်ရရှိခဲ့ပြီး ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ် ဆက်လက်ရပ်တည်ခဲ့ပါတယ်။ ၁၉၉၀ ပြည့်နှစ်အတွင်း ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင်ကို ပြန်လည်ဆန်းသစ်ထားတဲ့ လိုက်ဖ်အက်ရှင် ရုပ်ရှင်သစ်ဟာ စတင်ရုံတင်ခဲ့တဲ့ သီတင်းပတ်အတွင်းမှာလည်း ဝင်ငွေအကောင်းဆုံးရုပ်ရှင်ဖြစ်ခဲ့တာကြောင့် သီတင်းပတ်နှစ်ပတ်ဆက်တိုက် ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ပါတယ်။ မင်းသား ဒန်စတီဗန်စ်နဲ့ မင်းသမီး အမ်မာဝပ်ဆန်တို့ ခေါင်းဆောင်ပါဝင်ထားတဲ့ ယင်းရုပ်ရှင်ဟာ စတင်ပြသခဲ့သည်မှ ၁၀ ရက်အတွင်း ကမ္ဘာတစ်ဝန်းမှ ဝင်ငွေအမေရိကန် ဒေါ်လာ ၆၉၀ ဒသမ ၃ သန်းခန့်ရရှိခဲ့တဲ့ ဝင်ငွေအရ အထူးအောင်မြင်ခဲ့တဲ့ ရုပ်ရှင်တစ်ကားလည်းဖြစ်ပါတယ်။ တေးဂီတကို အသားပေးထားတဲ့ ရုပ်ရှင်သစ်ကို ဟောလိဝုဒ်နာမည်ကျော် ဒါရိုက်တာတစ်ဦးဖြစ်သူ ဘေလ်ကွန်ဒန်က တာဝန်ယူ ရိုက်ကူးပေးခဲ့တာဖြစ်ပြီး ရုပ်ရှင်သမိုင်းတစ်လျှောက် စတင်ပြသခဲ့သည်မှ ၁၀ ရက်အတွင်း ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်တွေရဲ့ စတုတ္ထမြောက်နေရာမှာ ရပ်တည်နိုင်ခဲ့ကြောင်းလည်း သိရပါတယ်။







လူစွမ်းကောင်းရုပ်ရှင်အမျိုးအစားဖြစ်တဲ့ "Power Rangers"ကတော့ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း စတင်ရုံတင်ခဲ့တာဖြစ်ပြီး ဝင်ငွေအကောင်းဆုံးရုပ်ရှင် ၁၀ ကားအနက် နံပါတ်(၂)နေရာမှာသာ ရပ်တည်နိုင်ခဲ့ပါတယ်။ ယင်းရုပ်ရှင်ကတော့ တစ်ပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်းခန့်ရရှိခဲ့တာဖြစ်ပေမယ့် မျှော်မှန်းထားတဲ့ ဝင်ငွေထက် သာလွန်ရရှိခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

တစ်ပတ်အတွင်း ဝင်ငွေအကောင်းဆုံးရုပ်ရှင်စာရင်းမှာ တတိယနေရာကို သိမ်းပိုက်ထားတဲ့ ရုပ်ရှင်ကတော့ "Kong: Skull Island"ဖြစ်ပြီး ရုံတင်ခဲ့တဲ့ တတိယမြောက်သီတင်းပတ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၁၄ ဒသမ ၄ သန်းခန့်ရရှိခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့သီတင်းပတ်အတွင်း ဝင်ငွေအကောင်းဆုံးရုပ်ရှင် ၁၀ ကားစာရင်းမှာ ပါဝင်နေတဲ့ အခြားသောရုပ်ရှင်တွေကတော့ "Life(2017)"၊ "Logan"၊ "Get Out"၊ "CHIPs"၊ "The Shack"၊ "The LEGO Batman Movie"နဲ့ "The Belko Experiment" တို့ ဖြစ်ကြကြောင်းလည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

# စွန့်စားမှုထက် ဟာသပိုဆန်မယ့် "Pirates of the Caribbean" ရုပ်ရှင်သစ်

ယခုနှစ်အတွင်း ရုံတင်ပြသသွားဖို့ စီစဉ်ထားတဲ့ မင်းသားဂျွန်နီဒပ်ခေါင်းဆောင်ပါဝင်ထားသော ပင်လယ်ဓားပြကြီး ဂျက်စပဲရိုးအကြောင်း ရိုက်ကူးထားတဲ့ ရုပ်ရှင်သစ်ဟာ ယခင်ထုတ်လွှင့်ပြသခဲ့ပြီးဖြစ်တဲ့ ရုပ်ရှင်တွေနဲ့မတူ တစ်မူထူးခြားနေတာ ဖြစ်ပါတယ်။ မကြာသေးမီက ရုပ်ရှင်သစ်အတွက် အစမ်းဗွီဒီယိုတစ်ခုကို



ထုတ်လွှင့်ခဲ့ပြီး ရုပ်ရှင်သစ်ဟာ ယခင်ရုပ်ရှင်တွေမှာ ပါဝင်နေကျစွန့်စားခန်းတွေထက် ဟာသနှောတဲ့ ဇာတ်ဝင်ခန်းတွေ များစွာပါဝင်နေတာကို တွေ့မြင်ခဲ့ရကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အကုန်မှာ "Pirates of the Caribbean"ရုပ်ရှင်တွေရဲ့ ပဥ္စမမြောက်ရုပ်ရှင်ဖြစ်တဲ့ "Pirates of the Caribbean: Dead Men Tell No Tales"အတွက် အစမ်းရုပ်ရှင်အသစ်တစ်ခုကို ထုတ်လွှင့်ပြသခဲ့တာဖြစ်ပြီး တစ်မိနစ်ခန့်ကြာမြင့်ခဲ့တဲ့ အစမ်းရုပ်ရှင်မှာတော့ ပင်လယ်ပြင်ကို စိုးမိုးနေတဲ့ ပင်လယ်ဓားပြတွေအားလုံးကို သုတ်သင်လိုက်ပြီး မသေနိုင်တဲ့သူတစ်ဦးဖြစ်တဲ့ ဂျက်စပဲရိုးရဲ့ ရန်သူဟောင်းကြီး အာမန်ဒိုဆယ်လက်ဇာနဲ့ ဂျက်စပဲရိုးတို့ ထိပ်တိုက်ရင်ဆိုင်ရပုံတွေကို တွေ့မြင်ခဲ့ရပါတယ်။

ဂျက်စပဲရိုးရုပ်ရှင်တွေကို စတင်ရိုက်ကူးခဲ့တဲ့ ၂၀၀၃ ခုနှစ်ကတည်းက ထုတ်လုပ်သူတစ်ဦးအဖြစ် တာဝန်ယူခဲ့တဲ့ ဂျာရီဘရွတ်ခ်ဟိုင်းမာက " Pirates of the Caribbean: Dead Men Tell No Tales"ဟာ နောက်ဆုံးသောရုပ်ရှင်ဖြစ်လာမှာဖြစ်ပြီး ယင်းရုပ်ရှင်မှာ ယခင်ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ စွန့်စားခန်းဇာတ်လမ်းတွဲရုပ်ရှင်အတွက် ဘဝသစ်ကို မြည်းစမ်းနိုင်မယ့် အခွင့်အရေးတစ်ရပ်ကို ရရှိမှာဖြစ်တယ်လို့ ပြောကြားခဲ့ကြောင်းလည်း သိရပါတယ်။

ဆက်လက်ပြီး ဂျာရီက "ကျွန်တော်တို့ဟာ ယခုရုပ်ရှင်ကို တကယ်ကိုထူးခြားပြီး သစ်လွင်လတ်ဆတ်တဲ့ ခံစားချက်တွေပေးနိုင်အောင်ဖန်တီးချင်ခဲ့တာပါ။ ဒါ့ကြောင့် ကျွန်တော်တို့ ရုပ်ရှင်သစ်အတွက် တာဝန်ယူရိုက်ကူးပေးဖို့ ဒါရိုက်တာအသစ်နှစ်ယောက်ကို ငှားရမ်းခဲ့ပါတယ်။ ဂျိုအာချင်မ်နဲ့ အက်စ်ပန်တို့ဖြစ်ကြပြီး နှစ်ဦးစလုံးဟာ အကယ်ဒမီဆန်ခါတင်စာရင်းမှာ ပါဝင်ခဲ့ကြတဲ့သူတွေဖြစ်ကြတယ်။ ပရိသတ်တွေအနေနဲ့ ယခင်က တစ်ခါမှမရရှိဖူးတဲ့ ခံစားချက်အသစ်တွေကို ပေးစွမ်းနိုင်ဖို့ ဒီလိုငှားခဲ့တာဖြစ်ပါတယ်"လို့လည်း ပြောကြားခဲ့ပါတယ်။

" Pirates of the Caribbean: Dead Men Tell No Tales"မှာတော့ ရသသစ်တွေကို ပေးစွမ်းနိုင်ဖို့ ဇာတ်ကောင်သစ်များစွာကိုလည်း ထည့်သွင်းဖန်တီးထားကြောင်း သိရပါတယ်။ ယခင်ထုတ်လွှင့်ပြသခဲ့တဲ့ အစမ်းရုပ်ရှင်တစ်ခုမှာတော့ ငယ်ရွယ်တဲ့ ဂျက်စပဲရိုးလေးပါဝင်လာတာကို တွေ့မြင်ခဲ့ရပြီး ထဝိတ်စ်၊ ဘာဒန်နဲ့ မင်းသမီးတစ်ဦးဖြစ်တဲ့ ကာယာစကုတ်ဒ်လာရီယိုတို့လည်း အသစ်ပါဝင်သရုပ်ဆောင်ထားကြောင်း သိရပါတယ်။ ဒ့ါအပြင် ယခင်ပါဝင်သရုပ်ဆောင်နေကျ အနုပညာရှင်တွေဖြစ်ကြတဲ့ ဂျွန်နီဒပ်၊ ကပ္ပတိန်ဟတ်တာဘာဘိုစာအဖြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ ဂျော့ဖရေးရက်ရှ်၊ တတိယမြောက်ရုပ်ရှင်ဖြစ်တဲ့ "At World's End"မှာ ပျံ့နေတဲ့ ဒက်ခ်ျသင်္ဘောကြီးကို ဦးဆောင်သူ ဝေးလ်တာနာအဖြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ မင်းသားအော်လန်ဒိုဘလွန်းတို့လည်း ပါဝင်သရုပ်ဆောင်ထားတာဖြစ်ပါတယ်။

ရုပ်ရှင်သစ် "Pirates of the Caribbean: Dead Men Tell No Tales" ကိုတော့ လာမယ့် မေ ၂၆ ရက်မှာ အမေရိကန်နိုင်ငံတစ်ဝန်း စတင်ရုံတင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။


Differentiate
Yourself & Your Career
with the first move to
မြန်မာကိုကမ္ဘာကသိဖို့ အချိန်တန်ပါပြီ။
Prof: Dr Daw Yi Yi Myint
Academic Advisory Head
Prof: Dr Daw Hla Myint
Academic Head
U Phyo Mg Mg
CEO & Founder
Daw Poht Poht Kyi
MD & Founder
UON
University of Northampton
DBA
DOCTORATE in BUSINESS ADMINISTRATION
Prof: Nick Petford
Vice Chancellor
Northampton University
Dr. Hastings McKenzie
Dean of Academic Partnerships
Northampton University
Dr. Sandy MacDonald
Northampton University
Dr. Angela Rushton
Northampton University
Dr. Leroi Henry
Northampton University
စီးပွားရေးစီမံခန့်ခွဲမှု နှင့် အုပ်ချုပ်မှုနယ်ပယ်တွင်သာမက
ပညာရေးနယ်ပယ်တွင်ပါ အမြင့်ဆုံးအဆင့်ဖြစ်သည့် ပါရဂူဘွဲ့
မြန်မာနိုင်ငံတွင်ပထမဦးဆုံးအဖြစ် ဗြိတိန်နိုင်ငံမှ တိုက်ရိုက်ပေးအပ်ချီးမြှင့်မည့်
စီးပွားရေးစီမံခန့်ခွဲမှုပါရဂူဘွဲ့ Doctorate in Business Administration-DBA ကို
University of Northampton - UK နှင့် Myanmar Imperial College တို့
ပူးပေါင်းသင်ကြားပို့ချပါသည်။
MIC
Myanmar Imperial College
တက္ကသိုလ်ဝင်တန်း
ဖြေဆိုပြီးသူများအတွက်
Bachelor
Business & Management
Art & Design
Marketing Management
Hospitality Management
မြန်မာနိုင်ငံ၏ အနာဂတ်
စီးပွားရေးလုပ်ငန်းရှင်များအတွက်
MBA
Master of
Business
Administration
62,000
Square feet campus
$3million
campus investment
over
1000
graduated students
over
3000
registered students
R&D
Reserach & Development
Centre
Apply Now!
2nd Intake
June
MIC U-Wisara Campus အမှတ်(၁) ဈေးမြောက်လမ်း၊ ဘုရားကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ 09 732 10001/ 4211 00222

## အသိပေးကြေညာခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့ပြနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသော အောက်ပါတံတားများကို အများပြည်သူ အသုံးပြုသွားလာရာတွင် လွယ်ကူအဆင်ပြေစွာ သွားလာနိုင်ရန်အတွက်လည်းကောင်း၊ အချိန်ကုန်သက်သာရန် လည်းကောင်း၊ သယ်ယူပို့ဆောင်ခများ ကျဆင်းစေရန် လည်းကောင်း ရည်ရွယ်၍ ၂၀၁၇ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှစ၍ တံတားဖြတ်သန်းခများ ကောက်ခံခြင်း မပြုတော့ဘဲ မော်တော်ယာဉ်အားလုံးကို အခမဲ့ဖြတ်သန်းခွင့်ပြုမည်ဖြစ်ပါသည် -

(က) ရန်ကုန်-သန်လျင်တံတားအမှတ်(၁)
(ခ) ရန်ကုန်-သန်လျင်တံတားအမှတ်(၂) (ကုလားဂဲတံတား)
(ဂ) ဘုရင့်နောင်တံတားအမှတ်(၁)
(ဃ) ဘုရင့်နောင်တံတားအမှတ်(၂)
(င) အောင်ဇေယျကြီးတံတား
(စ) ရွှေပြည်သာတံတား
(ဆ) ပန်းလှိုင်တံတား
(ဇ) တွံတေးတံတား
(ဈ) မဟာဗန္ဓုလတံတား

၂။ သို့သော် တံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် အန္တရာယ်ကင်းရန်အတွက် တံတားများပေါ်တွင် သတ်မှတ်ခွင့်ပြုယာဉ်နှင့် အလေးချိန် အတိုင်းသာ ဖြတ်သန်းသွားလာခွင့် ပြုမည်ဖြစ်ပါသဖြင့် ပြည်သူများအားလုံးမှ ပူးပေါင်းကူညီကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မှတ်ချက် ။ ရန်ကုန်-သန်လျင်တံတားအမှတ်(၁)သည် အစွန်းထွက်ယက်မ ပေါ်တွင် ကားလမ်းများ တည်ဆောက်ထားပါသဖြင့် ၎င်းတံတားပေါ်တွင် ကုန်တင်ယာဉ်များ ဖြတ်သန်းခွင့် ခွင့်ပြုမည်မဟုတ်ဘဲ ခရီးသည်တင်ယာဉ် မှန်လုံကားများနှင့် ယာဉ်ငယ်များသာ ဖြတ်သန်းခွင့် ပြုမည်ဖြစ်ပါသည်။ ကုန်တင်ယာဉ်များသည် ရန်ကုန်-သန်လျင်တံတားအမှတ်(၂)မှ အခမဲ့ ဖြတ်သန်းရမည်ဖြစ်ပါသည်။

(ဆောက်လုပ်ရေးဝန်ကြီးဌာန)

### စစ်တက္ကသိုလ်အမှတ်စဉ်(၁၁) သင်တန်းဆင်း(၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့ မိသားစုတွေ့ဆုံပွဲနှင့် ညစာစားပွဲဖိတ်ကြားခြင်း

စစ်တက္ကသိုလ် အမှတ်စဉ်(၁၁) သင်တန်းဆင်း(၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့ မိသားစုတွေ့ဆုံပွဲနှင့် ညစာစားပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်း/မိသားစုများ စုံညီစွာတက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

(၁) ၂၃-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၆း၀၀ နာရီတွင် မင်္ဂလာဒုံ တပ်မတော်ဂေါက်ကွင်းတွင် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပခြင်း။
(၂) ၂၃-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) ည ၁၈း၀၀နာရီတွင် မရမ်းကုန်း (၈)မိုင်၊ Hotel Yangon တွင် မိသားစုမိတ်ဆုံညစာစားပွဲပြုလုပ်ခြင်း။
(၃) ၂၄-၄-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁၀း၃၀နာရီတွင် ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်း၊ အိမ်တော်ရာဘုရားဝင်း၊ ဒဂုံပရိယတ္တိစာသင်တိုက်၌ ကွယ်လွန်/ကျဆုံးသွားသော သူငယ်ချင်းများအား ရည်စူး၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းအမျှပေးဝေခြင်း။
(သီးခြားဖိတ်စာပေးပို့ခြင်းမပြုပါ၊ ယခင်နှစ်အစီအစဉ်အတိုင်း လက်ဆောင်လဲလှယ်ခြင်း၊ ကံစမ်းမဲ ဖောက်ပေးခြင်းများ ပါရှိပါမည်။)

ဖြစ်မြောက်ရေးကော်မတီ

ဖုန်း Sim Card ဝယ်သည်
73, 47, 49, 50, 86
ရဲမင်းထွန်း
Ph: 09-5014706

မင်္ဂလာပါ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

မြန်မာနိုင်ငံ
သစ်မွှေးလုပ်ငန်းရှင်များအသင်း
နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေး

၂-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) ၂နာရီတိတိ၊
ကုန်သည်/စက်မှုအသင်းချုပ်၊ UMFCCI၊
မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊
အသင်းဝင်များ တက်ရောက်ကြပါရန်။

MAEA

Jade ကိုခင်ထွန်း
သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ရေးအဖွဲ့မှ မဏ္ဍပ်လုံးချင်း (Ready Made)ငှားပေးသည်။
ရေစုပ်စက်ပစ္စည်းစုံ၊ စတိတ်ရှိုးမီးအလှဆင်ပစ္စည်းများ DJ & Man နှင့် အသံချဲ့စက်ပစ္စည်း အမျိုးမျိုးငှားပေးသည်။
ဖုန်း-၀၉-၅၁၈၂၅၉၉၊ ၀၉-၉၆၅၁၈၂၅၉၉၊ ၀၉-၇၆၅၁၈၂၅၉၉

ရောင်းမည်
သင်္ဃန်းကျွန်းမြို့နယ်၊ငမိုးရိပ်(၃)၊(၆)၊(၈)၊(၉)လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိတိုက်ခန်းများကိုအမြန်ရောင်းမည်။ (B.C.Cရရှိပြီး)
ဖုန်း။ 09-254111883, 09-785401011

SUPPORTED BY
Australia Awards

Organized by
AVSS Australian Visa & Student Services

Australia
EDUCATION EXHIBITION 2017

Yangon
1st April, 2017 (Sat)
9 a.m - 4 p.m
Pyay Room, 4th Floor
Novotel Hotel Yangon Max

Mandalay
2nd April, 2017 (Sun)
1 p.m - 5 p.m
Pinya Room, 4th Floor,
Hotel Marvel, Mandalay

FREE ENTRY

ဩစတြေးလျနိုင်ငံတွင် ပညာသင်ကြားဖို့ ပြင်ဆင်နေပါသလား၊
AVSS ၏ ဩစတြေးလျ ပညာရေးပြပွဲများကို လက်လွတ်မခံပါနှင့်။
ဩစတြေးလျနိုင်ငံရှိ ဂုဏ်သတင်းကြီးသောအထက်တန်းကျောင်း၊တက္ကသိုလ်များမှ ကိုယ်စားလှယ်များနှင့် မိမိသိရှိလိုသည်များကို ကိုယ်တိုင် လာရောက်ဆွေးနွေးနိုင်ပြီး တက္ကသိုလ်များမှပေးသည့် ပညာသင်ဆုများကိုလည်း မေးမြန်းလျှောက်ထားနိုင်ပါသည်။၎င်းပြင် ဩစတြေးလျအစိုးရမှပေးအပ်ချီးမြှင့်သည့် Australia Awards ပညာသင်ဆုများအကြောင်းကိုလည်း ဩစတြေးလျသံရုံးမှ တာဝန်ရှိသူများနှင့်လာရောက်မေးမြန်းစုံစမ်းနိုင်ပါသည်။

For more information
AVSS Yangon:
127A, 1st Floor,
West Shwe Gon Daing Road,
Bahan Township,Yangon.
Tel: 09 450 00 69 44/55
09 799 450944/955

AVSS Mandalay:
2/Ta 765, 69th Street
( 31st & 32nd St),
Mandalay.
Tel: (09) 4440 29882

www.theavss.net
Australian Visa & Student Services
(AVSS Myanmar)

သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး

စိန်ပင်လယ် Diamond Sea
အာမခံစိန်ရွှေရတနာဆိုင်
Junction City Yangon (ဗိုလ်ချုပ်ဈေးသစ်)
ဆိုင်သစ်ဖွင့်လှစ်ခြင်း



ကျပ်သိန်းပေါင်း (၅၀၀) ချီးမြှင့်ပေးမည်
Lucky Draw Program

5%-25% Off

(၂၉-၃-၂၀၁၇) ဗုဒ္ဓဟူးနေ့ မှ
(၃၁-၃-၂၀၁၇) သောကြာနေ့ ထိ
(၃)ရက် တိုင်တိုင် အထူးလျှော့ဈေး

Junction Square Centre
Junction City Yangon (ဗိုလ်ချုပ်ဈေးသစ်)
ဂမုန်းပွင့် Shopping Centre (စံရိပ်ငြိမ်)

Samsung Galaxy Phone, TV၊
စိန်ဆွဲသီး၊ ရွှေဆွဲပြား၊ ရွှေလက်စွပ်၊ ရေခဲသေတ္တာ၊
အဝတ်လျှော်စက် Novotel Yangon Max
Hotel Dinner Ticket
နိုင်ငံကျော် အနုပညာရှင် ရွှေထူး၊အောင်ထက်၊ ခိုင်းစုခိုင်သိန်း တို့၏
တေးဂီတဖျော်ဖြေမှု၊ Dream Boat အဖွဲ့၏ စိန်ပင်လယ်
ပဟေဠိနန်းတော် ဆုငွေ (၁၀) သိန်းအားရီးမြှင့်မည့် အထူးဂိမ်းအစီအစဉ်၊
နိုင်ငံကျော် အကအဖွဲ့၏ ဖျော်ဖြေမှုဖြင့် ပိုမိုဆန်းပြားစွာ ဖွင့်လှစ်သွားပါမည်။

Organizer by CREATION STRENGTH Co., LTD.
MEGA EXPO
HOUSING | FURNITURE | MOBILE | CAR SHOW
DATE :
30-3-2017 to 2-4-2017
TIME : (9:00) am to (6:00) pm
PLACE : Tattmataw Hall, Uwisara Road, Yangon.
19(B), PARAMI ROAD, SOUTH OKKALAPA TSP, YANGON. 09-450045003, 09-450055888, 09-450050005, 09-421116111

Healthcare Call Center
သိလိုသမျှ ကျန်းမာရေး 7887 ဖုန်းဆက်မေး
၂၄ နာရီ ဝန်ဆောင်မှု



အထွေထွေရောဂါဝေဒနာများ၊ အထူးကုဆရာဝန်ကြီးများနှင့်ဆေးရုံဆေးခန်းလမ်းညွှန်၊ မျိုးဆက်ပွားကျန်းမာရေး၊
အလှအပနှင့်နေထိုင်မှုပုံစံများ၊ ရင်တွင်းခံစားချက်များစသည့် ကျန်းမာရေးအသိပညာဗဟုသုတများနှင့်ပတ်သက်၍
MPT မိုဘိုင်းလ်ဖုန်းဖြင့် Hotline နံပါတ် 7887 သို့ ခေါ်ဆိုပြီး ဆရာဝန်များနှင့် တိုက်ရိုက်ဆွေးနွေးနိုင်ပါပြီ။
www.healthcare.com.mm

# တရုတ်-မြန်မာ ချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှုဖြင့် မွေးရာပါနှလုံးရောဂါခံစားနေရသော မြန်မာကလေးငယ်များအား တရုတ်နိုင်ငံတွင် ကုသပေးမည်

**ရန်ကုန် မတ် ၂၈**

တရုတ်- မြန်မာ ချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှု အနေဖြင့် မွေးရာပါ နှလုံးရောဂါ ခံစားနေရသော မြန်မာနိုင်ငံမှ ကလေးငယ်များအား တရုတ်နိုင်ငံတွင် သွားရောက်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်အရ မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ မွေးရာပါ နှလုံးရောဂါ ဝေဒနာရှင် ကလေးငယ် ၁၀၀ ခန့်အနက်မှ ၅၀ ကို တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ခေါ်ယူ ခွဲစိတ်ကုသပေးနိုင်ရန် မတ် ၂၈ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့ ရန်ကင်းကလေးဆေးရုံကြီးတွင် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ **(ယာပုံ)**

ရောဂါရှာဖွေစမ်းသပ် စစ်ဆေးရာမှ ရွေးချယ်ခဲ့သော မွေးရာပါနှလုံးရောဂါဝေဒနာရှင် ကလေးငယ် ၅၀ ကို ဧပြီလမှစတင်ကာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ An Zhen ဆေးရုံကြီးတွင် ခွဲစိတ်ကုသပေးမည်ဖြစ်သည်။ ဝေဒနာရှင် ကလေးငယ်များနှင့် ၎င်းတို့၏ မိဘများ၊ ရန်ကင်းကလေးဆေးရုံကြီးမှ ဆရာဝန်ကြီးများ ဦးဆောင်လိုက်ပါ၍ အဖွဲ့သုံးဖွဲ့ခွဲကာ တရုတ်နိုင်ငံသို့ ခေါ်ဆောင်ပေးမည်ဖြစ်ပြီး ခွဲစိတ်ကုသစရိတ်၊ ခရီးသွားလာနေထိုင်စရိတ်များကို တရုတ်နိုင်ငံမှ အစစအရာရာ အကုန်အကျခံကာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများရှိ မွေးရာပါ နှလုံးရောဂါ ခံစားနေရသည့် ကလေးသူငယ်များအား ကျန်းမာသော နှလုံးနှင့် ချမ်းမြေ့သော နေထိုင်မှုဘဝကို ရရှိစေရန်၊ တရုတ်-မြန်မာ နှစ်နိုင်ငံ ပြည်သူ ပြည်သားများအကြား ချစ်ခင်ရင်းနှီးမှု ပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ တရုတ်အမျိုးသားကုသိုလ်ဖြစ်အဖွဲ့ချုပ် China Charity Federation အနေဖြင့် နယ်နိမိတ်အကန့်အသတ်မရှိ ချစ်မေတ္တာစိတ်ဖြင့် မွေးရာပါ နှလုံးရောဂါ စွဲကပ်နေသည့် ကလေးသူငယ်များ ကုသရေးလှုပ်ရှားမှုကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❒





မြန်မာနှင့်အိန္ဒိယအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# ပွဲပြီးခါနီးဂိုးဖြင့် အိန္ဒိယအသင်းကို မြန်မာအသင်း ရှုံးနိမ့်

**ရန်ကုန် မတ် ၂၈**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၉ အာရှဖလားခြေစစ်ပွဲ အုပ်စု(က) အဖြစ် မြန်မာအသင်းနှင့် အိန္ဒိယအသင်းတို့ ယနေ့ညနေ ၆ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ အိန္ဒိယအသင်းက အနိုင်ရသွားသည်။

**အိန္ဒိယ-တစ်ဂိုး၊ မြန်မာ-ဂိုးမရှိ**

အိမ်ရှင်မြန်မာအသင်းအတွက် ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့်ဂိုးကြောင့် အိမ်ကွင်းတွင် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ အိန္ဒိယအသင်းသည် မြန်မာအသင်းကို ခြေအသာမရခဲ့သော်လည်း ပွဲပြီးခါနီးတွင် ရရှိသည့် အခွင့်အရေးကို အသုံးချနိုင်ခဲ့သောကြောင့် အဝေးကွင်းအနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းနှင့် ခြေစမ်းပွဲတွင် ပုံစံကောင်းရခဲ့သည့် ကစားသမားများဖြင့် ပွဲထွက်ခဲ့ပြီး ပွဲထွက် ၁၁ ဦးတွင် သီဟစည်သူ (ဂိုး)၊ ဒေးဗစ်ဒန်း၊ ဇော်မင်းထွန်း၊ ဖြိုးကိုကိုသိန်း၊ သိန်းသန်းဝင်း၊ ရန်အောင်ကျော်၊ တင်ဝင်းအောင်၊ ရန်နိုင်ဦး၊ စည်သူအောင်၊ ကျော်ကိုကို၊ အောင်သူတို့ပါဝင်ခဲ့သည်။ မြန်မာအသင်းသည်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ○

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၃၀ ရက် သတင်းစာတွင် ပါရှိမည်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၃၀ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။ (ကြေးမုံ)

# အာဆီယံချန်ပီယံရှစ် တိုက်ကွမ်ဒိုပြိုင်ပွဲနှင့် လူငယ်တိုက်ကွမ်ဒိုပြိုင်ပွဲတွင် မြန်မာအသင်း ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ဆွတ်ခူး

**နေပြည်တော် မတ် ၂၈**

မလေးရှားနိုင်ငံတွင် အိမ်ရှင်အဖြစ် မတ် ၂၁ ရက်မှ ၂၆ရက်အထိ လက်ခံကျင်းပခဲ့သည့် အာဆီယံ ချန်ပီယံရှစ်တိုက်ကွမ်ဒိုပြိုင်ပွဲနှင့် လူငယ်တိုက်ကွမ်ဒိုပြိုင်ပွဲတွင် မြန်မာတိုက်ကွမ်ဒိုအဖွဲ့ သွားရောက် ယှဉ်ပြိုင်ခဲ့ကြသည်။

စာမျက်နှာ ၇ ကော်လံ ၅ သို့ ■






ကြေးမုံ
အထူးကဏ္ဍ
၂၉ - ၃ - ၂၀၁၇ (ဗုဒ္ဓဟူးနေ့)

နိုင်ငံတော်အစိုးရ၏

# ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ တစ်နှစ်တာအတွင်း ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့မှုများ

တွေ့ဆုံမေးမြန်း – သွန်းဝသန်
ဓာတ်ပုံ – မေဦးမိုး၊ လျှပ်စစ်နှင့် စွမ်းအင်

ပြည်သူများ၏ လူနေမှုအဆင့်အတန်းနှင့် အခြားသော ကဏ္ဍပေါင်းများစွာကို ပြောင်းလဲပေးနိုင်သည့် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ တစ်နှစ်တာကာလအတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ခဲ့မှုများကို သိရှိနိုင်ရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။ လျှပ်စစ်နဲ့ စွမ်းအင်ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေတဲ့ အပိုင်းတွေကို အရင်ဦးဆုံး ပြောပြပေးစေချင်ပါတယ်ရှင့်။

ဖြေ။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ လျှပ်စစ်ကဏ္ဍမှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနဲ့ ဖြန့်ဖြူးခြင်းလုပ်ငန်းများပါဝင်ပြီး စွမ်းအင်ကဏ္ဍတွင် ရေနံနဲ့ သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း၊ ရေနံထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းနဲ့ ဖြန့်ဖြူးရောင်းချခြင်းကို တာဝန်ယူဆောင်ရွက်နေပါတယ်။

### အဓိကဆောင်ရွက်

ဝန်ကြီးဌာနအနေနဲ့ တစ်နှစ်တာကာလအတွင်း လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေကို အသစ်တိုးချဲ့ခြင်း၊ ပြုပြင်မွမ်းမံပြီး လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ထုတ်လုပ်နိုင်ဖို့ ဆောင်ရွက်ခြင်း၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ လျှပ်စစ်ဓာတ်အားလိုင်းနဲ့ ခွဲရုံတွေကို တိုးချဲ့ အဆင့်မြှင့်တင်တည်ဆောက်ခြင်းနဲ့ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျော့နည်းစေပြီး ပိုမိုတိုးတက်ပို့လွှတ်နိုင်ဖို့နဲ့ ဓာတ်အားဖြန့်ဖြူးရာမှာ တည်ငြိမ်တဲ့ဗို့အားနဲ့ တိုးတက်ဖြန့်ဖြူးပေးနိုင်ဖို့ အကောင်အထည်ဖော်ခြင်း၊ ရှုပ်ထွေး ဆားဗစ်ကြိုးများ ရှင်းလင်းခြင်းလုပ်ငန်းတွေကို အဓိကဆောင်ရွက်နိုင်ခဲ့ပါတယ်။

မေး။ ။ လျှပ်စစ်ကဏ္ဍမှာ လျှပ်စစ်တိုးမြှင့်သုံးစွဲနိုင်ဖို့ဆောင်ရွက်ချက်နဲ့ တစ်နှစ်တာအတွင်း ဓာတ်အားတိုးချဲ့ဖြန့်ဖြူးတဲ့ အခြေအနေကိုလည်း ပြောပြပေးပါရှင့်။

### ၃၀၁ မဂ္ဂါဝပ် ပိုမိုထုတ်လုပ်နိုင်ခဲ့

ဖြေ။ ။ တစ်နှစ်တာအတွင်း ဓာတ်အား ၃၀၁ မဂ္ဂါဝပ် ပိုမိုထုတ်လုပ်နိုင်ခဲ့ပြီး ဓာတ်အားစနစ်ကောင်းမွန်ဖို့အတွက် ၂၃၀ ကေဗွီနဲ့ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၅၃၈ ဒသမ ၅၇ မိုင်နဲ့ ခွဲရုံ ၁၈ ခုတို့ကို တိုးချဲ့တည်ဆောက်နိုင်ခဲ့ပါတယ်။ မြို့ပေါင်း ၁၀ မြို့၊ ကျေးရွာ ၃၃၃ ရွာကို တစ်နှစ်တာအတွင်း ဓာတ်အားတိုးတက်ဖြန့်ဖြူးပေးနိုင်ခဲ့တယ်။ မြန်မာနိုင်ငံမှာ လျှပ်စစ်မီးသုံးစွဲသူ ၁၀ ဒသမ ၈၇ သန်းရှိတဲ့ အနက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ သုံးစွဲသူ ၃ ဒသမ ၆၉ သန်းရှိရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ၄ ဒသမ ၀၅ သန်းအထိ သုံးစွဲနိုင်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၃ ဒသမ ၂၄ ရာခိုင်နှုန်းခန့် တိုးတက်ဖြန့်ဖြူးနိုင်ခဲ့ပါတယ်။


လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်း။

မေး။ ။ စွမ်းအင်ကဏ္ဍမှာရော ပြည်တွင်းအကျိုးအတွက် စွမ်းအင်ဘယ်လောက်ထုတ်လုပ်နိုင်ပြီး သုံးစွဲခွင့်ရရှိခဲ့ပါသလဲ။

ဖြေ။ ။ စွမ်းအင်ကဏ္ဍ ကုန်းပိုင်းနဲ့ ရေနံရှာဖွေတူးဖော်ရေးအတွက် လုပ်ကွက် ၂၇ ကွက်မှာ နိုင်ငံခြားရေနံကုမ္ပဏီတွေနဲ့ ပူးပေါင်းလုပ်ကိုင်နေပါတယ်။ တစ်နှစ်တာကာလမှာ ရေနံနဲ့သဘာဝဓာတ်ငွေ့မြေတွေမှာ တွင်း ၂၉ တွင်း တူးဖော်ခဲ့ပြီး ၁၂ တွင်း အောင်မြင်ခဲ့ပါတယ်။ ကုန်းပိုင်းနဲ့ ကမ်းလွန်စီမံကိန်းကနေ ထွက်လာတဲ့ သဘာဝဓာတ်ငွေ့တွေကို အရင်က ပြည်တွင်းသုံးအတွက် တစ်ရက်ကို ကုဗပေ သန်း ၁၅၀ ကနေ ၂၀၀ အထိသုံးခဲ့ရာက ၂၀၁၇ ခုနှစ် ဇန်နဝါရီလကနေစပြီး ကုဗပေ ၂၃၃ သန်းထိ သုံးစွဲနိုင်ခဲ့ပါတယ်။ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေအတွက် ကုဗပေ သန်း ၁၀၊ စက်မှုကဏ္ဍအတွက် ကုဗပေ သုံးသန်း စုစုပေါင်း ကုဗပေ ၃၃ သန်း ပိုမိုသုံးစွဲနိုင်ခဲ့တဲ့ အပြင် ပို့ဆောင်ရေးကဏ္ဍမှာလည်း အများပြည်သူသုံး ခရီးသည်တင်မော်တော်ယာဉ် ၁၄၃ စီးကိုလည်း CNG တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။

မေး။ ။ ရေနံဓာတ်ငွေ့ရည်ဆိုင်ရာ လုပ်ငန်းတွေအတွက် ခွင့်ပြုထားတဲ့ လုပ်ငန်းအခြေအနေတွေကိုလည်း ပြောပြပေးပါဦးရှင့်။

ဖြေ။ ။ ရေနံဓာတ်ငွေ့ရည် တင်သွင်းသိုလှောင် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းမှာ လိုင်စင်အမျိုးအစား ငါးမျိုးကို ၂၀၁၆ ခုနှစ် မေလမှစပြီး စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။ ဒီနေ့အထိ ရေနံဓာတ်ငွေ့ရည်ကို ပြည်ပမှတင်သွင်း သိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းတွေအတွက် တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်(ခ-လိုင်စင်)ကို ပုဂ္ဂလိကကုမ္ပဏီ ၁၉ ခုကိုလည်းကောင်း၊ ဖြည့်တင်းပြီး ရေနံ ဓာတ်ငွေ့ရည်အိုးတွေကို သိုလှောင်ရုံနဲ့ သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း (ဃ-လိုင်စင်) ကို ပုဂ္ဂလိကကုမ္ပဏီ ၆၈ ခု ကိုလည်းကောင်း၊ ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးတွေကို တိုက်ခန်း၊ ဆိုင်ခန်းတွေနဲ့ သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း (င-လိုင်စင်)ကို ပုဂ္ဂလိကကုမ္ပဏီ ၄၃၆ ခုကိုလည်းကောင်း စုစုပေါင်း ၅၂၃ ဆိုင်ကို ယာယီလိုင်စင်များ ထုတ်ပေးထားပြီး အရောင်းဆိုင်တွေကို တစ်နိုင်ငံလုံးမှာ ကြပ်မတ်စစ်ဆေးလျက်ရှိပါတယ်။

### ယာယီလိုင်စင် ၁၅၆ခု

ဒေသန္တရ ရေနံချက်လုပ်ခြင်းလုပ်ငန်း ယာယီလိုင်စင်တွေကို အခမဲ့ထုတ်ပေးနေပြီး ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့တွေနဲ့ ပူးပေါင်းပြီး ယာယီလိုင်စင် ၁၅၆ ခုအထိ ချထားပေးနိုင်ပါတယ်။ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ ပုဂ္ဂလိကကို အပြီးအပိုင်လွှဲပြောင်းရောင်းချခဲ့တဲ့ နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင် ၂၆၁ ဆိုင်ရှိပါတယ်။ တစ်နှစ်တာကာလအတွင်းမှာ စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင်နဲ့ ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင် ၂၅၆ ဆိုင်၊ စက်သုံးဆီတိုက်ရိုက်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်နဲ့ ပုဂ္ဂလိကစက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရေးစခန်း နှစ်ခု၊ ရေယာဉ်များကို စက်သုံးဆီ တိုက်ရိုက်ဖြန့်ဖြူး

**အထူးကဏ္ဍ (ခ) သို့ »»**

**ဝန်ကြီးဌာနအနေနဲ့ တစ်နှစ်တာကာလအတွင်း လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေကို အသစ်တိုးချဲ့ခြင်း၊ ပြုပြင်မွမ်းမံပြီး လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ထုတ်လုပ်နိုင်ဖို့ ဆောင်ရွက်ခြင်း၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ လျှပ်စစ်ဓာတ်အားလိုင်းနဲ့ ခွဲရုံတွေကို တိုးချဲ့ အဆင့်မြှင့်တင်တည်ဆောက်ခြင်းနဲ့ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေပြီး ပိုမိုတိုးတက်ပို့လွှတ်နိုင်ဖို့နဲ့ ဓာတ်အားဖြန့်ဖြူးရာမှာ တည်ငြိမ်တဲ့ဗို့အားနဲ့ တိုးတက်ဖြန့်ဖြူးပေးနိုင်ဖို့ အကောင်အထည်ဖော်ခြင်း၊ ရှုပ်ထွေး ဆားဗစ်ကြိုးများ ရှင်းလင်းခြင်းလုပ်ငန်းတွေကို အဓိကဆောင်ရွက်နိုင်ခဲ့ပါတယ်။**


မွန်ပြည်နယ်အတွင်း မော်လမြိုင် ၇၈ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။



မန္တလေးတိုင်းဒေသကြီး မြင်းခြံ ၁၃၃ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

**အထူးကဏ္ဍ (က) မှ »»**
ရောင်းချခွင့်လိုင်စင် သုံးခုနဲ့ လေယာဉ်ဆီ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ၁၁ ခုတို့ကို ခွင့်ပြုပေးခဲ့ပါတယ်။

မေး။ ။ မြန်မာနိုင်ငံမှာ လျှပ်စစ်မီးပေးဝေနိုင်တဲ့ပမာဏနဲ့ လိုအပ်ချက်တွေကိုလည်း သိလိုပါတယ်ရှင့်။

ဖြေ။ ။ မြန်မာနိုင်ငံမှာ အိမ်ထောင်စု ၁၀ ဒသမ ၈ သန်းရှိတဲ့အနက် ၃၇ ရာခိုင်နှုန်းကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး ၆၃ ရာခိုင်နှုန်းက လိုအပ်လျက်ရှိပါတယ်။ လက်ရှိမှာ National Electrification Plan-NEP အရ ကမ္ဘာ့ဘဏ်ချေးငွေ ဒေါ်လာ သန်း ၃၁၀ နဲ့ လျှပ်စစ်ဓာတ်အားရရှိရေးဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်ရဲ့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်က တစ်နှစ်ကို ၁၅ ရာခိုင်နှုန်းကနေ ၁၇ ရာခိုင်နှုန်းအထိ နှစ်စဉ်မြင့်တက်နေပါတယ်။ ဒါကြောင့် လျှပ်စစ်ဓာတ်အားကို ပိုပြီး တည်ငြိမ်စွာဖြန့်ဖြူးနိုင်အောင် ရေအား၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးနဲ့ ပြည့်ဖြိုးမြဲစွမ်းအင်တွေပါဝင်တဲ့ Energymix ကို အကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်။

မေး။ ။ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လျှပ်စစ်ဓာတ်အားပိုမိုရရှိ ဖြန့်ဖြူးပေးဝေနိုင်အောင် ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေရှိရင်လည်း ပြောပြပေးပါရှင့်။

**အိမ်ထောင်စု ၆၂၆၇၅၈ စု**

ဖြေ။ ။ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်ကနေ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ငါးနှစ်စီမံကိန်းအဖြစ် ၁၁ ကေဗွီဓာတ်အားလိုင်းကနေ နှစ်မိုင်ပတ်လည်ကျေးရွာ ၅၀၈၀ မှာရှိတဲ့ အိမ်ထောင်စု ၆၂၆၇၅၈ စုကို လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်နေပါတယ်။ တစ်ဖက်မှာလည်း ဒေသတွင်းဖွံ့ဖြိုးရေးစီမံကိန်းအဆင့် (၁) အနေနဲ့ JICA ကပေးအပ်တဲ့ ချေးငွေ ဂျပန်ယန်း ၄ ဒသမ ၅၇၁ ဘီလီယံကို အသုံးပြုပြီး ပြည်နယ်နဲ့ တိုင်းဒေသကြီး အသီးသီးမှာ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်နေပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်းတောင်ကြီး၊ လွိုင်လင်နဲ့ လင်းခေးခရိုင်တွေမှာရှိတဲ့ ကျေးရွာ ၄၀၆ ရွာ၊ အိမ်ထောင်စုဝင် ၃၅၉၈၃ ဦးတို့အတွက် လျှပ်စစ်မီးရရှိရေးကို ဂျာမနီနိုင်ငံအစိုးရရဲ့ KfW (IDA) ချေးငွေယူရိုသန်း ၃၀ နဲ့ ဆောင်ရွက်နေပါတယ်။

မေး။ ။ ဓာတ်အားအပြည့်အဝရရှိရေးနဲ့ ဆုံးရှုံးမှုတွေ မဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်ပေးနေတာတွေရှိရင် ပြောပြပေးပါ။

ဖြေ။ ။ ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတွေမှာ ပုဂ္ဂလိကဘဏ္ဍာငွေ ရင်းနှီးမြှုပ်နှံမှုကိုတိုးမြှင့်ဆောင်ရွက်လို့ လက်ရှိ တစ်ယူနစ်ရောင်းချတိုင်း ၂၁ ကျပ် အရှုံးပေါ်နေတာကို ကာမိဖို့ ထိန်းသိမ်းပေးနေပါတယ်။ ဓာတ်အားလိုအပ်ချက်ကိုလျှော့ချနိုင်ဖို့ စွမ်းအင်ချွေတာရေးနဲ့ ထိရောက်စွာအသုံးချရေးကို ပြည်သူတွေ သိရှိလာဖို့ အသိပညာပေးမှုတွေ လုပ်ဆောင်နေပါတယ်။ ဓာတ်အားပျောက်ဆုံးမှုဖြစ်မလာအောင် လျှပ်စစ်ဓာတ်အားကို တရားမဝင် ချိတ်ဆက်သုံးစွဲနေတာတွေကို ကာကွယ်နိုင်ဖို့ ပြည်သူတွေပူးပေါင်းပါဝင်ဖို့ လိုအပ်ပါတယ်။

မေး။ ။ လျှပ်စစ်ဓာတ်အားပေးဝေခြင်းလုပ်ငန်းမှာ ဘယ်လိုအခက်အခဲတွေ ကြုံတွေ့နေရပါသလဲ။

ဖြေ။ ။ လက်ရှိမှာ ရေအားကို အဓိကထားပြီး ဒုတိယမှာ သဘာဝဓာတ်ငွေ့နဲ့ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနေပါတယ်။ ဈေးနှုန်းသက်သာပေမယ့် ရေအားလျှပ်စစ်စီမံကိန်းတွေဟာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲတွေ ရှိပါတယ်။ တည်ဆောက်ချိန်ကြာမြင့်ပါတယ်။ ရာသီဥတုအခြေအနေအရ ဓာတ်အားလိုအပ်ချက်အပေါ် မူတည်ပြီး မောင်းနှင်ဖို့ အခက်အခဲရှိပါတယ်။ ဒီလိုစိန်ခေါ်မှုတွေ အများကြီးရှိတဲ့ လုပ်ငန်းဖြစ်ပါတယ်။

သဘာဝဓာတ်ငွေ့နဲ့ ဓာတ်အားထုတ်ရာမှာဆိုရင်လည်း လက်ရှိစက်ရုံတွေရဲ့ စွမ်းဆောင်ရည် ကျဆင်းလာတာ၊ ပုဂ္ဂလိက ဓာတ်အား ထုတ်လုပ်သူတွေထံကနေ

**အထူးကဏ္ဍ (ဂ) သို့ »»**



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သီလဝါ ၅၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

**ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတွေမှာ ပုဂ္ဂလိကဘဏ္ဍာငွေ ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ဆောင်ရွက်လို့ လက်ရှိ တစ်ယူနစ်ရောင်းချတိုင်း ၂၁ ကျပ် အရှုံးပေါ်နေတာကို ကာမိဖို့ ထိန်းသိမ်းပေးနေပါတယ်။ ဓာတ်အားလိုအပ်ချက်ကိုလျှော့ချနိုင်ဖို့ စွမ်းအင်ချွေတာရေးနဲ့ ထိရောက်စွာအသုံးချရေးကို ပြည်သူတွေ သိရှိလာဖို့ အသိပညာပေးမှုတွေ လုပ်ဆောင်နေပါတယ်။ ဓာတ်အားပျောက်ဆုံးမှုဖြစ်မလာအောင် လျှပ်စစ်ဓာတ်အားကို တရားမဝင် ချိတ်ဆက်သုံးစွဲနေတာတွေကို ကာကွယ်နိုင်ဖို့ ပြည်သူတွေ ပူးပေါင်းပါဝင်ဖို့ လိုအပ်ပါတယ်။**

အထူးကဏ္ဍ (ခ) မှ »»

ဓာတ်အားဝယ်ယူဖြန့်ဖြူးရလို့ နိုင်ငံတော်က ပိုပြီးအရှုံးခံရတယ်။ Energymix မှာ တစ်ခုအပါအဝင်ဖြစ်တဲ့ ကျောက်မီးသွေးကို ပြည်သူတွေရဲ့ သဘောဆန္ဒအရ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုမရှိဘူး။ နှစ်ပေါင်းများစွာ တည်ဆောက်ထားခဲ့တဲ့ ဓာတ်အားလိုင်းနဲ့ ခွဲရုံတွေ အဆင့်မြှင့်တင်ဖို့ ဘဏ္ဍာငွေလိုအပ်နေတယ်။ Energymix ကို အရင်ရေးဆွဲခဲ့ဖူးတဲ့ Long Term Energy Master Plan အတိုင်း အကောင်အထည်ဖော်ဖို့ အခက်အခဲတွေ ရှိပါတယ်။

### အခက်အခဲအဖြေရှာ

ကုန်းပိုင်းနှင့်ကမ်းလွန် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်တွေရဲ့ ထုတ်လုပ်မှုသက်တမ်း ကြာမြင့်လာတဲ့အတွက် အထွက်နှုန်း ကျဆင်းလာခြင်း၊ ကမ္ဘာ့ရေနံဈေးနှုန်း ကျဆင်းလာခြင်းကြောင့် ရေနံနဲ့ သဘာဝဓာတ်ငွေ့ဝင်ငွေအပေါ် မှီခိုနေတဲ့ နိုင်ငံ့ဝင်ငွေ လျော့နည်းလာခြင်း၊ စီမံကိန်းများတိုးချဲ့ခြင်း၊ ရေနံအထွက်တိုးဖို့ တွင်းအသစ်တွေ ရှာဖွေတူးဖော်ခြင်း စတဲ့အခက်အခဲတွေကို အဖြေရှာ ဆွေးနွေးလျက်ရှိပါတယ်။

**မေး။ ။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတွေကိုရော စနစ်တကျ အသုံးပြုကြဖို့အတွက် ဘယ်လို အကြံဉာဏ်တွေပေးချင်ပါသလဲ။**

ဖြေ။ ။ ၂၀၁၆ ခုနှစ် မတ်လကနေ ဒီနေ့အထိ လျှပ်စစ်ဓာတ်အား ပေါ့လျော့စွာသုံးစွဲမှုကြောင့် မီးလောင်မှု ၈၉ ကြိမ်ဖြစ်ပွားခဲ့ပြီး တန်ဖိုး ၁၀ ဒသမ ၃၄ ကျပ်သန်း ဆုံးရှုံးခဲ့ပါတယ်။ ဓာတ်လိုက်မှုဖြစ်စဉ်ပေါင်း ၂၄၀ မှာ သေဆုံးသူ ၂၀၃ ဦးနဲ့ ဒဏ်ရာရသူ ၈၄ ဦး ရှိခဲ့ပါတယ်။

### စိန်ခေါ်မှုတစ်ရပ်

လျှပ်စစ်ဓာတ်အားသုံးစွဲမှုနဲ့ပတ်သက်ပြီး ပြည်သူလူထုအနေနဲ့ လျှပ်စစ်ဆိုင်ရာ အသိပညာ အားနည်းမှုများရှိနေတဲ့အတွက် အသိပညာပေးခြင်း လက်ကမ်းစာစောင်ဖြန့်ဝေပေးပါတယ်။ ဟောပြောပွဲတွေပြုလုပ်ပါတယ်။ ဒါပေမယ့် ပြည်သူတွေအနေနဲ့ သတိပေးချက်တွေအပေါ်မှာ အထူးအလေးထားဆောင်ရွက်တာ အားနည်းနေရခြင်းကလည်း စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါတယ်။

ပြည်သူတွေအနေနဲ့ မိမိတို့နေအိမ်အတွင်းမှာ လျှပ်စစ်ဓာတ်အားသုံးစွဲဖို့အတွက် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနဲ့ စစ်ဆေးရေး ဦးစီးဌာန၊ EI (Electrical Inspection) လျှပ်စစ်စစ်ဆေးရေးဌာနအဖွဲ့ကနေ မွေးထုတ်ပေးနေတဲ့ အိမ်တွင်းဝါယာသွယ်တန်းခြင်း လုပ်ငန်း လျှပ်စစ်ကျွမ်းကျင်လက်မှတ်ရ လုပ်သားတွေနဲ့ မီးသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ ဈေးနှုန်းသက်သာပြီး ဝန်အားမမျှတတဲ့ ဝါယာတွေနဲ့ ဈေးကွက်ထဲက အရည်အသွေးမပြည့်မီတဲ့ လျှပ်စစ်ပစ္စည်းတွေကို ဝယ်ယူသုံးစွဲနေတာတွေကလည်း လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေးအတွက် အဟန့်အတားတွေ ဖြစ်ပါတယ်။

**မေး။ ။ တစ်နှစ်တာအတွင်းမှာ ဝန်ကြီးဌာနအနေနဲ့ ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေရော ရှိပါသလား။**

ဖြေ။ ။ ဝန်ကြီးဌာနအနေနဲ့ဓာတ်အားခ ရောင်းချရာမှာ တစ်ယူနစ်ပျမ်းမျှ ၆၉ ဒသမ ၁၇ ကျပ်ဖြစ်ပြီး ထုတ်လုပ်မှုစရိတ်ကို တွက်ချက်ကြည့်ရင် တစ်ယူနစ်ကို ၈၉ ဒသမ ၃၉ ကျပ်ရှိတာကြောင့် ပြည်သူတွေ တစ်ယူနစ်သုံးစွဲတိုင်း ၂၀ ဒသမ ၂၂ ကျပ်ရှုံးနေတာ ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် အရှုံးပေါ်မယ့် ငွေကျပ် ၃၃၃ ဘီလီယံနှင့် ဓာတ်အားထုတ်လုပ်ရန် Gas ဖိုးကုန်ကျစရိတ်ကို ဝန်ကြီးဌာနရဲ့ သာမန်အသုံးစရိတ်မှ သုံးစွဲပေးချေနေတာဖြစ်ပါတယ်။

ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ဖို့ ငွေလုံးငွေရင်း အသုံးစရိတ်လျော့နည်းခဲ့တာကြောင့် လက်ရှိဆောင်ရွက်လျက်ရှိတဲ့ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးတွေကို ပြီးစီးရမယ့်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ တည်ဆောက်ရေးကာလပိုမိုကြာမြင့်မှုတွေကလည်း ကျွန်တော်တို့ကြုံတွေ့ရတဲ့ အခက်အခဲတစ်ရပ်ဖြစ်ပါတယ်။

အထူးကဏ္ဍ (ဃ) သို့ »»



၂၃၀ ကေဗွီ တောင်တွင်းကြီး-ရွှေတောင် ဓာတ်အားလိုင်းကို တွေ့ရစဉ်။

ကုန်းပိုင်းနှင့် ကမ်းလွန် ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ကွက်တွေရဲ့ ထုတ်လုပ်မှု သက်တမ်းကြာမြင့်လာတဲ့ အတွက် အထွက်နှုန်းကျဆင်း လာခြင်း၊ ကမ္ဘာ့ရေနံဈေးနှုန်း ကျဆင်းလာခြင်းကြောင့် ရေနံနဲ့ သဘာဝဓာတ်ငွေ့ဝင်ငွေ အပေါ် မှီခိုနေတဲ့ နိုင်ငံ့ဝင်ငွေ လျော့နည်းလာခြင်း၊ စီမံကိန်း များ တိုးချဲ့ခြင်း၊ ရေနံအထွက် တိုးဖို့ တွင်းအသစ်တွေ ရှာဖွေတူးဖော်ခြင်း စတဲ့ အခက်အခဲတွေကို အဖြေရှာ ဆွေးနွေးလျက်ရှိပါတယ်။




ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများအစားထိုးလဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သည်။

ကြေးမုံ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

**တစ်နှစ်တာအတွင်းမှာ လျှပ်စစ်နဲ့ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ဆောင်ချက်တွေက အများကြီး ရှိပါတယ်။ ပြည်သူလူထု အပြည့်အဝကျေနပ်မှုရရှိမယ်လို့ မမျှော်လင့်ပေမယ့် ပြည်သူတို့ရဲ့ ဝန်ဆောင်မှုတွေကို ဆောင်ရွက်ပေးရတဲ့ ဝန်ထမ်းတွေပီပီ ကိုယ်နဲ့သက်ဆိုင်တဲ့ ကဏ္ဍအပေါ်မှာ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်**


လေယာဉ်ဆီဖြည့်တင်းသည့်ဌာနများကို ဖက်စပ်လုပ်ငန်းပြောင်းလဲဆောင်ရွက်ထားသည်။

**အထူးကဏ္ဍ (၈) မှ »»**

ဒါတင်မကသေးပါဘူး။ ဓာတ်အားပေးစက်ရုံတွေကနေထွက်ရှိတဲ့ ဓာတ်အားကို ဖြန့်ဖြူးပေးဖို့အတွက် ဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံတွေ တည်ဆောက်ရာမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြီးစီးခဲ့သည့် စီမံကိန်းလုပ်ငန်း ၆၀ အတွက်ပေးချေဖို့ ငွေကျပ် ၅၉ ဒသမ ၁ ဘီလီယံ၊ ရင်းနှီးမြှုပ်နှံသူတွေ ဆောင်ရွက်တဲ့ ဆိုင်းငံ့ကာလပါဝင်တဲ့ အရစ်ကျငွေချေစနစ်နဲ့ဆောင်ရွက်တဲ့ စီမံကိန်းငါးခုအတွက် ပေးချေဖို့ ငွေကျပ် ၇၃ ဒသမ ၂ ဘီလီယံ၊ နိုင်ငံခြားချေးငွေနဲ့ ဆောင်ရွက်တဲ့ စီမံကိန်းလုပ်ငန်း ခြောက်ခုအတွက် ပေးချေဖို့ ငွေကျပ် ၁၁၀ ဒသမ ၅ ဘီလီယံ စတာတွေကို ကျခံသုံးစွဲရမှာဖြစ်လို့ စီမံကိန်းအသစ်တွေကို ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်ဖို့အတွက် စိန်ခေါ်မှုတွေရှိနေပါတယ်။

မေး။ ။ အခုရောက်ရှိတော့မယ့် နွေရာသီမှာ လျှပ်စစ်ဓာတ်အား အပြည့်အဝပေးအပ်နိုင်ဖို့ စီစဉ်နေတာများ ရှိပါသလားရှင့်။

ဖြေ။ ။ နွေရာသီတွင် အမြင့်ဆုံး ဓာတ်အားလိုအပ်ချက်ကို မဂ္ဂါဝပ် ၃၁၀၀ ခန့် ရှိနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ လက်ရှိမှာ ကျွန်တော်တို့အနေနဲ့ အမှန်တကယ်ဓာတ်အား ထုတ်လုပ်နိုင်မှုအခြေအနေကို လေ့လာကြည့်မယ်ဆိုရင် ၂၈၅၆ မဂ္ဂါဝပ်သာဖြစ်တဲ့အတွက် ဓာတ်အားလိုအပ်ချက် ၂၄၄ မဂ္ဂါဝပ်ခန့် ရှိလာနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့ ရတနာကမ်းလွန်ကနေရရှိတဲ့ သဘာဝဓာတ်ငွေ့ကိုအသုံးပြုပြီး စက်စွမ်းအားကောင်းမွန်တဲ့ စက်တွေနဲ့ လည်ပတ်လိုက်ရင် သဘာဝဓာတ်ငွေ့ တစ်ကုဗပေသန်းမှာ လေးမဂ္ဂါဝပ် ထွက်ရှိပေမယ့် EGAT စက်တွေလည်ပတ်တဲ့အခါ နှစ်မဂ္ဂါဝပ်သာထွက်ရှိတာကြောင့် လက်ရှိရရှိနေတဲ့ဓာတ်ငွေ့တွေကို အသုံးပြုပြီး စက်စွမ်းအားကောင်းမွန်တဲ့စက်တွေ အသုံးပြုပြီး ဦးစားပေးမောင်းနှင်မှာ ဖြစ်ပါတယ်။

### ၆၅ မဂ္ဂါဝပ် ထပ်တိုး

ကျွန်တော်တို့အနေနဲ့ နွေရာသီကာလ ဓာတ်အားလုံလောက်မှုရှိစေဖို့အတွက် ရတနာကမ်းလွန်ကနေရရှိမယ့် သဘာဝဓာတ်ငွေ့ ကုဗပေ သန်း ၃၀ ကို အသုံးပြုပြီး EGAT ဓာတ်အားပေးစက်နဲ့ မောင်းနှင်လည်ပတ်ပြီး ဓာတ်အားစနစ်အတွင်းကို ၆၅ မဂ္ဂါဝပ် ထပ်တိုးပေးအပ်နိုင်ဖို့ လျာထားဆောင်ရွက်နေပါတယ်။

နိုင်ငံပိုင်စက်ရုံတွေ ရပ်တန့်ခြင်း၊ နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကပိုင် သံမဏိနဲ့ သံရည်ကျိုစက်ရုံများရဲ့ ထုတ်လုပ်မှု ရပ်တန့်လျှော့ချခြင်းနဲ့ လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွေမှာ ဝန်အားအများဆုံးသုံးစွဲချိန် အသုံးပြုခြင်းမရှိဘဲ ညဥ့်နက်ပိုင်းအချိန်မှသာ အသုံးပြုခြင်းဖြင့် ၁၀၀ မဂ္ဂါဝပ်လောက် သုံးစွဲမှုလျော့နည်းသွားမှာ ဖြစ်ပါတယ်။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး အစရှိတဲ့ မြို့ကြီးများမှာလည်း လမ်းမီးတွေကို တစ်တိုင်ကြား ထွန်းညှိလျှော့ချခြင်းနဲ့ ၂၀ မဂ္ဂါဝပ်ခန့် ဓာတ်အားသုံးစွဲမှုလျော့နည်းသွားမှာ ဖြစ်ပါတယ်။

### လျစ်လျူရှုလို့မရ

ပြည်နယ်နဲ့ တိုင်းဒေသကြီးအားလုံးမှာ လျှပ်စစ်ဓာတ်အားအသုံးပြုခွင့် လျှော့ချရမှုကို လျော့နည်းသက်သာစေမယ့် နည်းလမ်းကတီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံကို မောင်းနှင် ဓာတ်အားထုတ်လုပ်နိုင်ပြီး ၆၀ မဂ္ဂါဝပ်ခန့် ရရှိနိုင်ပါတယ်။ ဒါပေမယ့် တစ်ဖက်မှာလည်း ဒေသခံတွေရဲ့ စိုးရိမ်မှုတွေကိုလည်း လျစ်လျူရှုလို့မရပါဘူး။ အဲဒါကြောင့် လာမယ့် ဧပြီလ၊ မေလနဲ့ ဇွန်လတွေမှာ ဝန်အားအများဆုံးသုံးစွဲချိန်တွေဆိုရင် အချိန်ပိုင်းအလိုက် အလှည့်ကျဝန်အားလျှော့ချတဲ့ စနစ်ကို ကျင့်သုံးပြီး ဓာတ်အားစနစ်အတွင်း ဓာတ်အားသုံးစွဲမှု ၆၀ မဂ္ဂါဝပ် လျော့နည်းစေဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အခုအချိန်မှာ သဘာဝဓာတ်ငွေ့သုံးစက်ရုံတွေကနေ ဓာတ်အားကို ပိုမိုထုတ်လုပ်ပြီး ရေအားလျှပ်စစ်စက်ရုံတွေရဲ့ ဓာတ်အားထုတ်လုပ်မှုကို ထိန်းညှိလျှော့ချပြီး ဆည်ရေစုဆောင်းသွားမှာ ဖြစ်ပါတယ်။ ဒါမှလည်း လာမယ့်နွေရာသီအတွက် ဓာတ်အားလိုအပ်ချက်ကို ရေအားစက်ရုံတွေကနေ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ဖို့ စီစဉ်ထားပါတယ်။

မေး။ ။ ဖြည့်စွက်ပြောကြားလိုတဲ့အချက်တွေရှိရင်လည်း ပြောနိုင်ပါတယ်ရှင့်။

ဖြေ။ ။ တစ်နှစ်တာအတွင်းမှာ လျှပ်စစ်နဲ့ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ဆောင်ချက်တွေက အများကြီးရှိပါတယ်။ ပြည်သူလူထုအပြည့်အဝကျေနပ်မှုရရှိမယ်လို့ မမျှော်လင့်ပေမယ့် ပြည်သူတွေကိုဝန်ဆောင်မှုပေးရတဲ့ ဝန်ထမ်းတွေပီပီ ကိုယ်နဲ့သက်ဆိုင်တဲ့ ကဏ္ဍအပေါ်မှာ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ဆိုတဲ့အကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။

အခုလို စိတ်ရှည်လက်ရှည် ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင့်။




CNG ယာဉ်များကို ယာဉ်အမျိုးအစားအလိုက် CNG အိုလီဗာပမာဏ တိုးမြှင့်တပ်ဆင်ခွင့်ပြုခဲ့သည်။

# ချင်းပြည်နယ် အစိုးရအဖွဲ့၏ တစ်နှစ်တာ

**ချင်းပြည်နယ်သည် ကုန်းလမ်းခရီးဖြင့်သာ ဆက်သွယ်နိုင်သည့် ပြည်နယ်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုများ၊ စားနပ်ရိက္ခာပြတ်တောက်မှုများနှင့် ကြုံတွေ့ရသည့်အချိန်ရှိခဲ့သည့်အတွက် ယခုအခါ ချင်းပြည်နယ် မြောက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်း တည်ဆောက်ရန်နှင့် ချင်းပြည်နယ် တောင်ပိုင်းတွင် သင်္ဘောဆိပ်ကမ်းတည်ဆောက်ရန် ပြည်နယ်အစိုးရက စီစဉ်ဆောင်ရွက်နေသည်။**

မောင်ချင်းဒွေ



ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်။

ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်ဒေသဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး၏ အနောက်ဘက်၊ ရခိုင်ပြည်နယ်၏ မြောက်ပိုင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အရှေ့ဘက်၊ အိန္ဒိယနိုင်ငံ၏ အနောက်မြောက်ဘက်၊ မီဇိုရမ်ပြည်နယ်၏ အရှေ့ဘက်တွင် တည်ရှိသည်။ တောင်စွယ်တောင်တန်းများဖြင့် ဖွဲ့စည်းထားသည့် အဆိုပါဒေသသည် ချင်းလူမျိုးများ၏ ဌာနေ ချင်းတောင်ပင်ဖြစ်သည်။

**မြို့နယ် ကိုးမြို့နယ်ဖြင့်ဖွဲ့စည်းထား**

ချင်းပြည်နယ်သည် ကန်ပက်လက်မြို့နယ်၊ မင်းတပ်မြို့နယ်၊ ပလက်ဝမြို့နယ်၊ မတူပီမြို့နယ်၊ ဟားခါးမြို့နယ်၊ ဖလမ်းမြို့နယ်၊ တီးတိန်မြို့နယ်၊ တွန်းဇံမြို့နယ်နှင့် ထန်တလန်မြို့နယ်ဟူသည့် ကိုးမြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။

ချင်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းကို ဆက်သွယ်ထားသည့်လမ်းများတွင် တံတားများ တည်ဆောက်နေဆဲဖြစ်ပြီး ဆောက်လုပ်ပြီးစီးပါက ချင်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်း တစ်မြို့နယ်နှင့် တစ်မြို့နယ် ဆက်သွယ်ရေးအဆင်ပြေလာမည်ဖြစ်သည်။

**အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ**

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁ ရက်အထိ ချင်းပြည်နယ် ထန်တလန်မြို့တွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။

မင်းတပ်မြို့၌ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် မဟာဓာတ်အားလိုင်း လျှပ်စစ်မီးရရှိထားပြီးဖြစ်ကာ ကျန်ရှိနေသေးသော ပလက်ဝ၊ မတူပီ၊ ကန်ပက်လက်မြို့တို့တွင်လည်း မဟာဓာတ်အားလိုင်း လျှပ်စစ်မီးရရှိရန် ချင်းပြည်နယ်အစိုးရက ဆက်လက်ဆောင်ရွက်နေသည်။

**၁၂ နာရီနှင့် အရောက်သွားနိုင်အောင်**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က "တစ်နှစ်တာအတွင်း လုပ်ဆောင်မှုကတော့ အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေးကို အဓိကထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ချင်းပြည်နယ်တောင်ဘက်စွန်းနဲ့ မြောက်ဘက်စွန်း မိုင်ပေါင်း ၅၀၀ ကျော်ကို ၁၂ နာရီနဲ့ သွားနိုင်တဲ့လမ်းဖြစ်အောင် ကြိုးစားနေပါတယ်။

"ကျီးခါးမြို့နယ် အင်ဖာလ်မှာဆိုရင် အေးအီးယာန်းနဲ့ ခင်မာန်းရွာကြားမှာ တံတားထိုးပြီး နယ်စပ်စျေးဖွင့်ဖို့ စီစဉ်ထားတာရှိပါတယ်။ တွန်းဇံမြို့နှင့် ကျီးခါးမြို့ကြားမှာရှိတဲ့ နတ်ဇန်တံတားကို တည်ဆောက်နေဆဲဖြစ်ပါတယ်။ ပေ ၄၀၀ အရှည်ရှိတဲ့ နှာရိန်နဲ့ ရီဇွာကြား ဘွေနူးတံတား၊ မြစ်ရည်တံတားကို လက်ရှိ တည်ဆောက်နေဆဲ ဖြစ်ပါတယ်။ တွန်းဇံတံတား ပေ ၆၀၊ အိုင်စီတံတား၊ တီးတိန်နဲ့ တွန်းဇံကြားမှာ ဗာလ်ကျင်းတံတားပေ ၆၀ နီးပါးရှိပါတယ်။ ကလေးနဲ့ နတ်ချောင်းကြားမှာရှိတဲ့ ငစစ်ဗားက တံတားပေ ၆၀၊ အိုင်စီတံတားကြီး တည်ဆောက်လျက်ရှိပါတယ်"ဟု ပြောသည်။

**လေယာဉ်ကွင်း၊ သင်္ဘော၊ ဆိပ်ကမ်း တည်ဆောက်မည်**

ချင်းပြည်နယ်သည် ကုန်းလမ်းခရီးဖြင့်သာ ဆက်သွယ်နိုင်သည့်ပြည်နယ်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုများ၊ စားနပ်ရိက္ခာပြတ်တောက်မှုများနှင့် ကြုံတွေ့ရသည့်အချိန် ရှိခဲ့သည့်အတွက် ယခုအခါ ချင်းပြည်နယ် မြောက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်း တည်ဆောက်ရန်နှင့် ချင်းပြည်နယ်တောင်ပိုင်းတွင် သင်္ဘောဆိပ်ကမ်း တည်ဆောက်ရန် ပြည်နယ်အစိုးရက စီစဉ်ဆောင်ရွက်နေသည်။

အစိုးရသစ်တက်ပြီးနောက်ပိုင်း ချင်းပြည်နယ်အတွင်း အလုပ်အကိုင်နှင့် စီးပွားရေး အခွင့်အလမ်းများတိုးမြှင့်ဖန်တီးပြီး ဒေသဝမ်းစာဖူလုံရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ဦးတည်ရည်မှန်းဆောင်ရွက်လျက်ရှိရာ

**အထူးကဏ္ဍ (စ) သို့ »»**



ဖလမ်းမြို့ ၆၆/၁၁ ကေဗွီအေ ဓာတ်အားခွဲရုံကို တွေ့ရစဉ်။

နိုင်ငံတော်အစိုးရ၏
ကြေးမုံ
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

အထူးကဏ္ဍ (င) မှ »»

ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးမွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး၊ အခြေခံ အဆောက်အအုံများ ပိုမိုကောင်းမွန်လာရေး၊ အသေးစား၊ အလတ်စား စက်မှုလက်မှု ဖွံ့ဖြိုး တိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင် ရွက်ရေး၊ မြို့ပြဖွံ့ဖြိုးစည်ပင်သာယာရေးလုပ်ငန်း များ ပိုမိုမြှင့်တင်ဆောင်ရွက်ရန်၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်း များကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် လမ်းပန်း ဆက်သွယ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက် ရန် မူဝါဒများထားရှိဆောင်ရွက်နေသည်။

"ချင်းပြည်နယ်မှာ လမ်းပန်းဆက်သွယ် ရေးအတွက်လည်း လေယာဉ်ကွင်း ၊ သဘော်ာ ဆိပ်ကမ်း၊ ဘူတာရုံမရှိတာကြောင့် ကျွန်တော် တို့အနေနဲ့ ချင်းပြည်နယ် ဖလမ်းမြို့မှာ ပြည်တွင်း ပြည်ပနဲ့ ဆက်သွယ်နိုင်တဲ့ အပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်း တည် ဆောက်ပြီး လေယာဉ် အမြန်ဆုံးဆင်းနိုင် အောင် ကြိုးစားဆောင်ရွက်နေပါတယ်။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နဲ့ ဒုတိယ သမ္မတ ဦးဟင်နရီဗန်ထီးယူတို့ လာရောက် လေ့လာကြည့်ရှုစစ်ဆေးပြီး လိုအပ်တာတွေ လမ်းညွှန်ခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ မကြာမီဖွင့်လှစ်နိုင်ဖို့ ကြိုးစားနေပါတယ်။

**မြန်မြန်ဆန်ဆန်တိုးတက်**

"နောက် ပလက်ဝမှာလည်း သဘော်ာဆိပ် ကမ်းကို မင်းတပ်နဲ့ပူးပေါင်းပြီး လုပ်ဆောင်နေ တဲ့ သဘော်ာဆိပ်ခံတံတားကြီးဟာ အိန္ဒိယ ကုမ္ပဏီကနေ တည်ဆောက်ပေးတာဖြစ်ပါတယ်။ အခု ဆောက်လုပ်တာ ပြီးသွားပြီဖြစ်ပါတယ်။ ချင်းပြည်နယ်အနေနဲ့ ရေလမ်း၊ ကုန်းလမ်း၊ လေကြောင်း စတဲ့ နိုင်ငံခြားထွက်ပေါက်ရှိတဲ့ အခါ ကုန်သွယ်ရေး၊ စီးပွားရေးလုပ်ငန်းများ မြန်မြန်ဆန်ဆန်တိုးတက်လာမယ်လို့ မျှော်လင့် ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

၂၀၁၅ ခုနှစ် ကိုမန်မုန်တိုင်းကြောင့် ချင်း ပြည်နယ်နေရာအနှံ့အပြားတွင် ဘေးအန္တရာယ် များ ကြုံတွေ့ခဲ့ရပြီး သဘာဝဘေးသင့်ပြည်သူ များအတွက် နေရာချထားပေးပြီးဖြစ်သည်။ အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန် လာရေးနှင့် မြို့ပြဖွံ့ဖြိုးစည်ပင်သာယာရေး လုပ်ငန်းများ ပိုမိုမြှင့်တင်ရန် စီစဉ်ဆောင်ရွက် လျက်ရှိသည်။

အထူးကဏ္ဍ (ဆ) သို့ »»



ဟားခါး-ဖလမ်း ၆၆ ကေဗွီဓာတ်အားလိုင်း ၂၅ မိုင် တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။



ဟားခါးမြို့ ၁၁ ကေဗွီလိုင်းနှင့် ၄၀၀ ဗို့လိုင်း တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။



မင်းတပ်မြို့ ၆၆/၁၁ ကေဗွီ(၅အမ်ဗွီအေ)ဓာတ်အားခွဲရုံကို တွေ့ရစဉ်။



ချင်းပြည်နယ်အတွင်းရှိ လမ်းမများကို JICA က ပူးပေါင်းဆောင်ရွက်မှုဖြင့် အဆင့်မြှင့်တင်လျက်ရှိသည်။

**အိမ်တွင်းမှုစက်မှုလက်မှုလုပ်ငန်းနဲ့ ပတ်သက်ပြီး ဟားခါး၊ ဖလမ်း၊ မင်းတပ်မြို့နယ်တို့မှာ စက်မှုလက်မှုလုပ်ငန်းအနေနဲ့ ရက်ကန်းကျောင်းမှာ စက်ရက်ကန်းနဲ့ အထည်တွေ ထုတ်နေတာရှိပါတယ်။ ပိုးထည်လုပ်ငန်း တွင်တွင်ကျယ်ကျယ်နဲ့ လုပ်မယ်ဆိုရင် ချင်းရိုးရာဝတ်စုံ တွေကို ထုတ်လာမယ်။ ထုတ်လာပြီးတော့ တစ်ဖက်က ပိုးမွေးမြူရေးလုပ်ငန်းလည်း အောင်မြင်လာမယ်။ တစ်ဖက်က အိမ်တွင်းစက်မှုလက်မှုထွန်းကားလာရင် အလုပ်လက်မဲ့ကိုလည်း ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်**

**အထူးကဏ္ဍ (၈) မှ »»**

**Town Plan ရေးဆွဲဆောင်ရွက်**

ချင်းပြည်နယ်ဝန်ကြီးချုပ်က "ချင်းပြည်နယ်အတွင်းမှာ အစိုးရအနေနဲ့ Town Plan ရေးဆွဲထားတာရှိပါတယ်။ ဟားခါး၊ ဖလမ်း၊ ပလက်ဝဆိုပြီး မြို့သုံးမြို့ကို Town Plan ရေးဆွဲပြီး မြို့သစ်စီမံကိန်း၊ မြို့ပြစီမံကိန်း ဖွံ့ဖြိုးတိုးတက်ဖို့ အရေးတကြီးဆောင်ရွက်လျက်ရှိပါတယ်။ ကျန်တဲ့မြို့တွေကိုလည်း မြို့ပြစီမံကိန်းအဖြစ် ဆက်လက်ရေးဆွဲပြီး အကောင်အထည်ဖော်ဖို့ စီစဉ်ထားပါတယ်။

"ချင်းပြည်နယ်ရဲ့ သဘာဝတောတောင်အလှတွေကို လာပြီးတော့ လေ့လာချင်တဲ့ ကမ္ဘာလှည့်ခရီးသည်တွေ လာနိုင်အောင် ခေါ်နူးဆုမ် Natural Park နဲ့ ဖလမ်းမြို့နယ်မှာလည်း ဇိန်မှုတောင်ပတ်ဝန်းကျင် ဧက ၁၀၀၀၀ ကျော် ကြိုးစားဖော်ဆောင်လျက်ရှိပါတယ်။ အဲဒါတွေအောင်မြင်ရင် လမ်းပန်းဆက်သွယ်ရေး၊ တစ်ဖက်က နိုင်ငံခြားကနေလာရောက်ကြမယ့် ကမ္ဘာလှည့်ခရီးသည်တွေ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းလည်း ချင်းပြည်နယ်မှာ အကောင်အထည်ဖော်ဖို့ စီမံကိန်းရေးဆွဲပြီး ဆောင်ရွက်လျက်ရှိပါတယ်"ဟု ချင်းပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

**အိမ်တွင်းစက်မှုလက်မှု**

ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရန် အသေးစား၊ အလတ်စား၊ စက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးချုပ်က ပြောကြားရာတွင် "အိမ်တွင်းမှုစက်မှုလက်မှုလုပ်ငန်းနဲ့ ပတ်သက်ပြီး ဟားခါး၊ ဖလမ်း၊ မင်းတပ်မြို့နယ်တို့မှာ စက်မှုလက်မှုလုပ်ငန်းအနေနဲ့ ရက်ကန်းကျောင်းမှာ စက်ရက်ကန်းနဲ့ အထည်တွေ ထုတ်နေတာရှိပါတယ်။ ပိုးထည်လုပ်ငန်း တွင်တွင်ကျယ်ကျယ်နဲ့ လုပ်မယ်ဆိုရင် ချင်းရိုးရာဝတ်စုံတွေကို ထုတ်လာမယ်။ ထုတ်လာပြီးတော့ တစ်ဖက်က ပိုးမွေးမြူရေးလုပ်ငန်းလည်း အောင်မြင်လာမယ်။ တစ်ဖက်က အိမ်တွင်းစက်မှုလက်မှု ထွန်းကားလာရင် အလုပ်လက်မဲ့ကိုလည်း ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ပညာရေး၊ ကျန်းမာရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်နေပြီး ဟားခါးကောလိပ်ကို ဒုတိယသမ္မတဦးမြင့်ဆွေ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ပညာရေးကောလိပ်ကိုလည်း ဟားခါးတွင် ဆက်လက်တည်ဆောက်လျက်ရှိကြောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဖွင့်လှစ်နိုင်အောင် ကြိုးစားဆောင်ရွက်နေကြောင်း၊ ဖလမ်းမြို့ရှိ စိုက်ပျိုးရေးသိပ္ပံကိုလည်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ပြီး ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ဟားခါးတွင် နည်းပညာတက္ကသိုလ် ဖွင့်လှစ်နိုင်ရန် ကြိုးစားလျက်ရှိကြောင်း၊ မင်းတပ်မြို့နှင့် မတူပီမြို့တို့တွင်လည်း ကောလိပ်များ ဖွင့်လှစ်နိုင်ရန် တင်ပြထားကြောင်း ချင်းပြည်နယ်ဝန်ကြီးချုပ်၏ ပြောကြားချက်အရ သိရသည်။

**ရေပေးဝေရေးလုပ်ငန်းအတွက် ငွေကျပ် သန်း ၅၀၀၀**

ပြည်နယ်ဝန်ကြီးချုပ်က "နိုင်ငံတော်အကြီးအကဲတွေ လာတဲ့အချိန်မှာ ကျွန်တော်တို့ ဟားခါးမြို့သစ် ကတ္တရာလမ်းခင်းနိုင်ရေးအတွက် စီမံကိန်းရေးဆွဲပြီး တင်ပြခဲ့ပါတယ်။ ရေ၊ မီး၊ လမ်းအားလုံး မကြာမီမှာ အဆင်ပြေသွားမှာ ဖြစ်ပါတယ်။ ဖလမ်းမြို့မှာရှိတဲ့ ရေပေးဝေရေးလုပ်ငန်းက ၂၀၁၅ ခုနှစ်မှာ မိုးရွာသွန်းလို့ ပျက်စီးသွားတဲ့အတွက် ဖလမ်းမြို့ ရေရရှိအောင် နိုင်ငံတော်ကို တင်ပြတဲ့အခါ နိုင်ငံတော်သမ္မတရဲ့ သီးသန့်ရန်ပုံငွေကနေ သန်း ၅၀၀၀ ချထားပေးပါတယ်။ အဲဒီသန်း ၅၀၀၀ နဲ့ ဖလမ်းမြို့ရေပေးဝေရေးလုပ်ငန်းကို တင်ဒါခေါ်ယူပြီး ကျွမ်းကျင်တဲ့ပညာရှင်တွေနဲ့ ဆက်လက်ဆောင်ရွက်နေပါတယ်။ ရေပေးဝေရေးလုပ်ငန်းအောင်မြင်ရင် ဖလမ်းမြို့တစ်မြို့လုံး ဒုက္ခရောက်နေတဲ့ ရေရှားပါးမှုပြဿနာဟာ အဆင်ပြေသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

**သိသာစွာ လျော့ချနိုင်ရေး**

ချင်းပြည်နယ်၌ အလုပ်အကိုင်နှင့် စီးပွားအခွင့်အလမ်းများ တိုးမြှင့်ဖန်တီးပေးခြင်းဖြင့်

**အထူးကဏ္ဍ (၉) သို့ »»**



ချင်းပြည်နယ် ဖလမ်းမြို့နယ် လိုင်ဗားဆည်မှ သောက်သုံးရေသွယ်ယူရေးဆောင်ရွက်နေသည်ကို တွေ့ရစဉ်။


သင်တန်းသူများ ချင်းရိုးရာအထည်ရက်လုပ်နေကြသည်ကို တွေ့ရစဉ်။

အထူးကဏ္ဍ (ဆ) မှ »»

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဒေသဝမ်းစာဖူလုံပြီး ဆင်းရဲနွမ်းပါးမှုကို သိသာစွာလျှော့ချနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့က ဦးတည်ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်သည်။

ပြည်နယ်အစိုးရသည် ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး၊ အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးဟူသည့် မူဝါဒများဖြင့် ဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။

### ရည်မှန်းချက်များ

ကုန်းမြင့်လယ်ယာများ တိုးတက်ဖော်ထုတ်ရန်နှင့် အော်ဂဲနစ်စိုက်ပျိုးရေး အပါအဝင် ဝင်ငွေရသီးနှံများ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ရန်၊ ဒေသနှင့်ကိုက်ညီသော မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရန်၊ ပြည်နယ်အတွင်း၊ ပြည်နယ်အတွင်းနှင့်အပြင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်နိုင်ရေးဆောင်ရွက်ရန်၊ အိမ်တွင်းတစ်နိုင်တစ်ပိုင်နှင့် အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေးမြှင့်တင်ဆောင်ရွက်ရန်၊ လျှပ်စစ်ဓာတ်အား ပိုမိုရရှိရေးဆောင်ရွက်ရန်၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်၊ မြို့ပြဖွံ့ဖြိုးစည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုမြှင့်တင်ဆောင်ရွက်ရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်ရန်၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်၊ ပြည်သူများ အလုပ်လက်မဲ့လျော့နည်းပြီး ဆင်းရဲမှုလျော့ကျလာစေရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ဖန်တီးပေးရန်၊ ပြည်တွင်းနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာအထောက်အပံ့များ တိုးတက်ရရှိရေး ဆောင်ရွက်ရန်၊ နယ်စပ်ကုန်သွယ်မှု ပိုမိုတိုးတက်နိုင်ရေးဆောင်ရွက်ရန်၊ ချင်းပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သုတေသနလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရန်ဟူသည့် ရည်မှန်းချက်များထားရှိပြီး ချင်းပြည်နယ် တိုးတက်ဖွံ့ဖြိုးရေးအတွက် ပြည်နယ်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး၊ အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးဟူသည့် မူဝါဒများဖြင့် ဆောင်ရွက်လျက်ရှိသည်


ဟားခါးမြို့ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းပို့ချနေစဉ်။


ချင်းပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးအတွက် ဂျပ်ခုတ်သင်တန်းပေးနေသည်ကို တွေ့ရစဉ်။


ချင်းပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် မင်းတပ်မြို့ မိုင် ၄၀ မှ အော်လောင်းပန်းရွာသို့ အရှည် ၁၁ မိုင်ရှိ ကားလမ်းကို မတ် ၂၅ ရက်က ဖွင့်လှစ်ပေးခဲ့သည်။